

www.burmeseclassic.com
လျှို့ဝှက်ဆန်းကြယ်စာရေးဆရာကြီး
သုမိုင်ဒေဝ
အသစ်စက်စက် စ/ဆုံး လုံးချင်း
အင်ဝပက်တော်မောင်သံခိပ် နှင့်
ကိုယ်ပွားရုပ်ပွားအမှု
www.burmeseclassic.com

www.burmeseclassic.com

## စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် ၉၉၀/၂၀၀၂(၁၀)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၁၁၄၀/၂၀၀၂(၁၂)

ပထမအကြိမ်
၂၀၀၃ ခုနှစ်၊ ဧပြီလ၊ မေလ
တန်ဖိုး ၃၅၀ ကျပ်
အုပ်ရေ ၅၀၀

အတွင်းအဖုံးပုံနှိပ်သူ
ဒေါ်ခင်စန်းမြင့်(၀၅၅၄၉)
ဟသ်ာပုံနှိပ်တိုက်
၁၁၊ ၀၂၅ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့

ထုတ်ဝေသူ
ဦးခင်မောင်သိန်းဆွေ(၀၇၄၇)
သလ္လာဝတီစာပေ
တိုက် ၂၄၀၊ အခန်း ၃၊
ဇေယျာသုခလမ်း၊ ၂၅ ရပ်ကွက်၊
သုဝဏ္ဏမြို့သစ်၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

မင်းကြီး၏ တာဝန်ပေး စေခိုင်းချက်များအရ ကျွန်ုပ်မှာ အင်စပက်တော် မောင်သံခိပ်၏ နေထိုင်ရာ မြွယာကုန်းလမ်းသို့ ထွက်လာခဲ့သည်။

မောင်သံခိပ်မှာ လူပျို လူလွတ် ဖြစ်သော်လည်း ကျွန်ုပ်တို့ စီအိုင်ဒီဝင်းအတွင်းရှိ အရာရှိရိပ်သာတွင်မနေဘဲ ပြင်ပတွင် အိမ်ငှားလျက် နေထိုင်သည်။

သူ၏မိဘများက သူ့ကို မိဘ လက်ငုပ် လုပ်ငန်းဖြစ်သော ကုန်သည်အလုပ်ကို ဦးစီးလုပ်ကိုင်စေလိုသော်လည်း စုန်းစားမှု၊

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခိုက်မှုနှင့် စုံထောက်မည်ကို ဝါသနာပါလှသော မောင်သံခိပ်မှာ မန္တလေးဆပ်ကျောင်းတွင် တက်ရောက်ပြီး ရာဇဝတ်အုပ်အဖြစ် တာဝန်ထမ်းဆောင်စဉ်ကပင် စုံစမ်း ထောက်လှမ်းရာတွင် နာမည်ရသဖြင့်....

ကျွန်ုပ်တို့ စီအိုင်ဒီရှိ အင်္ဂလိပ်အရာရှိများဟာ အလွန်လေးစားရသည့် ဝန်ထောက်မင်း ဦးဘကိုယ်တိုင် စီအိုင်ဒီသို့ ခေါ်ယူခေါ်ကျော်ပေးလိုက်သောအခါ မြင်းကောင်းတစ်စီးကို ဦးချိတ်ပေးလိုက်သကဲ့သို့ ပါရမီ ဗီဇခေတ်ခံရှိသူ မောင်သံခိပ်မှာ အစွမ်းအစများ ပြသနိုင်ခဲ့သဖြင့် မြန်မာပြည်ရှိ ပုလိပ်စုံထောက်လောကမျှသာမကဘဲ အင်္ဂလန်ရှိ စကော့တလန်ယာဒ်စုံထောက်အဖွဲ့ကြီးကပင် မှတ်တမ်းတင်ထားခဲ့ရသည်။

BURMESE CLASSIC

ကျွန်ုပ်မှာ မြင်းပျံ့ဘတ်စ်ကားပေါ်မှ ဆင်းပြီး အင်စပက်တော် မောင်သံခိပ်နေထိုင်ရာ မြယာကုန်းလမ်းသို့ ကုန်းကြောင်းလျှောက်လာခဲ့သည်။

ကျွန်ုပ် ခြံထဲဝင်သွားချိန်တွင်. မောင်သံခိပ်သည် အလေးမခြင်းပြုနေသည်ကို တွေ့လိုက်ရသည်။

'လာ...ဦးရေ၊ ဧည့်ခန်းမှာ ခဏထိုင်စောင့်၊ ကျွန်တော် ရေချိုးပြီး လာခဲ့ပါမယ်၊ မင်းကြီး ခေါ်ခိုင်းလိုက်တယ်ထင်ပါ့'

'ဟုတ်ကဲ့၊ အင်စပက်တော်'

ဧည့်ခန်းတွင် ကျွန်ုပ် ထိုင်စောင့်နေ၍ တစ်ဆယ့်ငါးမိနစ်ခန့်တွင် မောင်သံခိပ် ယူနီဖောင်းပါဝတ်ဆင်ပြီးထွက်လာသည်။



'သွားကြစို့ ဦးရေ'

ကျွန်ုပ်ကို ပြုံးရွှင်စွာပြောပြီး အိမ်ရှေ့ဆင်ဝင်သို့ထွက်လိုက်ကြသည်။

မောင်သံခိပ်မှာ အိမ်ကို သော့ခတ်လိုက်ပြီး၊ သူ၏ကိုယ်ပိုင်အော်စတင်ကားပေါ်သို့ ကျွန်ုပ်ကိုတက်စေပြီး အင်းစိန် စီအိုင်ဒီဖက်သို့ သူကိုယ်တိုင် မောင်းထွက်လိုက်သည်။

အမှန်အားဖြင့် ယနေ့သည် မောင်သံခိပ်၏ အားလပ်ရက်ဖြစ်လေသည်။

ဂျူဘီအော့ဖိတွင် လာရောက် ခေါ်ဆိုခြင်းဖြစ်သော်လည်း မောင်သံခိပ်မှာ ငြိုငြင်ဟန် လုံးဝမရှိဘဲ ရွှင်လန်း တက်ကြွစွာ လိုက်ပါလာသည်။

မောင်သံခိပ်ကိုကြည့်ပြီး မင်းတိုင်းကျေ ဝတ္တရားအရ မလွှဲရှောင်သာသောတာဝန်ကို ထမ်းဆောင်နေသောကျွန်ုပ်မှာ မိမိကိုယ် မိမိ ရှက်သလိုဖြစ်သွားသည်။

အင်စပက်တော် မောင်သံခိပ် မောင်းနှင်လာသော အော်စတင်ကားလေးသည် စီအိုင်ဒီဝင်းအတွင်းသို့ ရောက်လာသည်။ ကျွန်ုပ်နှင့် မောင်သံခိပ်မှာ ပုလိပ်မင်းကြီးရှိရာ ရုံးခန်းသို့ ဝင်ရောက်ပြီး သတင်းပို့လိုက်သည်။

'ထိုင်ပါ အင်စပက်တော်၊ အိုင်အိုကြီးလဲ ထိုင်ပါ'

မင်းကြီးက မောင်သံခိပ်ကိုသာမက ကျွန်ုပ်ကိုပါ ထိုင်ခိုင်းလိုက်သဖြင့် ဝင်ထိုင်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



'အင်စပက်တာရဲ့ အားလပ်ချိန်ကို အနှောင့်အယှက်ပေးမိတာ ဝမ်းနည်းပါတယ် အင်စပက်တာ၊ ကုန်သည်ကြီးများအသင်းက ဥက္ကဋ္ဌဦးမင်းမောင်ကို သိပါသလား'

'ဟုတ်ကဲ့ သိပါတယ် မင်းကြီး၊ ဘရွတ်ကင်းလမ်းမှာ နေပါတယ်'

(မှတ်ချက်၊ ။ထိုစဉ်က ဘရွတ်ကင်းလမ်းမှာ ယခု အခါ ဘိုကလေးဈေးလမ်းပင်ဖြစ်သည်။)

'ဟုတ်တယ် အင်စပက်တော်၊ စိတ်မကောင်းစရာက ဒီနေ့ပဲ ဦးမင်းမောင် အသတ်ခံရပါတယ်၊ ဒီကိစ္စကို သက်ဆိုင်ရာဂါတ်တဲက ပုလိပ်တွေလဲ စစ်ဆေးပြီးအရေးယူဖို့ ကြိုးစားနေပါတယ်....

'ဒါပေမယ့် ရပ်ရွာ မျက်နှာဖုံးတစ်ယောက်ဖြစ်တဲ့သူ ဖြစ်လို့ အမှုမပေါ်ဘဲနေတာမျိုး၊ နှောင့်နှေး ကြန့်ကြာတာမျိုးဖြစ်ခဲ့ရင် ပုလိပ်အဖွဲ့အနေနဲ့ နာမည်ပျက်စရာအကြောင်းတွေ ဖြစ်နိုင်တာမို့ အင်စပက်တော်မောင်သံခိပ်အနေနဲ့ ဒီကိစ္စကိုလိုက်လံစုံစမ်းပေးစေချင်ပါတယ်'

'ရပါတယ် မင်းကြီး၊ အမှု အမြန်ပေါ်ပေါက်ရေးအတွက် ကျွန်တော် တာဝန်ယူပါတယ်'

'ယုံကြည်ပါတယ် အင်စပက်တာ၊ ဒါကြောင့်လဲ အကူအညီတောင်းတာပါ၊ အင်စပက်တာနဲ့ တွဲဖက်တာဝန်ကိုတော့ ဖိုင်အိုဦးအောင်မြင့်ကို တာဝန်ပေးလိုက်ပါတယ်၊



ကျွန်ုပ်မှာ အင်စပက်တော် မောင်သံခိပ်ကို ခေါ်ပြီးလျှင် တာဝန်ကုန်ဆုံးပြီဟုထင်သော်လည်း ယခုလို တွဲဖက် တာဝန်ပေးခြင်းခံရသောကြောင့် စိတ်ညစ်သွားရသည်။

သို့သော် ဝန်ထမ်းဘဝတွင် သူ့ဆန်စားလျှင် ရဲရမည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အင်္ဂပက်တော်မောင်သံခိပ်သည် ကျွန်ုပ်ကို ခေါ်ဆောင်လျက် အော်စတင်ကားလေးဖြင့် ဘရွက်ကင်းလမ်းသို့ ထွက်လာခဲ့သည်။

ဦးမင်းမောင်၏ အိမ်သို့ ရောက်သောအခါ အိမ်ရှေ့တွင် အလောင်းပြင်ဆင်ထားသည်ကို တွေ့ရသည်။

မောင်သံခိပ်ရော ကျွန်ုပ်ပါ ပုလိပ်ယူနီဖောင်းများ ဝတ်ဆင်ထားသောကြောင့် အိမ်အတွင်းတွင်ရှိသောလူများမှာ ကျွန်ုပ်တို့ကိုမြင်သည်နှင့် မသိမသာရှောင်ထွက်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ပုလိပ်ကိုမုန်းသော အခြေအနေကြောင့် တစ်ခါတာဝန်ရှိ အမှုမန် ဖော်ထုတ်ရေးအတွက် အခက်အခဲများ ရှိတတ်သည်။

ကိုလိုနီခေတ်ပုလိပ်များကို ပြည်သူတို့၏ အမြင်မကြည်လင်မှုက အတော်ပြင်းထန်နေသည်။

တိုင်းပြည်အတွင်း မျိုးချစ်စိတ်ဓာတ်ပြင်းထန်သောလှုပ်ရှားမှုအမျိုးမျိုးပေါ်ပေါက်လာလေလေ ကျွန်ုပ်တို့ပုလိပ်အဖွဲ့အား ကိုလိုနီလက်ကိုင်တုတ်အဖြစ် မြင်လေ ဖြစ်နေကြသည်။

စားပြတိုက်ထတ် သူလူ့အကျင့်ဆိုးသော ပုလိပ်ယုတ်မာတို့ကြောင့်လည်း ပုလိပ်လောက သိက္ခာကျခြင်းဖြစ်သည်၊

ထိုအားနည်းချက်တို့ကို ကျွန်ုပ်သည် သိရှိနားလည်ပြီးသားဖြစ်သော်လည်း မိမိတို့ကို ရှောင်ဖယ်ဖယ်လုပ်သူများကို တွေ့သောအခါ ပုလိပ်အရာရှိတို့၏ အတ္တမာန ကြွတက်လာသည်။

ထို့ကြောင့် လေသံမာမာနှင့်ပင်...

'ဒီက အသုတရှင် ဘယ်မှာလဲဟေ့၊ ငါတို့ စီအိုင်ဒီက စုံထောက် အရာရှိတွေပဲ'

ကျွန်ုပ်၏စကားသံဆုံးသောအခါ အိမ်အတွင်းမှ မိန်းမတစ်ဦး ထွက်လာသည်၊

'ကျွန်မ ကွယ်လွန်သူ ဦးမင်းမောင်ရဲ့ ဇနီး ခင်မာလှင်ပါ၊ အရာရှိမင်းများ ထိုင်ကြပါရှင်'

ထိုအမျိုးသမီးက ကျွန်ုပ်တို့ကို ထိုင်ခိုင်းသည်။



ကျွန်ုပ်တို့မှာ ယူနီဖောင်းများ ဝတ်ဆင်ထားသောကြောင့် မျှာပေါ်တွင်ထိုင်ရသည်မှာ အခက်အခဲရှိသော်လည်း အခြေအနေအရ ဝင်ထိုင်လိုက်ကြသည်။

ခင်မာလှင် အမည်ရှိသော အမျိုးသမီးကို အကဲခတ်လိုက်ရာ လင်ယောကျ်ားသေဆုံးသဖြင့် ငိုကြွေးလွန်းသောကြောင့် မျက်လုံးများပင် အစ်နေသည်ကိုတွေ့ရသည်။

အသက်အရွယ်အားဖြင့် နှစ်ဆယ့်ရှစ်၊ သုံးဆယ်ခန့်ရှိသည်။ သို့သော် လှပသောရုပ်ရည်၊ ပြည့်စုံသောကိုယ်ခန္ဓာ၊ ဝင်းဝါသော အသားအရေတို့ကြောင့် မိန်းမလှတစ်ဦးအဖြစ် အသိအမှတ်ပြုလိုက်ရသည်။

အထူးသဖြင့် ခင်မာလှင်၏မျက်လုံးများသည် ငမ်းနည်းနေချိန်မှာပင် ဆွဲဆောင်နိုင်စွမ်း ကြီးမားသည်ကို တွေ့ရသည်။

အားမနာတမ်း ဖေဖန်ရလျှင် တကျာ ရမ္မက်ကြီးသောသူတို့၏ မျက်လုံးမျိုး နှုတ်ခမ်းဟု မြင်မိသည်။

လုပ်ငန်းတာဝန်အရ အမှုစစ် အရာရှိဖြစ်သော ကျွန်ုပ်က စစ်ဆေးရမည်ဖြစ်သော်လည်း ယခုအခါ ကျွန်ုပ်၏ အထက်လူကြီးဖြစ်သူ မောင်သံခိပ်က စစ်ဆေးမေးမြန်းနေသည်။

ကျွန်ုပ်မှာ အတတ်ပညာတွင် မောင်သံခိပ်၏ ခြေဖျားမျှပင် မမှီသောကြောင့် သူ၏စုံစမ်းစစ်ဆေးခြင်းကိစ္စကို ဘေးမှအသာငင် နားထောင်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အင်စပက်တော်မောင်သိန်းခိုင်မှာ စစ်ဆေး မေးမြန်းပြီးလျှင် အလောင်းစင်ရှိရာသို့ ထသွားပြီး အုပ်ထားသောအဝတ်ကြီးကို ဖယ်ကာ သေချာစွာ ကြည့်ရှုစစ်ဆေးနေသည်။

ကျွန်ုပ်မှာ မုဆိုးမ ပူပူနွေးနွေး ခင်မာလွင်၏အနီးတွင် ထိုင်လျက် ကျန်နေခဲ့သည်။

'ဆေးလိပ်၊ ကွမ်းယာလေးများ သုံးဆောင်ပါဦး ရာဇဝတ်အုပ်မင်းရှင့်'

ခင်မာလွင်က ကျွန်ုပ်ရှေ့သို့ ဆေးလိပ်ခွက်နှင့် ကွမ်းအစ်ကို တိုးပေးရင်း ညွှဝတ်ပြုရှာသည်။

အင်စပက်တော်မောင်သိန်းခိုင် ကျွန်ုပ်တို့အနားသို့ ပြန်ရောက်လာသောအခါ…

'ကဲ… ပြန်ကြရအောင် ဦးရေ၊ ခင်မာလွင် ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ်'

'ဟုတ်ကဲ့ရှင့်'

'ဪ… ဒါထက် ဦးမင်းမောင်ရဲ့ညီ ကိုမင်းခေါင် တစ်ယောက်ကို မတွေ့ပါလား မခင်မာလွင်'

'အစ်ကိုကြီးခိုင်းလိုက်လို့ ရှမ်းပြည်နယ်ဘက် သွားပါတယ်ရှင့်'



'ဦးမင်းမောင် ဆုံးတဲ့အကြောင်းကို အကြောင်း မကြားဘူးလား'

'မနက်ဖြန်ပြန်ရောက်မှာမို့ အကြောင်းမကြားတော့ပါဘူး'

'ဪ… သူ့အစ်ကိုအလောင်းကို မြေချတာတော့ မှီမယ်ထင်ပါရဲ့'

'မှီနိုင်ပါသယ်ရှင့်'

'ကဲ… ကျွန်တော်တို့ကို ခွင့်ပြုပါဦး'

'ဟုတ်ကဲ့ရှင့်'

ကျွန်ုပ်တို့ ဘုရှတ်ကင်းလမ်းမှ ပြန်သောအခါ စီအိုင်ဒီသို့ မပြန်သေးဘဲ ဂါတ်တဲသို့ဝင်ကြပြန်သည်။

ကျွန်ုပ်တို့ကို တွေ့သောအခါ ဌာနအုပ်ကိုခင်မောင်လေးမှာ အလေးပြုပြီး နေရာထိုင်ခင်း စီစဉ်ပေးသည်။

အင်စပက်တော်မောင်သိန်းခိုင်က ဌာနအုပ်ကိုခင်မောင်လေးအား ဦးမင်းမောင်အမှုနှင့်ပတ်သက်ပြီး မေးမြန်းသည်။

'အမှုက မကြာခင် ပြီးသွားမှာပါခင်ဗျာ၊ ဦးမင်းမောင်ရဲ့ ဇနီး ဒေါ်ခင်မာလွင်ရဲ့ယောက်ျားဟောင်း စိတ္တန်းအေး သတ်တာပါ…'

'ဘာကြောင့်သတ်တာကိုရော သိသလား'

www.burmeseclassic.com

www.burmeseclassic.com



'တူဆီကဲ့ သိပါတယ်၊ ခင်မာလွင်ရှဲယောကျ်ားစံထွန်း စား ယူမှုတစ်ခုကြောင့် ထောင်ကျနေချိန်မှာ ဦးမင်းမောင်နဲ့တွေ့ပြီး ပြန်ကြတာပေါ့...

'စံထွန်း ထောင်က ပြန်လွတ်လာတော့ ဦးမင်းမောင်ကို မယားခိုးမှုနဲ့ တရားစွဲမယ်ဆိုပြီး ခြိမ်းခြောက်ငွေတောင်းပါ တယ်၊ ဦးမင်းမောင်က တစ်ခါနှစ်ခါပေးတဲ့ပုံပါပဲ...

'သူတို့ကမ်းနားလမ်းက နဂါးဟိုတယ် သီးသန့်ခန်းမှာအမြဲ တွေ့ပြီး ပေးပါတယ်၊ အဲ့ဒီနေ့က နဂါးဟိုတယ် သီးသန့်ခန်းမှာ စံထွန်းက အရင်စောင့်နေတယ်လို့ သိရပါတယ်...

'နာရီဝက်အတွင်း ဦးမင်းမောင်ရောက်လာပြီး စကားများ ကြပါတယ်၊ သူတို့စကားသံကို အခန်းအပြင်တောင် ကြားရ တယ်တဲ့...

'မကြာခင် စံထွန်း ထွက်သွားပြီး ဦးမင်းမောင် တော်တော် နဲ့ ထွက်မလာတာမို့ ဟိုတယ်မန်နေဂျာက မသင်္ကာလို့ ဝင် ကြည့်တဲ့အခါ ဦးမင်းမောင် ဓားဒဏ်ရာနဲ့သေနေပါပြီ...

'ဟိုတယ် ဝန်ထမ်းတွေကလဲ ကျွန်တော်တို့ဆီကို ချက်ချင်း အကြောင်းကြားပါတယ်'

'ကိုခင်မောင်လေးတို့ အမှုနဲ့ ပတ်သက်ပြီး ဆောင်ရွက်မှု အခြေအနေလေးကို သိပါရစေ'



'ဟုတ်ကဲ့—စံထွန်းကို ကျွန်တော်တို့ ခြေခံမိပါပြီ၊ ပဲခူးမြို့မှာ ခိုနေပါတယ်၊ ဒီနေ့ပဲ သတင်းအတိအကျရတာမို့ ကျွန်တော်တို့ လိုက်သွားဖို့ ပြင်နေပါပြီ'

'ဟုတ်ကဲ့ ကောင်းပါတယ်၊ ကိုခင်မောင်လေးတို့ ပဲခူးက ပြန်လာရင် စီအိုင်ဒီကို အကြောင်းကြားဖို့ မမေ့ပါနဲ့'

'ဟုတ်ကဲ့၊ စံထွန်းကိုမိတာနဲ့ အကြောင်းကြားပါ့မယ်'

'မိသည်ဖြစ်စေ၊ မမိသည်ဖြစ်စေ၊ ပဲခူးကပြန်ရောက်တာနဲ့ ကျွန်တော်တို့ကို သတင်းပို့ပါ'

'ဟုတ်ကဲ့ အင်စပက်တာ၊ စံထွန်းကို မမိနိုင်စရာအကြောင်း တော့ မရှိပါဘူး'

ဌာနအုပ်ကိုခင်မောင်လေးမှာ တရားခံဖမ်းမိရန် ရဲဝံ့စွာအား မခံနေသဖြင့် ကျွန်ုပ်တို့ ပြန်လာခဲ့ကြသည်။

အမှုမှာ မင်းကြီး စိုးရိမ်သကဲ့သို့ ရှုပ်ထွေးမနေဘဲ တရားခံ ကို နယ်မြေဂါတ်မှ လွယ်ကူစွာ ဖမ်းဆီးပေးနိုင်မည့် အခြေအနေ ရှိနေသဖြင့် ကျွန်ုပ်တို့ စီအိုင်ဒီမှ တာဝန်ပေါ့သွားပြီဟု ထင်မိ သောကြောင့် ဝမ်းသာမိသည်။

ထို့ကြောင့်...

'စံထွန်းကို ဖမ်းမိရင် ကျွန်တော်တို့ တာဝန်ပေါ့သွားပြီ ပေါ့ အင်စပက်တာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ဝမ်းသာစွာ ပြောလိုက်သော်လည်း အစ်စပက်တာ မောင်သံခိုပ်၏ အမူအရာမှာ တည်ငြိမ်နေသည်။

"ကျွန်တော်တော့ ဒီအမှုကို ဒီလောက်လွယ်မယ်လို့ မထင်ဘူး ဦးရွှေ၊ တရားခံကလည်း လျော့တွက်လို့ရတဲ့ လူစားထဲမှာ မပါနိုင်ဘူး"

အခန်း (၃)

နောက်နှစ်ရက်ခန့်တွင် ရန်ကုန် အလယ်ပိုင်း ရဲဝန်ထောက်မစ္စတာ လိုဇါနှင့် ဌာနအုပ် ကိုခင်မောင်လေးတို့ စီအိုင်ဒီသို့ ရောက်ရှိလာကြသည်။

သူတို့သည် မြင်းကြီးရုပ်တာဝပ်၏ ရုံးခန်းသို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။

ကျွန်ုပ်လည်း အင်စပက်တော်မောင်သံခိုပ်၏ ရုံးခန်းဘက်သို့ ထွက်လာခဲ့၏။

ရုံးခန်းထဲ၌ မောင်သံခိုပ်ကိုမတွေ့ရဘဲ သူ၏ အင်္ကျီကို ကုလားထိုင်တွင် ချိတ်ထားသည်ကို တွေ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်အခန်း အပြင်သို့ ပြန်ထွက်လာသောအခါ မှတ်တမ်း ဌာနဘက်မှ ဖိုင်များကို ပိုက်လျက် ထွက်လာသော မောင်သံခိပ်ကို တွေ့လိုက်ရသည်။

'ဘာလဲ...ဦး၊ မစ္စတာ ဒါ၀တ်နဲ့ ကိုခင်မောင်လေးတို့လာတာကို အကြောင်းကြားမလို့လား၊ ကျွန်တော် မှတ်တမ်း ရှာဖွေရင်း သူတို့ဝင်လာတာကို တွေ့လိုက်ပါတယ်....

'သူတို့ဘက်က အရေးကြီးတဲ့ မှတ်တမ်းကို ရှာဦးမယ် ဦးရေ၊ နောက်မှ မင်းကြီးကို ကျွန်တော် ဝင်တွေ့လိုက်ပါမယ်'

မောင်သံခိပ်သည် ပြောပြောဆိုဆို ကျွန်ုပ်အား ကျော်လွန်လျက် သူ့ရုံးခန်းအတွင်းကို ဝင်သွားသဖြင့် ကျွန်ုပ်လည်း ကိုယ့်နေရာကိုယ် ပြန်လာရသည်။

ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ မောင်သံခိပ် အခန်းထဲမှ လွယ်အိတ်တစ်လုံးနှင့် လူတစ်ယောက်ထွက်လာသည်။

ထိုလူမှာ ကျွန်ုပ်ရှိရာ စားပွဲသို့ တည့်မတ်စွာ လျှောက်လာသောကြောင့် ကျွန်ုပ် အံ့သြစွာ ကြည့်လိုက်သည်။

'ဦးရေ၊ မင်းကြီးမေးရင် ကျွန်တော် အပြင်သွားတယ်လို့သာ ပြောလိုက်ပါ'

ထိုသူက ပြောပြောဆိုဆို ထွက်သွားကာမှ အင်စပက်တော် မောင်သံခိပ်ဖြစ်သည်ကို ကျွန်ုပ် မှတ်မိတော့သည်။



မောင်သံခိပ် ရုပ်ဖျက်ပြီး ထွက်ခွာသွားပုံထောက်လျှင် အမှုကိစ္စအတွက်ပင် ဖြစ်မည်။

သို့သော်....

ကျွန်ုပ်တို့ဌာနတစ်ခုလုံးတွင် ယခုကဲ့သို့ အထက်သို့အစီရင်ခံခြင်းမပြုဘဲ မည်သည့်တာဝန်ကိုမျှ လုပ်ဆောင်ခွင့်မရှိပေ။

မောင်သံခိပ်မှာ အမှုအတွက် လိုအပ်လျှင် လိုအပ်သလို အချိန်အခါကို မဆိုင်းဘဲ လုပ်ကိုင်တတ်သည်။

ကျွန်ုပ်တို့ကဲ့သို့ တာဝန်ချိန်၊ အားလပ်ချိန်ဟူ၍ သီးသန့်မထားဘဲ ဆောင်ရွက်တတ်သည်။

အမှုကိစ္စတစ်ခုအတွက် သူလုပ်ကိုင်ဆောင်ရွက်နေစဉ်သတင်းပို့ခြင်း၊ အစီရင်ခံခြင်း၊ ခွင့်ပြုမိန့်တောင်းခံခြင်း မပြုဘဲ ဆောင်ရွက်ပြီးနောက် တရားခံကို လက်ထိတ်ခတ်ပြီးသောအခါမှ အားလုံးသိကြရသည်။

မျက်နှာဖြူအရာရှိတို့မှာ မောင်သံခိပ်အပေါ် အလွန်အားကိုးကြသဖြင့် စိတ်တိုင်းကျလုပ်ပိုင်ခွင့်ကို သူတစ်ဦးတည်းသာရရှိနေခြင်းဖြစ်သည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



လုပ်ထုံးဥပဒေအရညီညွတ်မှုမရှိသော အင်စပက်တော်မောင် သံခိပ်မှာ ဝန်ထောက်ဖြစ်ခွင့်ကြုံသော်လည်း ရာထူးမတက်ဘဲရှိနေသည်မှာ အမှန်ပင်ဖြစ်သည်။

ထိုအချိန်အထိ မင်းကြီး၏အခန်းထဲမှ မစ္စတာလိုဒါနှင့်ကိုခင်မောင်လေးတို့ ထွက်မလာသေးသဖြင့် တရားခံ စံညွှန်းကို ဖမ်းမမိသေးကြောင်း ကျွန်ုပ် ရိပ်စားမိလိုက်သည်။

## အခန်း (၄)

အင်စပက်တော် မောင်သံခိပ်ကို နောက်တစ်နေ့ ကျွန်ုပ် ရုံးတက်ချိန်တွင် ရောက်နေပြီဖြစ်ကြောင်း တွေ့ရှိရသည်။

ကျွန်ုပ် သွားရောက်ချောင်းကြည့်ရာ အမှုတွဲဖိုင်တစ်ခုကို စိတ်ပါဝင်စားစွာ ဖတ်ရှုနေကြောင်း တွေ့ရသည်။

ထို့ကြောင့် ကျွန်ုပ်လည်း အသာပင် စားပွဲသို့ ပြန်လာပြီး ထိုင်နေလိုက်သည်။

မကြာခင် မောင်သံခိပ်၏ရုံးခန်းတံခါးပွင့်လာပြီး သူ ထွက်လာသည်ကို တွေ့ရသောကြောင့် ကျွန်ုပ်က နှုတ်ဆက်ရန်ပြင်ဆင်စဉ် သူသည် လက်ခံဌာနဘက်သို့ လျှောက်သွားသည်ကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ဖွေအခန်းအတွင်းသို့ သူဝင်သွားပြီး အတော်ကြာမှ လက်ဖွေဌာနစိတ် ဆူဇဝဘ်အုပ် ဦးသန်းတင် ရှုံးတက်လာသည်ကို တွေ့ရသောကြောင့် မောင်သံခိပ်မှာ မနေ့ညကတည်းက ဝင် လက်ဖွေဌာနသော့ကိုယူထားလိုက်ပြီး အိမ်မပြန်သေးမှန်း ကျွန်ုပ် ရိပ်မိလိုက်သည်။

နံနက် ၁၀-နာရီခွဲခန့်တွင် မောင်သံခိပ် လက်ဖွေဌာနမှ ပြန်ထွက်လာပြီး ကျွန်ုပ်စားပွဲသို့ လျှောက်လာသည်။

'ဦးရေ... ထတော့၊ အိမ်ပြန် အရပ်ဝတ် ဝတ်ပြီးလာခဲ့၊ တရားခံ သွားဖမ်းကြရအောင်၊ သေနတ်တော့ ယူလာခဲ့နော်'

'ဟုတ်ကဲ့...အင်စပက်တော်၊ မင်းကြီးကို သတင်းပို့ဦးမှာလား'

'ဦးသာ အဝတ်သွားလဲပါ၊ ကျွန်တော် သတင်းပို့ပြီး ကားထဲမှာ စောင့်နေမယ်'

မောင်သံခိပ် အမိန့်ကြောင့် ကျွန်ုပ်သည် လိုင်းခန်းရှိရာသို့ ပြန်ပြီးနောက် အရပ်ဝတ်လဲလိုက်သည်။

စလွယ်သိုင်းအိတ်ကိုယူကာ တီအိတ်ပစ္စတိုအား စစ်ဆေးပြီး ထည့်လိုက်၍ အပေါ်မှ တိုက်ပုံအင်္ကျီကို ထပ်ဝတ်လိုက်သည်။



ကျွန်ုပ် လိုင်းခန်းမှ ပြန်ထွက်လာသောအခါ မောင်သံခိပ် မောင်းနှင်လာသော ဖိုအော်စတင်ကားလေးအနီးသို့ ရောက်လာသည်။

ဤကားပေါ်သို့တက်လိုက်သောအခါ အင်းစိန် စီအိုင်ဒီဝင်းအတွင်းမှ ထွက်ခွာလာပြီးနောက် ဘုရှတ်ကင်းလမ်းသို့ ဦးတည်မောင်းနှင်လေသည်။

'အင်စပက်တော်၊ စံထွန်း ရှိတဲ့နေရာ သတင်းရလို့လား'

'တရားခံက စံထွန်းမဟုတ်ပါဘူး ဦးရဲ၊ အားလုံးကသာ ဖြစ်နိုင်ခြေကောက်ချက်ဆွဲပြီး စံထွန်းလို့ ထင်မှတ်ကြတာ'

မောင်သံခိပ် စကားကြောင့် ကျွန်ုပ် အံ့အားသင့်သွားမိသည်၊

သို့သော်....

သူက ထပ်မပြောတော့ကြောင့် အသာ ငြိမ်နေလိုက်သည်။

ကျွန်ုပ်တို့ ဘုရှတ်ကင်းလမ်းရှိ ဦးမင်းမောင်၏အိမ်သို့ရောက်သွားသောအခါ မခင်မာလှင် ပဲခူးသို့ ခရီးထွက်သွားကြောင်းသာ သိလိုက်ရသည်။

'မောင်သံခိပ်မှာ အင်းစိန်သို့ပြန်မမောင်းဘဲ ပဲခူးသို့ အရှိန်ပြင်းစွာ မောင်းနှင်လေသည်။ ၊

www.burmeseclassic.com

www.burmeseclassic.com



သူ၏အမှုအရာမှာ အလွန်အရေးကြီးနေပြီ ဖြစ်ကြောင်း အတူတူလက်တွဲလုပ်ခဲ့သော ကျွန်ုပ် ရိပ်မိသည်။

ဆို့ကြောင့် ကျွန်ုပ်ဉာဏ်မီသရွေ့ စဉ်းစားကြည့်ရာ ခင်မာလွင်သည် တရားခံဖြစ်ဟန်တူသည်ဟု မောင်သံခိပ် ယူဆဟန်တူသည်။ ထို့ကြောင့် ပဲခူးကိုတန်းလိုက်ပုံရသည်။

တရားခံသည့်ခင်မာလွင်ဖြင့်ပါက ရှင်လှသလောက်အဓိတော် ကြောက်စရာကောင်းသော မိန်းမပင်ဖြစ်သည်။

သူမ၏ ပထမယောကျ်ား စံကွန်းနှင့် ဖြန့်လည်ပေါင်းသင်းရန် ဦးမင်းမောင်ကို သတ်ခြင်းဖြစ်မည်ဟု ကျွန်ုပ်ကောက်ချက်ချမိသည်။

ကျွန်ုပ်တို့၏ ကားကလေးသည် တစ်နာရီခန့်သာ ကြာပြီး ပဲခူးမြို့သို့ ရောက်လာသည်။

မောင်သံခိပ် မိုင်ကုန် မောင်းလာသောကြောင့် ဖြစ်သည်။

မောင်သံခိပ်သည် ကားလေးကို လိပ်ပြာကန်ရပ်သို့ မောင်းနှင်သွားသည်။ လိပ်ပြာကန်အနီး ခြံဝင်းတစ်ခုရှေ့တွင် ကားကို ရပ်လိုက်သည်။

'ကျွန်တော်တို့တော့ အလာကောင်းပေမယ့် အခါနှောင်းသွားပြီ ဦးရေ'



'ဘာဖြစ်လို့လဲ အင်စပက်တော်'

မောင်သံခိပ်က နှုတ်မှ မဖြေဘဲ ခြံအတွင်းသို့လက်ညှိုးထိုးပြလိုက်သည်။

ခြံအတွင်းဝယ် ပုလိပ်အချို့တို့ တွေ့လိုက်ရသဖြင့် ပဲခူးပုလိပ်များနှင့် ကိုခင်မောင်လေးက တရားခံကို ဦးအောင်ဖမ်းလိုက်ပြီဟု ကျွန်ုပ်ထင်လိုက်သည်။

ထိုစဉ်....

မောင်သံခိပ် ကားပေါ်မှ ဆင်းသွားသဖြင့် ကျွန်ုပ်လည်း လိုက်ဆင်းသွားလိုက်သည်။

ခြံဝတွင် စောင့်ခနေသော ကုလား ပုလိပ်က ကျွန်ုပ်တို့ကို ဒေသနတ်ဖြင့်ချိန်၍ အလွန်ရိုင်းစိုင်းသော လေသံဖြင့်...

'ဟေ့...ရပ်လိုက်ကြစမ်း၊ အထဲမှာ လူသတ်မှုဖြစ်နေတယ်၊ ခင်းတို့ ဝင်လာတာ တရားခံတွေလား၊ လက်မြှောက် ထားလိုက်စမ်း'

ကုလားက ကျွန်ုပ်နှင့်မောင်သံခိပ်ကို တည့်မတ်စွာချိန်ထားပြီး အမိန့်ပေးလိုက်သည်။

ကျွန်ုပ်က—

www.burmeseclassic.com

www.burmeseclassic.com



'ဟေ့....ငါတို့ အင်းစိန် စီအိုင်ဒီက အရာရှိတွေကွ၊ မင်း သေနတ် ချထားလိုက်စမ်း'

ကျွန်ုပ်က စီအိုင်ဒီကတ်ပြားကိုထုတ်ပြလိုက်ရာ ကုလားပုလိပ် အမှုအရာချက်ချင်းပြောင်းသွားသည်။

ချက်ချင်းပင် သေနတ်ကိုချလျက်အလေးပြုတော့သည်။

သို့သော်....

မောင်သံခိပ်ကို အလေးပြုခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်ကို အလေး ပြုခြင်းဖြစ်သည်။

မောင်သံခိပ်က ဘာမျှ မပြောဘဲ ခြံအတွင်းသို့သာ ဝင်သွား သည်

'ဟေ့ ကောင်၊ အဲဒါ၊ အင်စပက်တာ သံခိပ်ကွ၊ ငါ့ထက် ရာထူး ကြီးတယ်'

'တာ....ကျွန်တော်မသိလို့ပါဆပ်၊ ကျွန်တော့်ကိုဝိတ်မဆိုးပဲ ပြောပေးပါဆပ်'

လူကဲခတ်ညံ့သော ပုလိပ်မှာ ပျာပျာသလဲပင် ကျွန်ုပ်လက်ကို ဆွဲလျက် တောင်းပန် ခိုင်းနေသဖြင့် ကျွန်ုပ်မှာ အေးပါကွာဟု ဖုန်ခါ ကတိပေးပြီး၊ မောင်သံခိပ်နောက်သို့အမြန်လိုက်ရသည်။



ကျွန်ုပ်တို့ ပုလိပ်လောကတွင် မောင်သံခိပ်ကို မမြင်ဘူးလျှင် သာရှိမည်၊ မကြားဖူးသူမရှိသောကြောင့် ပုလိပ်အတော်များ များမှာ မောင်သံခိပ်ကို လေးစားပြီးသား ရှိနေပြီး ဖြစ်သည်။

ပဲခူးမှ ရာဇဝတ်အုပ်မှုသမှု မောင်သံခိပ်ကို သိနှင့် ပြီးသား ဖြစ်သောကြောင့် အလေးပြုခရီးဦးကြိုပြုကာ လူသေအလောင်း ရှိရာသို့ ခေါ်ဆောင်သွားသည်။

ကျွန်ုပ်သည်လည်း နောက်မှ လိုက်ပါသွားရာ အိပ်ခန်း ခုတင်ပေါ်တွင် သေနေသူကို တွေ့လိုက်ရသည်။

သေသူမှာ ခင်မာလွင်ပင် ဖြစ်တော့သည်။

တစ်လမ်းလုံး တရားခံသည် ခင်မာလွင် ဖြစ်နိုင်သည်ဟု ထင် ထားသော ကျွန်ုပ်မှာ ခေါင်းခြောက်သွားမိသည်။

ပဲခူးရာဇဝတ်အုပ်က အင်စပက်တာ မောင်သံခိပ်ကိုအစီရင်ခံ လေသည်။

'သူ့ရဲ့ ယောက်ျားဟောင်း စိုးထွန်း သတ်သွားတာပါ အင် စပက်တာ၊ ပတ်ဝန်းကျင် သက်သေခံချက်အရ ဒီ အမျိုးသမီး ရောက်ပြီး....

မကြာခင် စိုးထွန်း ဆိုတဲ့ ခါးပြဟောင်း ရောက်လာပါ တယ်၊ စိုးထွန်းထွက်သွားပြီးလို့ အတော်လေးကြာမှ ခြံစောင့်ဗိုး

www.burmeseclassic.com



ထွန်း ပြန်လာပြီး ကြည့်တဲ့အခါ ဒီအမျိုးသမီး သေနေတာကို တွေ့ရတာပါပဲ'

'ဪ...စံထွန်းပါဆို ခြံစောင့် ဖိုးထွန်းက သိသလား'

'ဟုတ်ကဲ့...ပဲခူးမှာ စံထွန်းကို မသိတဲ့လူ မရှိပါဘူး အင်စပက်တာ၊ ထောင်ကလွတ်လာတာ မကြာသေးပါဘူး၊နောက်ပြီး မကြာခင်ကဘဲ ရန်ကုန်မှာ လူသတ်မှုတစ်ခု ကျူးလွန်ခဲ့လို့ ရန်ကုန်က လိုက်လာပြီး ဖမ်းပါသေးတယ်....

'ကံကောင်းချင်တော့ စံထွန်း၊ အဲဒီရက်မှပဲခရီးထွက်သွားတယ်၊ ဒီတစ်ခါတော့ စံထွန်း ကံမကောင်းနိုင်တော့ပါဘူး.... အင်စပက်တာ'

'ကောင်းပါပြီ၊ အကယ်၍ တရားခံဖမ်းမိရင် စီအိုင်ဒီကို သတင်းပို့ပေးပါ၊ ကျွန်တော်တို့ ပြန်ပါဦးမယ်'

'စိတ်ချပါ အင်စပက်တာ၊ သတင်းပို့ပေးလိုက်ပါမယ်'

မောင်သံခိပ် ပြန်ရန်ထွက်လာသဖြင့် ကျွန်ုပ်လည်း လိုက်ပါလာရသည်။

ခြံစောင့်ပုလိပ်မှာ ဒီတစ်ခါ ကျွန်ုပ်ကို အလေးမပြုတော့ဘဲ မောင်သံခိပ်ကိုသာ မျက်နှာချိုသွေးလျက် ဆလံအထပ်ထပ်ပေးနေပါသည်။



ကျွန်ုပ်မှာ ထိုပုလိပ်၏အပြုအမူကို ရယ်ချင်လှသဖြင့် ကားပေါ် မြန်မြန်တက်လိုက်ရသည်။

မောင်သံခိပ်မှာ ပဲခူးဈေးတွင် ကားရပ်သျှက် ကျွန်ုပ်တို့ ထမင်းစားကြသည်။

ထမင်းစားရင်းက....

'တရားခံစံထွန်းက အတော် လျင်ပုံရတယ်နော် အင်စပက်တာ၊ ကိုခင်မောင်လေးတို့ ဖမ်းတဲ့အချိန် ရှောက်ထွင်သွားပြီး တစ်ခါ သူ့မယားဟောင်း ခင်မာလွင်ကိုပါ နှုတ်ပိတ်လိုက်နိုင်တယ်'

'မဟုတ်ဘူး ဦးရဲ၊ တရားခံအစစ်က စံထွန်းမဟုတ်ဘူး'

မောင်သံခိပ်၏ စကားကြောင့် ကျွန်ုပ် မကျေမနပ်ဖြစ်သွားသည်။

ရန်ကုန်မှာတင်မက ပဲခူးမှာပါ လူသတ်မှုဖြစ်သော ဝန်းကျင်သက်သေများက စံထွန်းဖြစ်ကြောင်း ထွက်ဆိုထားပါလျက် အဘယ်ကြောင့် ... အလာတွင် စံထွန်း တရားခံမဟုတ်ကြောင်း ပြောခဲ့ဖြင့် ကျွန်ုပ်မှာ ခင်မာလွင်ကို တရားခံဟု ထင်ခဲ့သေးသည်။

ပဲခူးသို့ ရောက်သောအခါ ခင်မာလွင်ကိုယ်တိုင် အသတ်ခံရသဖြင့် တရားခံမှာ စံထွန်းပင်ဖြစ်မည်ဟု ကျွန်ုပ် တွေးထောက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်....

မောင်သံခိုပ်မှာ စံထွန်းတရားခံ မဟုတ်ဟု ပြောနေသော ကြောင့် စဉ်းစားရခက်သွားသည်။

စကော့တလန်ယာဒ်မှ အတော်ဆုံးစုံထောက်အဖြစ် အသိ အမှတ်ပြုခြင်း ခံထားရသော အင်စပက်တာ မောင်သံခိုပ်သည် ယခုအခါတွင် အတွေးချော်နေပြီဟု ခတွေးလိုက်မိသည်။

ထိုစဉ်...

မောင်သံခိုပ်မှာ ဈေးအတွင်း တစ်စုံတစ်ယောက်ကို တွေ့ လိုက်ရဟန်ဖြင့်...

'ဦးရေ၊ ခဏလေး ဒီမှာထိုင်စောင့်နေဦး၊ ကျွန်တော် အပြင် ခဏ သွားလိုက်ဦးမယ်'

ဟု ပြောပြောဆိုဆိုနှင့် ထွက်ခွာသွားသည်။

နာရီဝက်ခန့်တွင် မောင်သံခိုပ်မှာ လူတစ်ဦးနှင့်အတူ ပြန် ရောက်လာ၏။

ပြောပြောဆိုဆိုနှင့် မောင်သံခိုပ်မှာ ထမင်းဖိုး ရှင်းလိုက် သဖြင့် ကျွန်ုပ်တို့သည် ကားရှိရာသို့ထွက်လာသည်။

ဤသို့ ခရီးထွက်ခြင်း၊ စရိတ်ကုန်ခြင်းတို့ကို မောင်သံခိုပ် သည် ဌာနမှ ငွေထုတ်ယူလေ့မရှိဘဲ သူ့အိတ်ကပ်ထဲမှသာထုတ် ကုန်တတ်သည်။



ရံဖန်ရံခါတွင် ကျွန်ုပ်တို့အား ထုတ်ယူစေသည်။

တချို့အမှုများတွင် သူ၏ စိုက်ထုတ်သောငွေမှာ အခထက် ဆယ်ဆခန့် များနေသည်။

ထိုသို့ ငွေကြေးကို ဂရုမစိုက်သောကြောင့်သာလျှင် မောင် သံခိုပ်မှာ ကျွန်ုပ်တို့ကဲ့သို့ အထက်အရာရှိများအား မျက်နှာချို သွေး ဆက်ဆံခြင်းမရှိခြင်း ဖြစ်ပေလိမ့်မည်။

အထက်အရာရှိကို ဖော်လံမဖားတတ်သော မောင်သံခိုပ်မှာ အရည်အချင်းသာ မရှိလျှင် တစ်နေ့မကုန်ခင် အလုပ်ပြုတ်မည် မှာ သေချာလှသည်။

အင်းစိန် စီအိုင်ဒီဝင်းရှေ့ ရောက်သောအခါ မောင်သံခိုပ် က ကားရပ်ပေးသည်။

'ဦးရေ၊ မနက်မှ တွေ့ကြတာပေါ့'

'ဟုတ်ကဲ့... အင်စပက်တာ'

ကျွန်ုပ် ကားပေါ်မှဆင်းလိုက်စဉ် မောင်သံခိုပ်က ပါလာ သော ဧည့်သည်ကို ရှေ့ခန်းသို့ပြောင်းထိုင်ရန် ခေါ်လိုက်လေ သည်။

'ကိုစံထွန်း ရှေ့မှာ လာထိုင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့....အင်စပက်တာ'

မောင်သံခိပ် စကားသံကြောင့် ကျွန်ုပ် ခြေလှမ်းများ ရပ်တန့်သွားရသည်။

ကျွန်ုပ် လှည့်ကြည့်လိုက်သောအခါ....

'ဟဲ...ဟဲ....ဦးက နားပါးသွားပြီ၊ ဟုတ်တယ် ဦးရေ၊ ကိုခင်မောင်လေးတို့ တမ်းတနေတဲ့ဓား၊ပြ ထောင်ထွက်စံထွန်းဆိုတာ ဒီက မိတ်ဆွေပဲလေ'

'ဖမ်းလာတာလား အင်စပက်တော်'

'မဟုတ်ပါဘူး ဦးရဲ့၊ ကျွန်တော့်အိမ်ကို အလည်ခေါ်လာတာပါ၊ ကဲ....သွားမယ် ဦးရေ၊ မနက်ဖြန်မှပဲ ရှင်းပြတော့မယ်'

ကျွန်ုပ်အံ့အားသင့်နေစဉ်မှာပင် အင်စပက်တော် မောင်သံခိပ်၏ အော်စတင်ကားလေးသည် ရန်ကုန်နှင့် ပဲခူးမှ ပုလိပ်များ တရားခံအဖြစ်အလိုရှိနေသော ဓားပြစံထွန်းကိုတင်ဆောင်ပြီး ထွက်ခွာသွားလေသည်၊

ကျွန်ုပ်မှာ မည်သို့မျှ နားလည်နိုင်စွမ်း မရှိတော့ပေ၊

မောင်သံခိပ်၏ လုပ်ရပ်မှာ တရားခံအားပေး ဖြစ်နေလေပြီ၊



အကယ်၍ ပြဿနာ တက်လာပါက အမှုတွဲဟိုင်ရသော ကျွန်ုပ်ကိုပါ ထိခိုက်ပေတော့မည်၊

အလုပ်ပြုတ်မှာမကြောက်သော မောင်သံခိပ်နှင့် အလုပ်ပြုတ်မှာ အလွန်ကြောက်သော ကျွန်ုပ်အား တွဲဖက်တာဝန်ပေးခြင်းသည် ကျွန်ုပ်ကို ကံဆိုးစေခြင်းပေလားဟု တွေးမိလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

နောက် တစ်နေ့တွင် ကျွန်ုပ်သည် ရှီး၏ တက်ချိန်မှပင် အင်စပက်တော် မောင်သံခိပ်ကို မျှော်နေမိသည်။

တစ်နေ့ကုန် သော်လည်း မောင်သံခိပ်မှာ ရောက်မလာခဲ့ပေ။ မိုးချုပ်သွားသည်။

မောင်သံခိပ်မှာ စီအိုင်ဒီသို့ ခြေဦးလှည့်မလာခဲ့ပေ။

ကျွန်ုပ်မှာ ထိုနေ့ တစ်နေ့ဘာလုံး ထိုင်မရ၊ ထမရ ဖြစ်ခဲ့သည်။

ရှီးမဆင်းမချင်း မောင်သံခိပ် ရောက်လာနိုးဖြင့် ဂိတ်ပေါက်သို့သာ လှမ်းမျှော်ကြည့်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့က မောင်သံခိပ် ပြန်သွားစဉ်က ရန်ကုန်နှင့် ပဲခူးပုလိပ်များက အလိုရှိနေသော တရားခံစံသွန်းသည်လည်း ပါသွားသည်။

ဒီနေ့ မောင်သံခိပ် ရုံးမတက်ခြင်းသည် စံသွန်း၏လက်ချက်မိသွားပေပြီလားဟုလည်း တွေးပူလိုက်မိသည်။

မှုခင်းဖြစ်စဉ်နှင့်သက်သေများအားလုံးဟာ ရန်ကုန်က အမှုမှာတင်မက ပဲခူးကအမှုတွင်ပါ တရားခံသည် စံသွန်း ပါဟု သတ်မှတ်ထားစဉ် အင်စပက်တော် မောင်သံခိပ်အား အိမ်အလည် ခေါ်သွားသည်ကို ကျွန်ုပ်အနေဖြင့် မည်သို့မျှ ဘဝင်မကျနိုင်ဘဲ ရှိနေသည်၊

ရုံးဆင်း၍ ရေမိုးချိုး ထမင်းစားပြီးသည်အထိ ကျွန်ုပ်မှာ ထိုင်မရ ထမရနှင့် စိတ်များကို တည်ငြိမ်အောင် ပြုနိုင်စွမ်းမရှိဘဲ ဖြစ်နေသည်။

ညတွင်းချင်းပင် အင်စပက်တော် မောင်သံခိပ်အိမ်သို့ လိုက်သွားလိုစိတ်များ ပြင်းထန်နေသည်၊

သို့သော်....

ကျွန်ုပ် ယခုအချိန်သွားလျှင် ပြန်ရန် အခက်အခဲရှိမည်စိုးသောကြောင့် ချုပ်တည်းထားရသည်၊

ည အတော်နက်သည့်တိုင် အိပ်မပျော်ဘဲ ရှိနေသောကြောင့် အိမ်တွင် သိမ်းထားသော ရမ်ကို လေးပက်ခန့် သောက်ပြီး အိပ်ရာဝင်လျက် ဇွတ်မှိတ်ပြီးအိပ်လိုက်ရသည်။



နောက်တစ်နေ့နံနက် ၇း၃၀-နာရီတွင် ကျွန်ုပ်၏ ဇနီးက လာရောက်၍ အိပ်ရာမှ နိုးလေသည်။

'အစ်ကို....အစ်ကို ထတော့၊ အိမ်ရှေ့မှာ အင်စပက်တော် မင်း ရောက်နေတယ်'

အင်စပက်တော် ဟူသော အသံကြောင့် ကျွန်ုပ် အိပ်ရာမှ လူးလဲထလိုက်သည်။

ကျွန်ုပ်ဧည့်ခန်းသို့ထွက်ကြည့်လိုက်ရာ သတင်းစာ တစ်စောင် ထိုင်ဖတ်နေသော အင်စပက်တော် မောင်သံခိပ်ကို တွေ့လိုက်ရသည်။

'ဦးမနေ့က တစ်နေ့လုံးမျှော်ရတယ် မဟုတ်လား'

'ဟုတ်ပါ့ အင်စပက်တာရယ်၊ ကျွန်တော်ဖြင့် ညကအိပ်လို့တောင် မပျော်ဘူး'

'အဲဒါနဲ့ ရမ် နည်းနည်းသောက်ပြီး အိပ်ရာထဲ ဝင်ရတယ်ပေါ့'

'ဟုတ်တယ် အင်စပက်တာ၊ ကျွန်တော် ရမ် သောက်တာ ဘယ်လိုသိတာလဲ၊

'ဦး ခါတိုင်း ဒီအချိန် အိပ်ရာက ထနေကျလေ၊ မနေ့က ကျွန်တော်နဲ့ စံသွန်း ပါသွားတာကို ဦးကျေနပ်တာ မဟုတ်ဘဲ ဒီကြားထဲ ကျွန်တော် ရုံးမတက်တော့၊ ဦး စိတ်ပူနေမှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ညဦးပိုင်းကဆို ကျွန်တော် အိမ် လိုက်ကြည့်ဖို့တောင် စဉ်းစား ဦးမယ်၊ ဒီကို အပြန် အခက်အခဲရှိမှာတွေးပြီး မလိုက်ဖြစ်တာ မဟုတ်လား၊ စိတ်က ပူပင်မှုတွေများနေတော့၊ အိပ်လို့ တော် တော်နဲ့ ပျော်မှာ မဟုတ်ဘူးဗျ၊ ဒါဆို ဘာလုပ်မလဲ အိမ်မှာ အဆင်သင့် ရှိနေတဲ့ ရမ်ကို သောက်ပြီး အိပ်ပျော်အောင် ကြိုး စားမှာပေါ့'

'အမယ်လေး...အကြားအမြင်ရနေတဲ့အတိုင်းပါလား၊ အင် စပက်တာရယ်၊ တစ်အိမ်တည်းနေတဲ့ကျွန်တော့် မိန်းမတောင် ကျွန်တော့် စိတ်ထဲဖြစ်နေတာ လုပ်နေတာတွေ မသိဘူး၊ အင်စ ပက်တာ ပြောတာ တစ်လုံးမှကို မလွဲဘူးဗျာ'

'ဘာမှ မခက်ပါဘူး ဦးရယ်၊ ဆက်စပ်တွေးခေါ်တတ်ဖို့ပဲ အရေးကြီးတာပါ'

'အင်စပက်တော်ကသာ မခက်ဘူးပြောတာဗျာ၊ အကြား အမြင် ရပါတယ် ဆိုတဲ့ ဘိုးတော်တွေတောင် ဒီလိုတိတ်ကျကျ ပြောနိုင်မှာ မဟုတ်ပါဘူး'

'ကဲ...အဲဒါတွေ နောက်မှ ပြောတာပေါ့ ဦးရယ်၊ အဝတ် အစားလဲ မနက်စာလဲ လမ်းမှာပဲ စားကြတာပေါ့၊ တရားခံ ဖမ်းမှာနော်...သေနတ်နဲ့လက်ထိတ်ပါ တစ်ခါတည်းယူခဲ့'

ထိုအခါကျမှ...

မောင်သံနိပ်ကို ကျွန်ုပ်သတိထား ကြည့်မိသည်။



မောင်းဘီရှည့်ဝတ်ထားသော်လည်း အရပ်ဝတ်နှင့် ဖြစ် သည်။

သူ၏ နံပါတ်မှ တက္ကသိုလ်ကျောင်းသား ပေါက်စ တစ်ဦး ပမာ ရှိနေသည်။

ကျွန်ုပ်တို့၏ဘားလေးမှာသော ကြဲ့လမ်းဆုံသို့ရောက်သော အခါမှ လက်ဖက်ရည်ဆိုင် တစ်ဆိုင် ရှေ့တွင် ရပ်ပြီး ကျွန်ုပ်တို့ ကော်ဖီသောက်ကြသည်။

ကျွန်ုပ်က...

'စိတ်ထွန်းဟာ တကယ် တရားခံ မဟုတ်ဘူးလား အင်စပက် တာ...'

'မဟုတ်လို့ပေါ့ ဦးရယ်'

'ကျွန်တော်တော့ စဉ်းစားလို့ မရတာ အမှန်ပဲ အင်စပက် တာ...'

'ခုတော့မစဉ်းစားပါနဲ့ဦး၊ မကြာခင် ဦးကိုယ်တိုင် တရားခံ ကို လက်ထိတ်ခတ်ရတော့မှာပါ'

'ဘယ်သူများလဲအင်စပက်တာ'

ကျွန်ုပ်၏ အမေးကို မောင်သံနိပ်က ပြန်မဖြေဘဲ ပြုံးသည်။

'ခဏလေး သည်းခံစောင့်လိုက်ပါဦးရယ်'

ဤသို့ဖြင့်...

ကျွန်ုပ်တို့ ခရီး ဆက်လာကြရာ ပြည်မြို့သို့ ရောက်လာကြ သည်။

www.burmeseclassic.com

www.burmeseclassic.com



ထမင်းဆိုင်တစ်ဆိုင်ရှေ့ ရောက်သွားသောအခါ မောင်သံနိပ်က တားကို ရပ်လိုက်သည်။

ထို့ကြောင့် ကျွန်ုပ်သည် ဤဆိုင်မှာ ထမင်းစားကြမည်ဟု တွေးလိုက်သည်။

'ဦး လိုအပ်ရင် သေနတ်ကို အလျင်အမြန် ထုတ်နိုင်အောင် လုပ်ထားနော်'

မောင်သံနိပ်က ပြောပြောဆိုဆို တားပေါ်မှ ဆင်းသွားသဖြင့် ကျွန်ုပ်လည်း လိုက်ဆင်းလိုက်ရသည်။

ထမင်းဆိုင်လေးမှာ အကာအရံမရှိဘဲ အောက်ခြေကိုသာ ရာဇမတ်ကွက်သဏ္ဌာန် ဝါးများကို ယက်ပြီး ကာထားသည်။

ဆိုင်အတွင်း၌ ထမင်းစားနေသူများ သိပ်မရှိလှပေ။

မောင်သံနိပ်က တစ်ဦးတည်း ထမင်းစားနေသူရှိရာ စားပွဲသို့ တည့်မတ်စွာလျှောက်သွားသဖြင့် ကျွန်ုပ်လည်း ကပ်လိုက်သွားရသည်။

ထိုသူနှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သဖြင့် ကျွန်ုပ်ပါ ထိုင်လိုက်သည်။

'ဦးမင်းမောင် ဘယ်သွားမလို့လဲ'

မောင်သံနိပ် စကားကြောင့် ထိုသူက မော့ကြည့်လိုက်သည်။



'အော်....ကိုကို မိတ်ဆွေထင်ပါရဲ့၊ ကျွန်တော် မင်းမောင် မဟုတ်ပါဘူး၊ မင်းခေါင်ပါခင်ဗျ'

'ကျွန်တော် မြင်တာတော့ မင်းခေါင် မဖြစ်နိုင်ပါဘူး၊ မင်းမောင်ပဲ ဖြစ်မှာပါ'

မောင်သံနိပ်က ဇွတ်ပြောသဖြင့် ထိုပုဂ္ဂိုလ်က ပြုံးလိုက်သည်။

'မိတ်ဆွေကိုက ဘာမှ မသိဘဲကိုး၊ မိတ်ဆွေတို့ မေးနေတဲ့ မင်းမောင်ဆိုတာ ကျွန်တော့် အစ်ကိုပါ၊ သူက မကြာသေးခင်က သေသွားပါပြီ၊ သတင်းစာတွေထဲမှာတောင် ပါပါတယ်၊ လူသတ်ခံရရှာတာပါဗျာ၊ ကျွန်တော်က သူနဲ့ အမြွှာ ညီအစ်ကို မင်းခေါင်ပါ'

'ကျွန်တော်ကတော့ မိတ်ဆွေဟာ ဦးမင်းမောင်လို့ပဲ ထင်တယ်ဗျာ'

ကျား၊ ကျားမီးယပ်ဆိုသကဲ့သို့ ဇွတ်ပြောနေသော မောင်သံနိပ်ကို ထိုလူ စိတ်ဆိုးသွားပုံရပြီး စူးစူးရဲရဲ စိုက်ကြည့်လိုက်၏။

မောင်သံနိပ်ကလည်း ပြန်ကြည့်နေသည်။

မကြာမီ...

ထိုသူ၏ မျက်နှာဟန် ပြောင်းသွားပြီး တဟားဟားရယ်သည်။

'ဟား...ဟား...ဟား ကျွန်တော်တို့ အမြွှာညီအစ်ကို နှစ်ယောက်ကို မိတ်ဆွေလူမှားတာ မဆန်းပါဘူး၊ ကျွန်တော်တို့ မိဘတွေတောင် မှားကြပါတယ်....

www.burmeseclassic.com

www.burmeseclassic.com



'ဒါကြောင့် ကျွန်တော့်ကို ဟောဒီပတ္တမြားဆွဲကြိုး ကိုကို့ အတွက် စိန်ဆွဲကြိုး ဆင်ပေးတာပြီး ခွဲထားရတယ်လေ'

'ခင်ဗျား မိဘတွေ မှားပေမယ့် ကျွန်တော်မမှားပါဘူး၊ ဦးမင်းမောင် ကျွန်တော် စီအိုင်ဒီက အင်စပက်တော် မောင်သံနိပ်ပါ၊ ဆက်ပြီး ဟန်ဆောင်ဖို့ မကြိုးစားပါနဲ့'

မောင်သံနိပ် အမည်ကြားလိုက်ရသောအခါမှ ရယ်နေသော ထိုသူသည် ရပ်တန့်သွားပြီး မောင်သံနိပ်ကို ကြည့်လိုက်သည်၊

'ဩော်...စကောဒတလန်ယာဒ်ကတောင် မှတ်ဘမ်းတင်ရတဲ့ စုံထောက်ကြီး အင်စပက်တော် သံနိပ်ကိုး တော်ပါတယ်ဗျာ၊ ဒီကိစ္စကို ခင်ဗျားသာ မဖော်ရင် ဘယ်ပုလိပ်မှ စုံစမ်းလို့ရမှာ မဟုတ်ပါဘူး'

ကိုမင်းမောင်မှာ တည်တည်ငြိမ်ငြိမ်နှင့်ပင် မောင်သံနိပ်ကို ချီးကျူးမနေသေးသည်။

ထိုအခါမှ....

စိတ်ထွန်း တရားခံမဟုတ်ဘူးဟု မောင်သံနိပ် ပြောသည်မှာ မှန်နေကြောင်း သိရတော့သည်။

ထိုစဉ်..

မမျှော်လင့်သော အပြုအမူတစ်ခုကို ကျွန်ုပ်တို့ ရင်ဆိုင်လိုက် ရသည်။



ကိုမင်းမောင်သည် သူ့ရှေ့မှ ထမင်းစားပွဲကိုမ၍ ကျွန်ုပ်တို့ အပေါ် လှန်ချလိုက်သည်၊

အုံအားသင့်နေသော ကျွန်ုပ်မှာ စားပွဲနှင့်အတူ ပက်လက် လန်ကျသွားလေသည်၊

သတိနှင့်နေဟန်တူသော မောင်သံနိပ်က နောက်သို့ ခုန် ဆုတ်သွား၏၊

ထိုအချိန်တွင်....

ကိုမင်းမောင်သည် ဆိုင်အပြင်သို့ ခုန်ထွက်ပြီး ပြေးရန် ပြင် သည်၊

မောင်သံနိပ်ကလည်း ထင်ကြွမကျွာ ခုန်ထွက်၍ လိုက်ပါ သွားသည်။

ဦးမင်းမောင်မှာ တိုက်ခိုက်ရေးပညာ ကျွမ်းကျင်ဟန်ရှိသည်။

ခုန်ဝင်လာသော မောင်သံနိပ်ကို ခြေဖြင့်ကန်ပြီး တားလိုက် သည်။

အခြားသူသာဆိုလျှင် ပြန်ထလာနိုင်စရာ မရှိပေ၊

သို့သော်...

မောင်သံနိပ်မှာ ခန္ဓာကိုယ်ကို တစ်ပတ်လိမ့်ပြီး ရှောင်သွား သည်။

မောင်သံနိပ် မြေပေါ်အကျ မင်းမောင်၏ ဝိုက်ကက်သီးထား ဆီးကြိုသည်၊

www.burmeseclassic.com

www.burmeseclassic.com



ငုံ့ရှောင်လိုက်သဖြင့် လွတ်သွားသည်။

ကျွန်ုပ်မှာ အပေါ်မှပိနေသော စားပွဲကိုတွန်းဖယ်ပြီး ထ လိုက်သည်။

ကျွန်ုပ်မှာ တစ်ကိုယ်လုံး ဟင်းရည်များ၊ ဟင်းဖတ်များ၊ ထမင်းလုံးများဖြင့် ညစ်ပတ်ပေကျံ ကုန်သည်။

ချိုင်းကြားတွင် ပွက်ယူလာခဲ့သောသေနတ်ကို ဆွဲထုတ်လိုက် သည်။

သို့သော်....

မောခိသံပိင်နှင့် မင်းမောင်မှာ အကြိတ်အနယ်သတ်ပုတ်နေ သောကြောင့် ကျွန်ုပ်မှာ ဝင်ခွင့်မသာဘဲ ဖြစ်နေ၏။

တစ်ကိုယ်လုံး ညစ်ပတ်ပေရေလျက် သေနတ်တကားကား ဖြင့် ပစ်ကွင်းရှာနေသော ကျွန်ုပ်၏ပုံမှာ ဘေးကမြင်သူတို့ ဟား တိုက်ရယ်စရာ ဖြစ်နေပေလိမ့်မည်။

ကိုက် ခိုက် ရေး ကျွမ်း ကျင်သူ နှစ်ဦး ဖြစ်သဖြင့် လက်ဝှေ့ပွဲ ကောင်းတစ်ခု ကြည့်နေရသကဲ့သို့ ဖြစ်နေ၏။

သို့သော်...

မောင်သံခိပ်မှာ မင်းမောင်ကို ကိုင်ပေါက်လွှဲချလိုက်သည်ကို တွေ့လိုက်ရသည်။



ထိုအခါမှ....

ကျွန်ုပ်သည် ပြေး၍ ကိုယ်ဖြင့်ဖိကာ လက်ထိတ်ခတ်လိုက်ရ သည်။

ထိုနေ့က ကျွန်ုပ်သည် ပြည်မြို့မှပြန်လာပြီး အင်းစိန်ရောက် မှ ကမန်းကတန်း ရေမိုးချိုးရတော့သည်။

အပြန်လမ်းတစ်လျှောက် ကိုမင်းမောင်မှာ ထွက်ပြေးရန် လုံးဝမကြိုးစားဘဲ အေးဆေးစွာ လိုက်ပါလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ကျွန်ုပ်ရေမိုးချိုးပြီး ရုံးဘက်သို့ ပြန်သွားသောအခါ အမှုစစ်အခန်းအတွင်းဝယ် အင်စပက်တော် မောင်သံခိုင် အပြင် ပုလိပ်မင်းကြီးပါ ရောက်နေသည်ကို တွေ့ရသည်။

ကျွန်ုပ်ဝင်လာသည်ကိုမြင်လျှင် မင်းကြီးသည် ပြုံးပြ၍ဆီးကြိုသည်။

'ဒီအမှုမှာ အင်စပက်တာအပြင် အိုင်အိုကြီးပါ အတွေးကြီးစားလိုက်ရတာပဲ၊ ကဲ...ကဲ...အင်စပက်တာတို့ ထမင်းသွားစားလိုက်ပါဦး၊ နောက်မှ အေးအေးဆေးဆေး အမှုစစ်ကြပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်မှာ ပုလိပ်မင်းကြီးထံမှ ဤစကားမျိုး ကြားလိုက်ရသောအခါ အိုင်ယာသန်ထီပေါက်သကဲ့သို့ပင် ဝမ်းမြောက်သွားမိသည်။

ကျွန်ုပ် ပုလိပ်သက်တမ်း တစ်လျှောက် ဤကဲ့သို့ ပြုံးရွှင်စွာဖြင့် အလိုက်တသိ ခွင့်ပြုချက်မျိုး တစ်ကြိမ်တစ်ခါမျှ မကြုံဘူးခဲ့ပေ။

ထို့ကြောင့်…

ဝမ်းပန်းတသာ မင်းကြီးနှင့်အင်စပက်တာကို အလေးပြုပြီး လိုင်းခန်းသို့ ပြန်ပြေး၏။

ထမင်းစားရင်းပင် မင်းကြီးက ခွင့်ပြုချက်ပေးလိုက်သဖြင့် လာပြန်စားကြောင်း ဇနီးဖြစ်သူကို ထုတ်ပြောမိ၏။

ကျွန်ုပ်က ဂုဏ်ယူပြီးပြောနေသော်လည်း ဇနီးသည်မှာ ထူးဆန်းအံ့ဩမှု လုံးဝမရှိသောကြောင့် နည်းနည်း ရှက်သွားမိသည်။

ကျွန်ုပ်မှာ ကိုယ်ပိုင်အောင်မြင်မှု မဟုတ်သော်လည်း အားလုံး ထင်ထားသည့်အတိုင်းမဟုတ်ဘဲ တရားခံအစစ်ကို ဖမ်းဆီးရမိခြင်းအတွက် ဝမ်းသာ ဂုဏ်ယူနေမိသည်မှာ အမှန်ပင် ဖြစ်သည်။



ထမင်းကို အမြန်စားသောက်ပြီးနောက် အမှုစစ်အခန်းသို့ အလျင်အမြန် ပြန်သွားသည်။

ထို့နောက်…

တရားခံ မင်းမောင်ကို စစ်ဆေးခြင်းကို စတင်သည်။

မင်းမောင်မှာ အေးဆေးတည်ငြိမ်စွာ ပြောနေသည်။

အမှုဖြစ်စဉ်မျှသာမက အမှုဖြစ်စေခဲ့သော နောက်ခံဘဝ ဖြစ်စဉ်များကိုပင် အသေးစိတ်ပြောပြသည်။

ကျွန်ုပ်မှာ ကိုမင်းမောင် ထွက်ဆိုချက်အားလုံးကို တစ်လုံးမကျန်စေရဘဲ၊ လက်ရေးတိုဖြင့် လိုက်မှတ်သည်။

အင်စပက်တော် မောင်သံခိပ်က မေးလိုက်၊ ကျွန်ုပ်က မေးလိုက်ဖြင့် အမှုကို တစ်ညလုံး စစ်လိုက်သည်။

ထိုနေ့က ကျွန်ုပ်ကိုယ်တိုင် စိတ်ပါဝင်စားစွာဖြင့် အင်စပက်တော် မောင်သံခိပ်နှင့်အတူ နှစ်ဆယ့်လေးနာရီလုံးလုံးအမှုကိစ္စဝယ် နစ်မြုပ်ခဲ့လေသည်။

ကျွန်ုပ်၏ ပုလိပ်ဘဝတွင် ထိုနေ့သည် အပျော်ဆုံးနေ့ ဖြစ်ခဲ့ရသည်။

သို့သော်…

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ စစ်ဆေးသော ထွက်ဆိုချက်များကို ရိပို့အတွက် ဘာသာပြန်ရေးရာတွင်မူ အလွန် ဝမ်းနည်းသွားဖွယ် ကောင်းသော အချစ်ဇာတ်လမ်းတစ်ပုဒ်အဖြစ် တွေ့ရှိလိုက်ရလေသည်။ ရန်ကုန်မြို့၏ မျက်နှာဖုံးစာရင်းဝင် ကုန်သည်ကြီးများ အသင်း ဥက္ကဋ္ဌ ဦးမင်းမောင်၏ အဖြစ်အပျက်သည်ကား...

## အခန်း (၇)

ကျွန်တော်တို့က မိဘမျိုးရိုးအလိုက် ကုန်သည်မျိုးရိုးဖြစ်သလို အစဉ်အဆက်ချမ်းသာခဲ့တာပါ...။

မွေးချင်းက နှစ်ယောက်ဘဲ ရှိပါတယ်...။

ကျွန်တော်က မင်းမောင်ဖြစ်ပြီး၊ ကျွန်တော့်ညီက မင်းခေါင်ပါ...။

စက္ကန့်ပိုင်းလောက်ပဲကွာတဲ့ ကျွန်တော်တို့ အမွှာ ညီအစ်ကိုတွေဟာ အလွန်တူပါတယ်။

ဘယ်လောက်အထိ တူသလဲဆိုရင် ဝမ်းနဲ့ လွယ်မွေး ခဲ့တဲ့ အမေကိုယ်တိုင် ခွဲခြားရ အတော်ခက်ခဲခဲ့တယ် လို့ ပြောခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ကျွန်တော် ကို စိန်နဲ့လုပ်ထားတဲ့ လော့ကက်သီး ပါတဲ့ ဆွဲကြိုးကို ဆင်ထားပြီး...၊ ညီလေး မင်းခေါင် ကိုတော့ ငွေနဲ့လုပ်ထားတဲ့ လော့ကက်သီးလေး ဝတ်ဆင်ပေးထားပါတယ်။

အဲဒီ ဆွဲသီးလေးတွေကပဲ ဘယ်သူဟာ မင်းမောင်၊ ဘယ်သူဟာ မင်းခေါင်ဆိုတာ ခွဲခြားပေးနိုင်တာပါ။

အဲဒီလောက်ကို တူလွန်းတဲ့ ကျွန်တော်တို့ ညီအစ်ကိုတွေဟာ လုံးဝ မတူတဲ့ အချက်တွေလည်း ရှိပါတယ်။

အဲဒါကတော့ အကျင့်စရိုက်တွေပါပဲ....။

ငယ်ငယ်ကတည်းကကို ကျွန်တော်က စာဖတ်နေပြီး၊ ဘယ်သူနဲ့မှ အပေါင်းအသင်းမလုပ်ဘဲ ပျော်မွေ့တတ်ပြီး၊ ညီလေး မင်းခေါင်ကတော့ အပေါင်းအသင်းများနဲ့ လျှောက်လည်ပြီး ပျော်မွေ့တတ်ပါတယ်။

နည်းနည်း အရွယ် ရောက်လာတော့လည်း ကျွန်တော်ဟာ စာပေရယ်၊ မိဘတို့ရဲ့ လက်ငုပ်လုပ်ငန်းရယ်ကိုပဲ စိတ်ဝင်စားပါတယ်။

စာပေအသိုင်းအဝိုင်းကလွဲရင် ပွဲရုံ ကုန်စည်တွေ ကြားမှာ မိဘတွေကို ကူညီလုပ်ကိုင်ပေးရင်း အချိန်ကုန်လေ့ရှိပါတယ်။

ကျွန်တော့်မှာ ရွယ်တူ အပေါင်းအသင်းသာ မရှိပေမယ့် မြန်မာပြည်အရပ်ရပ်က ကုန်သည်ကြီးငယ်များနဲ့ ရင်းနှီးကျွမ်းဝင်လာပါတယ်။



မင်းခေါင်ကတော့... ပညာရေးကို စိတ်မဝင်စားတော့ဘဲ၊ သူငယ်ချင်းအပေါင်းအသင်း၊ ပေါင်းစုံနဲ့တွဲနေတော့တာပါပဲ။

သူပေါင်းတဲ့သူမှန်သမျှ ကျွန်တော်အတော့ လူကြီးမျက်စိလို ဖြစ်နေတော့ တစ်ယောက်မှ ကြည့်လို့မရပါဘူး။

မင်းခေါင်ဟာ စီးပွားရေးက လွဲရင် အားလုံး ကျွမ်းကျင်တယ်မြောက်သွားတော့တာပါပဲ။

အထူးသဖြင့် မကောင်းမှုမှန်သမျှ လုပ်တတ်...ကိုင်တတ်... ကျွမ်းကျင်အဆင့်လို့တောင် ပြောရင် ရမှာပါ။

အဖေက မင်းခေါင်ကို ကျွန်တော့်လို စီးပွားရေးမှာစိတ်ဝင်စားစေချင်တယ်။

မင်းခေါင် စရိုက်က ကျွန်တော်ပြောခဲ့ပြီးပြီပဲ၊ ဘယ်လိုလုပ်ပြီး စိတ်ဝင်စားမှာလဲ....။

ပထမတော့ အဖေကဆူပူကြိမ်းမောင်းပါတယ်၊ ဒါပေမယ့် အမေရယ် ကျွန်တော်ရယ်က ရှေ့ကနေ ကာဆီးကာဆီး လုပ်တတ်ကြလို့မို့၊ ကြာတော့ အဖေက လက်လျှော့သွားပုံ ရပါတယ်။

သူမကျေနပ်ချင် နေ့ဖြစ်မယ့်ကောင် ဆိုတာလေးလောက်ပဲပြောတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်က အဖေဟာ နဂိုကတည်းက လူအေးတစ်ယောက်ပါ။ ကျွန်တော့်ကို အားကိုးရပြီဆိုကတည်းက ပွဲရုံလုပ်ငန်းတွေ သိပ်ပြီး မလုပ်တော့ပါဘူး။

အမေနဲ့ ကျွန်တော့်ကိုပဲ ဦးစီးလုပ်ကိုင်စေတော့တာပါတယ်....။ သူကတော့ ဘာသာရေးဘက်ကို ရောက်သွားပါတယ်။

အဲဒီလို အမေနဲ့ ကျွန်တော် ပွဲရုံကို ဦးစီးလုပ်ကိုင်တာကပဲ မင်းခေါင်ကို ပျက်စီးစေဖို့ အားပေးလိုက်သလိုပါပဲ။

သူ လုပ်ချင်တာ သူဖြစ်ချင်တာ မှန်သမျှ ဖြစ်ခွင့် လုပ်ခွင့်ရသွားတယ်လေ။

ကျွန်တော်တို့ သားအမိ ရှာသမျှတွေဟာ သူ ဖြုန်းတီးဖို့လို ဖြစ်လာတော့တယ်။

သူ ဘယ်လောက်ဖြုန်းဖြုန်း ပွဲရုံလုပ်ငန်းကလည်း သူမတူအောင် ကောင်းနေတာမို့ တိုးတက်သည်ထက် တိုးတက်ခဲ့ရတာပါ။

ဒါကြောင့် မင်းခေါင် ရောက်လာပြီး ပိုက်ဆံတောင်းတဲ့ အခါတိုင်းမှာ ကျွန်တော်တို့ ပွဲရုံမှာ ကုန်သည်တွေနဲ့ စကားပြောပျက်မှာ စိုးတဲ့အတွက် သိပ်ကြာကြာ ငြင်းဆန်ခြင်း မရှိဘဲ ထုတ်ပေးရမြဲပါ။

တစ်ခါတစ်လေ အလုပ်အရမ်းများတဲ့အခါမျိုးမှာဆို ကိုယ်တိုင်တောင် မယူမပေးမိပါဘူး။



သော့ပစ်ပေးလိုက်ပြီး သူ့ဘာသာသူ နှိုက်ယူခိုင်းလိုက်တာပါပဲ။

တကယ်တော့ ငွေဟာ လူကို ပျက်စီးစေပါတယ်။ ရှာဖွေရတဲ့ တန်ဖိုးကို နားမလည်တဲ့ မင်းခေါင်ဟာ အကြီးအကျယ် ပျက်စီးစေတော့တာပါပဲ။

အရွယ်နဲ့မလိုက်တဲ့ အတတ်ပေါင်းစုံတတ်လာပါတယ်။ အထူးသဖြင့် မိန်းမနဲ့ပတ်သက်ပြီး အကျွမ်းကျင်ဆုံးပါပဲ။

မင်းခေါင်ဟာ ကျွမ်းကျင်သလောက် လုပ်ငန်းထဲမှာ နစ်မြုပ်နေတဲ့ ကျွန်တော်ကတော့ ရွယ်တူ မိန်းကလေးတစ်ယောက်ကိုတောင် မကြည့်ဖူးပါဘူး။

မိသားစုလုပ်ငန်းအပေါ် စိတ်အားရဲ့ အလုံးစုံနှစ်မြှုပ်ထားရတဲ့ ကျွန်တော်ဟာ ချစ်တတ်တဲ့နှလုံးသားတောင်ရှိမယ်လို့ မထင်ဘူးလို့ ကိုယ့်ကိုယ်ကိုလဲ ထင်မိပါတယ်။

ဒါပေမယ့်...ဒါပေမယ့်ပေါ့လေ။

လူတိုင်းမှာ မွေးရာပါ နှလုံးသားတစ်ခုစီ ပါလာစမြဲပါ။ ဒါကြောင့် ခံစားတတ်၊ ချစ်တတ်တဲ့စိတ် ရှိတာပါပဲ။

သူနဲ့တွေ့တဲ့အခါမှ ကျွန်တော် သဘောပေါက်လိုက်တော့တာပါပဲ။

မမျှော်လင့်ဘဲ ကျွန်တော့်ဘဝထဲကို သူမ ရောက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုများ မရောက်လာရင် တစ်မျိုးတစ်ဖုံ ဖြစ်ဦးမှာပါ။ သူမ ရောက်လာပြီးတဲ့နောက်မှာတော့ ကျွန်တော့်ဘဝကြီးတာ မျှော်လင့် မထားတဲ့ကြောင်းအရာတွေ ပေါ်ပေါက်လာတော့တာပါပဲ။

ပူဆွေးသောကဟူသမျှတို့ဟာ အချစ်ကလာတာဆိုတာသိပ်မှန်တာပဲဗျာ။

## အခန်း (၇)

ပွဲရုံကိစ္စ၊ ကုန်ကိစ္စတွေနဲ့ပတ်သက်ပြီး ကျွန်တော်ဟာ ခရီးကြောခဏထွက်ရပါတယ်။

မြည်၊ မန္တလေး၊ မြင်းခြံ၊ မိတ္ထီလာ တို့ရောက်ရသလို ရေး၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင်တို့လည်းသွားရတာပါပဲ။

ရောပတီဆိုတာကတော့ အိမ်ဦးနဲ့ကြမ်းပြင်လို အခေါက်ခေါက်အခါခါပါပဲ။

ကုန်သည်ဆိုတာ ခရီးသွားနိုင်မှ ပိုအကျိုးရှိတာ ဟုတ်ထား။

www.burmeseclassic.com

www.burmeseclassic.com



အဖေ အနားယူပြီးတဲ့နောက်ပိုင်း ခရီးသွားလာရေး တာဝန်တို့ ကျွန်တော်ကလွှဲပြီး ဘယ်သူ လုပ်မှာလဲ။ အမေက သွားရမယ်ဆိုလည်း မဖြစ်နိုင်ဘူးလေ။

ဒါကြောင့် ခရီးမကြာခဏထွက်ရတာ ကျွန်တော့်တာဝန်ပါပဲ။

ခေတ်ဆိုး ခေတ်ပျက်ကြီးမှာ ငွေကြေး မြောက်မြားစွာနဲ့ မြန်မာပြည်အနှံ့ကို ခရီးသွားနေတဲ့ ကျွန်တော်ဟာ ကြောက်စိတ် လုံးဝမရှိပါဘူး။

အဖေနဲ့ အဘိုးတို့က မြန်မာ့သိုင်း၊ ဗန်ဒို၊ ဗန်ရှည်အပြင် ရှမ်းသိုင်း၊ ရှမ်းတရုတ်သိုင်းတွေ သင်ပေးဖူးတာမို့ ကျွန်တော့်ဟာ မိမိကိုယ်မိမိ ယုံကြည်စိတ်ချစွာသွားလာနေတာပါပဲ။

သူတစ်ပါးကို မတရားသဖြင့် မလုပ်ချင်ပေမယ့် ကျွန်တော့်အတွက်ကတော့ ကာကွယ်ဖို့အမြဲအသင့်ပြင်ထားပါတယ်။

ဒီလို သွားရင်းလာရင်းနဲ့ ပဲခူးမြို့မှာ ခင်မာလွင်နဲ့ကျွန်တော် စတွေ့ရတာပါပဲ။

ပဲခူးမြို့ကိုရောက်တိုင်း ကျွန်တော်ဟာ ကုန်သည်ကြီး ဦးလှမောင်အိမ်မှာ တည်းပါတယ်။

ဦးလှမောင်တို့မိသားစုဟာ ကျွန်တော့်ကို အလွန်ဂရုစိုက်ကြပါတယ်။ ဆိုးဝါးသည်ဆို လိုလေသေးမရှိအောင် ဂရုစိုက်ကြတာပါ။



သူတို့ မိသားစုအားလုံးထဲမှာ ဦးလှမောင်၏တူမ ခင်မာလွင်က ဂရုအစိုက်ဆုံးပါပဲ။

ခင်မာလွင်ဟာ ကျွန်တော့်စိတ်ထဲမှာ အလွန်လှတဲ့ မိန်းကလေးတစ်ယောက်ပါ။

မျက်နှာ၊ကိုယ်လုံးကိုယ်ပေါက်၊ အသားအရေအပြစ်ဆိုစရာ မရှိအောင် လှပါတယ်။

အထူးသဖြင့် သူမနဲ့ မျက်လုံးချင်းဆုံလိုက်မိပြီဆို ကျွန်တော် အသက်ရှူရပ်သွားမတတ်ကို ခံစားရပါတယ်။

ရင်ခုံသံတွေဟာ ဂေါ်ရာစစ်တပ် ချီတက်လာတဲ့ ဗုံသံလိုပါပဲ။ မရပ်မနား ဆူညံသွားရပါတယ်။

သူမဟာ ကျွန်တော်နဲ့ အသက်ရွယ်တူဖြစ်ပေမယ့် အလွန်နုနယ်တဲ့အတွက် သူမက အစ်ကိုကြီးခေါ်တဲ့အသံကို နားဝင်အရမ်းချိုမိပါတယ်။

ဒါကြောင့် အထက်မြန်မာပြည် ဘယ်မြို့ကိုသွားသွား၊ ပဲခူးဟာ ကျွန်တော် တစ်ထောက်နားတဲ့နေရာ ဖြစ်ခဲ့ရပါတယ်။ ခါတိုင်း တစ်ရေးနှစ်ရေးမှာ နောက်ပိုင်းနှစ်ရက်ခရီးဖြစ်သွားပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ပဲခူးမှာ ဝင်နားတာတစ်ရက် ပိုသွားရလို့ပါပဲ။

တစ်ခါတစ်လေ အထက်မြန်မာပြည်က ကုန်တွေဝယ်ပြီး ပြန်တဲ့အခါ နောက်ပိုင်းက ကုန်သည်တွေက ငါဂို့ပေးလိုက်

www.burmeseclassic.com



တဲ့ ထုန်ပစ္စည်းတွေ၊ ပွဲရုံကို ရောက်တာတောင် ကျွန်တော်က ပြန်မရောက်သေးတဲ့ ရှိတတ်ပါသေးတယ်။

ကျွန်တော်က ပဲခူးမှာ အချိန်ကုန်သွားတာတတ်ကိုး။

မိန်းမတစ်ယောက် ချစ်တယ်လို့ ဖွင့်ပြောဖို့သတ္တိလုံးဝမရှိတဲ့ ကျွန်တော်ဟာ ဒီလိုနဲ့ နှစ်နှစ်နီးပါးအချိန်သွားပါတယ်။

ယုတ်စွအဆုံး မျက်လုံးချင်းတောင် ဆိုင်ပြီးမကြည့်ရဲတဲ့ ကျွန်တော့ပါ။

ဒါပေမယ့် သူမကို စွဲလမ်းခဲ့မိတာကတော့အမှန်ပဲ၊

ကိုယ့်ကိုယ်ကိုတောင် အံ့ဩမိပါရဲ့။ မိန်းမတစ်ယောက်ကို စွဲလမ်းသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူးပေ။

ဖွင့်မပြောပေမယ့် ကျွန်တော့်ရင်ထဲမှာတော့ သူမကို ချစ်သူအဖြစ် သတ်မှတ်ထားလိုက်ပါတယ်။

အစက တစ်နေ့လုံးကုန်မှ စကားတစ်ခွန်း မပြောဖြစ်ခဲ့တဲ့ သူမနဲ့ ကျွန်တော်ဟာ ရင်းနှီးမှုအဆင့် ရောက်လာပြီလို့ ထင်မှတ်မိတယ်။

အဲဒီလို သတ်မှတ်တာက ကိုယ့်ဘက်ကပဲဖြစ်နေတာမို့ တစ်ထယ်တမ်း ဖွင့်ပြောရဲတဲ့သတ္တိ ကျွန်တော့်မှာ မရှိပါဘူး။

နောက်ဆုံးအခေါက် ပဲခူးရောက်သွားတဲ့ အခါမှာတော့ ဖွင့်ပြောမယ်ဆိုပြီး ဆုံးဖြတ်ချက်နဲ့သွားတာပါ။



အဲဒီနေ့က ကျွန်တော် ရောက်ရောချင်း တုံးစံအတိုင်း မခင်မာလွင်ကပဲ ထွက်ကြိုပါတယ်။

ကျွန်တော့်ကို ခေတ္တနားခိုင်းပြီး ရေမိုးချိုးစေပါတယ်။

ရေချိုးတဲ့အကြောင်း ပြောပြရဦးမယ်။

ကျွန်တော်က ရန်ကုန်သားပီပီ ရေတွင်းထဲကရေကို အချိုးကျကျ မငင်တတ်ပါဘူး။

ဒါကြောင့် ခင်မာလွင်က တွင်းထဲကရေကို ငင်ပေးရမြဲ ဖြစ်ပါတယ်။

အဲဒီနေ့က ရေငင်ပေးရှာင်မကာတဲ့ ရေလောင်းပြီး ရေချိုးပေးပါတယ်။

အဲ့ဒီလိုရေချိုးနေရင်းက သူမကိုဖွင့်ပြောဖို့ စဉ်းစားလိုက်ပါသေးတယ်။

ဒါပေမယ့် ပြောသင့်တဲ့နေရာမဟုတ်တဲ့အတွက်မပြောတော့ဘူးလို့ ထားလိုက်ပါတယ်။

ရေချိုးပြီးတဲ့အခါ ကျွန်တော့်ကျောပြင်ကို သဘက်နဲ့သုတ်ပေးတာကအစ ကျွန်တော့်မှာ ပီတိဖြစ်ရပါတယ်။

နောက်ပြီး ထမင်းခူးခပ်ကျွေးပါတယ်။

ကျွန်တော် ထမင်းစားပြန်တဲ့အခါမှာလည်း သူမဟာအနားနေ ယပ်ခပ်ပြီး ပြုစုပေးပါတယ်။

အဲဒီလို ထမင်းစားရင်း ဖွင့်ပြောမလားလို့ စဉ်းစားမိပါသေးတယ်။

ဒါပေမယ့် ထမင်းသာစားပြီးသွားပေမယ့် ပြောဖို့ကြိုးစားအချိန်ကုန်သွားတာပါပဲ။

www.burmeseclassic.com



'အစ်ကိုကြီး ထည့်စားလေ'

သူမကတော့ ဟင်းကို ခပ်ထည့်ပေးပါတယ်။

သူမနဲ့ ကျွန်တော် မျက်လုံးချင်းစုံတဲ့အခါ သူမရဲ့ မျက်လုံးအကြာ မခံနိုင်လို့ ကိုယ်ကပဲ စတင်မျက်လွှာချရပါတယ်။

သူမရဲ့မျက်လုံးအကြာကို ကျွန်တော် ဘယ်လိုမှ ခံနိုင်ရည် မရှိပါဘူး။

ဒါကြောင့်....

ဖွင့်ပြောမယ်လို့ အားယူထားတဲ့ကျွန်တော်ဟာ စကားလုံးတွေ လည်ချောင်းထဲမှာတင် ပျောက်ဆုံးကုန်တော့တာပါပဲ။

တစ်မနေ့သာကုန်သွားတယ်။

ကျွန်တော် ဖွင့်ပြောဖို့အခွင့်အရေး လုံးဝမရပါဘူး။

အခွင့်အရေးမရဘူးဆိုတဲ့နေရာ တစ်နေ့လုံးအိမ်ကြီးမှာ သူမနဲ့ ကျွန်တော် နှစ်ယောက်တည်း ရှိတာပါ။

အဲဒါ ကျွန်တော့်သတ္တိပဲပေါ့

ကျွန်တော်ကသာ ပြောင်းလဲနေပေမယ့် ခင်မာလွင်ကတော့ ပြုမူဝတ္တရား မပျက်ပါဘူး။

ရေမိုးချိုး အဝတ်အစားလဲပြီး ညစာစားတဲ့အချိန်မှာ ဦးလှမောင်တို့လင်မယား ပြန်ရောက်လာသည်။

ဦးလှမောင်နဲ့ ထိုင်စကားပြောရလေသည်။

အရင်ကဆို ကုန်သည်တွေနဲ့ စကားပြောတဲ့အခါ စိတ်ပါလက်ပါ ရှိတတ်တဲ့ ကျွန်တော်ဟာ အဲဒီညက ဦးလှမောင်နဲ့ စကားပြောရတာ စိတ်မပါပါဘူး။



ကျွန်တော်စိတ်မပါတာကို ရိပ်မိလို့ထင်ပါရဲ့ ဦးလှမောင် အိပ်ရာစောစောစီးစီး ဝင်သွားလေသည်။

အိမ်နေမှ အိမ်ဦးခန်းမှာ ကျွန်တော့်အတွက် အိပ်ရာပြင်လိုက်သည်။

'အစ်ကိုကြီး အိပ်တော့မယ်ဆို အဆင်သင့်ပဲ'

'ဟုတ်ကဲ့...မခင်မာလွင်'

ကျွန်တော် အိပ်ရာထဲဝင်တဲ့အခါ ခင်မာလွင်က ခြင်ထောင်ချပေးတဲ့အပြင် အထဲကိုဝင်ပြီး ခြင်ထောင်ဖိပေးသည်။

ဒါက သူမ လုပ်ပေးနေကြပါပဲ။

ကျွန်တော် ဘယ်လိုမှ စိတ်ထိန်းလို့ မရတော့ပါဘူး သူမရဲ့ လက်လေးကို လှမ်းပြီးဆွဲလိုက်မိသည်။

သူမက ကျွန်တော့်ကို လှည့်ကြည့်လိုက်လေသည်။

'ဘာလိုချင်လို့လဲ အစ်ကိုကြီး'

ကျွန်တော်က ဘာမှမပြောဘဲ သူမလက်ကလေးကိုရင်ဘတ်ပေါ်တင်ပြီး ကိုင်ထားမိလေသည်။

သူမကား ဘာမှမပြောဘဲ ကျွန်တော့်ကို မျက်လုံးဝိုင်းကြီးတွေနဲ့ စိုက်ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

နောက်တစ်နေ့မနက်မှာ ကျွန်တော် နေအတော်မြင့်မှ အိပ်ရာက နိုးလာသည်။

ခင်မာလှိုင် ဘယ်အချိန်က ထသွားတယ်ဆိုတာတောင် ကျွန်တော် မသိလိုက်ပါဘူး။

ဦးလှမောင်တို့မိသားစုတွေတောင် အလုပ်ကို ထွက်သွားကြသည်။

အိမ်မှာ ထုံးစံအတိုင်း ကျွန်တော် နှင့် ခင်မာလှိုင်သာ နှစ်ယောက်တည်း ကျန်နေခဲ့သည်။

ကျွန်တော် အိပ်ရာက ထလိုက်တယ်ဆိုရင်ပဲ မျက်နှာသစ်ဖို့ အသင့်ပြင်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး မျက်နှာသစ်လိုက်၊ အမာ ကော်ဖီဖျော်ထားလိုက်မယ်'

ကျွန်တော် သူမကို အကဲခတ်လိုက်တော့ ခါတိုင်းထုံးစံလိုပါပဲ။

ဘာပြောင်းအလဲ မရှိပါဘူး။

ကျွန်တော် မျက်နှာသစ်ပြီးတဲ့အခါ ကော်ဖီနှင့်ဘိန်းမုန့်ကို လာချပေးသည်။

ကျွန်တော် သူမ၏လက်ကိုဆွဲပြီး ရင်ခွင်အတွင်းသို့ ဆွဲသွင်းလိုက်သည်။

သူမက ကျွန်တော်ပါးကို ဖွဖွလေးနမ်းပြီး....

'ကော်ဖီသောက်လိုက်ပါဦး အစ်ကိုကြီးရဲ့၊ အမာလဲ ချက်ပြုတ်လို့ မပြီးသေးဘူး'

ဟုဆိုကာ ပြုံးပြုံးလေးထသွားလေ၏။

ကျွန်တော် ဘာမှမပြောနိုင်၊ မပြောနိုင်ခင်မှာပဲ ခင်မာလွင် မီးဖိုခန်းထဲကို ပြန်ရောက်သွားလေသည်။

ဒါကြောင့်....

ကျွန်တော်လည်း ဧည့်ခန်းမှာ ကော်ဖီသောက်ပြီး ကျန်နေခဲ့သည်။



တစ်မနက်လုံး ဧည့်ခန်းမှာ ကျွန်တော်တစ်ယောက်တည်းရှိနေတာမို့ ပျင်းတာနဲ့ သတင်းစာဖတ်နေလိုက်သည်။

ခင်မာလွင် ပြန် ထွက် လာတဲ့ အခါမှာတော့ ကျွန်တော့်အတွက် နံနက်စာ ထမင်းပါပြင်ဆင်ပြီး ရောက်လာပါတယ်။

'အစ်ကိုကြီး ထမင်းစားလိုက်ပါဦး'

ကျွန်တော် ထမင်းစားတဲ့အခါမှာ ခါတိုင်းလိုပဲ အနားကနေ ပြုစုလုပ်ကိုင်ပေးနေသည်။

စားသောက်ပြီးလို့ ထမင်းပွဲသိမ်းပြီးတဲ့အခါမှ ခင်မာလွင် ကျွန်တော့်အနား ပြန်ရောက်လာလေ၏။

သူမ အနားကို ရောက်တယ်ဆိုရင်ပဲ ကျွန်တော် ဖက်လိုက်တဲ့အခါ သူမကလည်း အသိုက်သင့် ရင်ခွင်ထဲပါလာပြီး ပြန်ဖက်ထားလိုက်လေ၏။

လူကိုလည်း တစ်ကိုယ်လုံးကင်းကျပ်စွာ ဖက်တွယ်ထားလေသည်။

နမ်းရင်း နမ်းရင်း ငိုရှိုက်သံကြားလို့ ထင်မိတာမို့ သူမမျက်နှာကို ကြည့်လိုက်တဲ့အခါ တကယ်ငိုနေတာကို တွေ့ရသည်။

'ဘာဖြစ်လို့ငိုနေတာလဲ အမာ'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မေးပေမယ့် သူမ ပြန်မဖြေပါဘူး။

အတော်ကြာတဲ့အခါမှ ကျွန်တော့်ခြေရင်းမှာ ထိုင်ချလိုက်ရင်း....

'အစ်ကိုကြီး အမှာ့ကိုချစ်သလို အမာလဲ အစ်ကိုကြီးကို ချစ်ပါတယ်၊ အစ်ကိုကြီး လိုအပ်တာမှန်သမျှ အမာပေးဖို့ အသင့်ပါပဲ....

'ဒါပေမယ့် အစ်ကိုကြီးရယ်၊ အမာ့ကို တကယ်မချစ်ပါနဲ့။ တကယ် မချစ်မိပါစေနဲ့၊ အမာနဲ့ အစ်ကိုကြီး မတန်ပါဘူး'

သူမရဲ့စကားကြောင့် ကျွန်တော် တုန်လှုပ်သွားပါတယ်၊ သိချင်စိတ်လည်း ပြင်းပြသွားပါတယ်။

'ဘာမျှား ဖြစ်လို့လဲ အမာ၊ အစ်ကိုကြီးကို ပြောပြပါဦး'

သိချင်စိတ်စောနှင့် အလျှင်အမြန် ပြောစေချင်ကာမှ ခင်မာလွင်မှာ ရှို့ရှို့ငိုရှိုက်ပါတော့တယ်။

သူမရဲ့ မျက်ရည်တွေကို ကျွန်တော် မြင်နိုင်စွမ်းမရှိဘဲ ဖြစ်ပါတယ်။

သူမရဲ့မျက် ရည်ကစ်စက်က ကျွန်တော့်အသည်းကိုချေဖျက်ချသလိုခံစားရပါတယ်။



ဘာအကြောင်းအရာမှန်း မသိပေမယ့် သူမကို ဖေ့ဖက်ပြီး ဖြေသိမ့်ပေးခဲ့မိပါတယ်။

အတန်ကြာမှ ခင်မာလွင်မှာ ငိုသို့ဝတယ်ထင်ပါတယ်။

'အမာဟာ အပျို စစ်စစ် မဟုတ်ပါဘူး အစ်ကြီးရယ်....၊ ဒီပဲခူးမြို့ကို မြို့ပိုင်စမစ်ဒွန်း ပြောင်းလာတဲ့ အချိန်မှာ အမာရဲ့ အဖေဟာ သစ်ဆွဲတဲ့ နွားလှည်း မောင်းဘာမို့ တစ်နေ့မှာ သစ်ခိုးထုတ်မှုနဲ့ အဖမ်းခံလိုက်ရပါတယ်....

'အမာမှာ အဖေတစ်ယောက်ကိုပဲ အားကိုးနေရတာဆိုတော့ အဖေလွတ်မြောက်ရေးအတွက် မြို့ပိုင်စမစ်ဒွန်းကိုသွားတွေ့ပါတယ်၊ ရှင်းရှင်းပြောရရင် အစ်ကိုကြီးရယ် မြို့ပိုင်ကိုလှူနဲ့သာဘ်ထိုးရတာပါ'

ကျွန်တော် မကြားဆုံးအကြောင်းအရာ ဖြစ်နေပါပြီ။

ကျွန်တော် ဆက်ပြီး နားထောင်နိုင်စွမ်း မရှိတော့ပါဘူး။ ဒါကြောင့် တားဆီး လိုက်မယ်လို့ စိတ် ကူး လိုက် ပေ မယ့် အကြောင်းစုံကို သိချင်နေမိပါတယ်။

'အမာဟာ ဘိုကတော်တော့ ဖြစ်သွားပါတယ်၊ လူသိရှင်ကြား လက်ထပ်ပွဲကို မြို့ဝန်က လုပ်ပေးပါတယ်...၊ အမာ အဖြစ်စေချင်ဆုံးဖြစ်တဲ့ အဖေ ထောင်မကျရေးကတော့ မဖြစ်သာပါဘူး....

www.burmeseclassic.com

www.burmeseclassic.com



'မစ်ဒွန်းဆိုတဲ့ လူကြီးဟာ သူ့တာဝန်ကို ဘယ်လို လေးစားကြောင်း၊ ဓါယာကွန်မကိုတောင် ဥပဒေနဲ့ ပတ်သက်လာရင် မျက်နှာသာ မပေးကြောင်း၊ သူ့ကိုမျက်နှာဖြူ အသိုင်းအဝိုင်းမှာ ဂုဏ်လုပ်သွားပါတယ်'

'တင်'

'ဟုတ်တယ် အစ်ကိုကြီး၊ နောက်ဆုံးတော့ အဖေဟာ အိုမင်းစွမ်းနဲ့ ထောင်ထဲမှာကြာကြာမနေလိုက်ရရှာပါဘူး၊ သေဆုံးသွားပါတယ်၊'

'ဩော်....ဒုက္ခပါပဲလား'

'တကယ် ဒုက္ခပါပဲ အစ်ကိုကြီးရယ်၊ မြို့ပိုင်ကတော် ဖြစ်နေတဲ့ အမေဟာ ဖခင်အတွက် ဘာမှမလုပ်ပေးနိုင်ခဲ့ပါဘူး၊ ဆွမ်းသွတ် အမျှဝေတာတောင် ဘုန်းကြီးကျောင်းမှာ သွားလုပ်ခဲ့ရတာပါ....

'မြို့ပိုင်နဲ့ နှစ်နှစ်လောက်ပေါင်းပြီးတဲ့အခါ၊ သူကအင်္ဂလန် ပြန်သွားပါတယ်၊ ဒီလိုနဲ့ ဘိုကတော်အကျ တစ်ခုလပ်မအဖြစ် ဒီအိမ်ကြီး တစ်လုံးနဲ့ အမေတစ်ယောက်တည်းကျန်ခဲ့ရပါတယ်၊ ဒါကြောင့် ဦးလေး လူမောင်တို့ မိသားစုကို ခေါ်ထားရတာပါ....'

ကျွန်တော် အမေ့ရဲ့ ဘဝဖြစ်စဉ်ကိုသိပြီးမှ ဘာဆက်ပြောရမလဲ မသိအောင် ဖြစ်သွားပါတယ်။



ကျွန်တော် ချစ်သူကို စင်းလုံးချော အပြစ်ကင်းကင်း ဖြစ်စေချင်တာ မဖြစ်ရပါဘူး။

ကျွန်တော့် ကံကြမ္မာက ဒီလိုပဲ ဖန်လာခဲ့ပြီကိုး၊

အချစ်ဦးမို့ အရူးအမူးဖြစ်ချိန်မှာ ချစ်သူဟာ အပျိုစစ်စစ် မဟုတ်ဘဲ တစ်ခုလပ်ဖြစ်နေခဲ့ရတာကိုး၊

ကျောက်ကောင်းမှန်လျှင် ဖက်ထုပ်ပါ မြဲလို့ပဲ သတ်မှတ်လိုက်ပါတယ်၊

'အစ်ကိုကြီး အမေ့ကို ရွံ့သွားပြီမဟုတ်လား၊ အဲဒါကြောင့် အမေ့ကို မချစ်ပါနဲ့လို့ ပြောတာပါ အစ်ကိုကြီးရယ်'

ကျွန်တော့်ကို တိုးဝှေ့ဖက်ပြီး ခင်မာလွင်က ပြောတာကို ကျွန်တော် ဘယ်လိုစကားနဲ့ တုံ့ပြန်ရမည်ဆိုတာ မသိပါဘူး၊

'ဘာပဲ ဖြစ်ဖြစ်၊ အမေ့ကို စွဲစွဲလမ်းလမ်း မချစ်မိအောင် ထိန်းပါအစ်ကိုကြီးရယ်၊ အမေဟာ အစ်ကိုကြီးလို လူနဲ့မတန်ပါဘူး၊ ဒါပေမယ့် ပဲခူးရောက်တိုင်း ယော့ဗီ အိမ်ကို ဝင်ပါ၊ အမေ အစ်ကိုကြီးကို ပြုစုပါရစေ'

ဘာကြောင့်မှန်း မသိဘဲ၊ အမေ့ရဲ့စကားကြောင့် ကျွန်တော် မျက်ရည်ကျမိပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



အမှာ့ရှိအဖျိုဘဝကို နှမျောမိတယ်ဆိုတာကတော့ သေချာပါတယ်။

ဒါပေမယ့်... မျက်ရည်ကျတာ ဘာကြောင့်လည်း ဆိုတာ ကျွန်တော် မစဉ်းစားတတ်ပါဘူး။

'အစ်ကိုကြီး မျက်ရည်မကျပါနဲ့ အစ်ကိုကြီးရယ်၊ အမှာကြောင့် အစ်ကိုကြီး ဘယ်တော့မှ စိတ်မချမ်းရဲစေရဘူး၊ အမှာ့ကို မယူလို့ အမှာကျေနပ်တယ်၊ အစ်ကိုကြီးရင်ထဲမှာ ဘာမှ မခံစားရလေးနဲ့နော်'

သူမရဲ့ ထပ်ဆင့်စကားကြောင့် ကျွန်တော် ပိုပြီး ဝမ်းနည်းလာပါတယ်။ သူမက ကျွန်တော့်ကို လက်နဲ့ မျက်ရည်မသုတ်ပေးပါဘူး။

အကြောင်းအရာ အတိအကျမရှိတဲ့ ငိုမိတဲ့ ကျွန်တော်ဟာ ဘယ်ချိန်မှာ မျက်ရည်ကျခြင်းရပ်ဆိုင်းသွားတယ် ဆိုတာတောင် မသိလိုက်ပါဘူး။

(အချစ်....အချစ်၊ ချစ်တိုင်းချစ်ပွဲ၊ ချစ်လေ....
ချစ်လေ၊ ချစ်မပြေတည်း၊ ဆားငန်ရေနှောက်၊ ငတ်
တိုင်းသောက်က၊ သောက်လေ....သောက်လေ၊ ငတ်
မပြေသို့၊ ပေမှုအရာ၊ တဏှာဖွဲ့ရစ်၊ ထိုအချစ်လည်း၊
အပြစ်မမြင်၊ မဆင်ခြင်ဘဲ၊ ချစ်လျှော်ပျော်နှိုး၊ ချစ်စပျိုး
သည်၊ ချစ်နိုး ချစ်ခန်း....ချစ်လမ်းတည်း။)

(ရွှေးပညာရှိ)

အခန်း (၁၀)

ကျွန်တော် တစ်သက် မိဘကို အသိမပေးဘဲ ကိုယ့်စိတ်ကူးနဲ့ ကိုယ် တင်ရာလုပ်တဲ့ကိစ္စ တစ်ခုမှ မရှိခဲ့ပါဘူး။

ဒါပေမယ့် ခင်မာလွင်နဲ့ပတ်သက်ပြီးမှ ပထမဦးဆုံးကိုယ်ပိုင် ဆုံးဖြတ်ချက်ချပြီးလုပ်ခဲ့တာပါ။

အဲဒီနေ့က ညနေရိုင်း ဦးလှမောင် ပြန်ရောက်လာတာနဲ့ အခန်းထဲက လူကြီးတွေကို သွားခေါ်ခိုင်းလိုက်ပါတယ်။

လက်ဖက်ရည်တိုက်ပြီး ရပ်ကွက်လူကြီးတွေကို အသိအမှတ် ပြုခိုင်းပြီး ညတွင်းချင်းပဲ ခင်မာလွင်ကို ကျွန်တော့် မယားသိ အဖြစ် တင်မြှောက်လိုက်ပါတယ်။

www.burmeseclassic.com



ရက်လများစွာ ဖွင့်မပြောရဲခဲ့လို့ မနီးစပ်ခဲ့ရတဲ့ ခင်မာလွင်နဲ့ ကျွန်တော်ဟာ ချစ်သူဘဝမရောက်လိုက်ရဘဲ သင်မယားအဖြစ် တိုက်ရိုက်ရောက်ခဲ့ပါတယ်။

နောက်တစ်နေ့ မနက်စောစော ရန်ကုန်ကို ပြန်ခဲ့ပါတယ်။

အလွမ်းဓျောဓမောလှပတဲ့ ချေးမလေးကို အမေ ချစ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ထားခဲ့ပါတယ်။

လက်တွေ့မှာ အမေက ကျွန်တော် စိတ်ဆင်းရဲမှာစိုးလို့ အသိအမှတ်ပြုပေးတဲ့ပုံစံကာလွဲရင် သဘောတွေဟန် မပြုပါဘူး၊ တစ်နေ့ ကွယ်ရာမှာ အမေ မျက်ရည်ကျနေတာ ကျွန်တော် ရိပ်မိလိုက်ပါတယ်။

သူ့ဘား အိမ်ထောင်ကျစောလို့ နာမျှာတယ် ထင်ပါရဲ့။ အမှန်က အမေဟာ မိန်းမချင်း အကဲခတ်တတ်ဘာပေါ့။ ခင်မာလွင်ကို တွေ့တာနဲ့ အမေ သဘောပေါက်ပါတယ်။

ကျွန်တော်သာ လူကဲခတ်အလွန်ညံ့တာပါ။

အဖေက မြို့ရဲ့အလုပ်၊ ဘုရားအလုပ်နဲ့မို့ မိသားစုနဲ့ ခပ်ကွင်းကွင်းဖြစ်နေပြီ၊

အမေကတော့ သူ့ချွေးမကို မလွဲသာမရှောင်သာ လက်ခံတဲ့ပုံစံမျိုးဖြစ်နေတာမို့ ရန်ကုန်ရောက်ရင် မင်္ဂလာဆောင်မယ်



ဆိုတဲ့ ကျွန်တော့်စိတ်ကူးဟာ အကောင်အထည်ဖော်တဲ့အဆင့် မရောက်တော့ဘူး။

ဒါပေမယ့် ခင်မာလွင်ဟာ ကျွန်တော့်ဇနီးပါ ဆိုတာက တော့ အားလုံးက မလွဲသာမရှောင်သာ အသိအမှတ်ပြုကြရပါတယ်၊

ဘယ်သူ အသိအမှတ်ပြုပြု မပြုပြု ကျွန်တော်ကတော့ ခင်မာလွင်တစ်ယောက်ကလွဲရင် တစ်လောကလုံးမှာ မိန်းမရှိတယ်လို့တောင် မထင်မှတ်တော့ပါဘူး။

သူမရဲ့ အယုအယတွေကြားမှာ နှစ်မျှောနေမိပါတယ်။ ယောကျ်ားတစ်ယောက်ကို ကောင်းကောင်းမွန်မွန်ကျွမ်းကျွမ်းကျင်ကျင် ကိုင်တွယ်စွမ်းနိုင်တဲ့ သူမရဲ့ စွမ်းရည်ကြောင့် ကျွန်တော် လောကကြီးကို ရင်ဆိုင်ယှဉ်ပြိုင်နိုင်တဲ့ သတ္တိတွေတောင် နှလာပါတယ်။

အလုပ်ချိန်ကလွဲရင် ကျွန်တော် သူမ အနားကပ်နေတာနဲ့ပဲ အချိန်ကုန်နေတော့တာပဲ။

အလုပ် လုပ်နေတဲ့အချိန်မှာတောင် သူမကို ကျွန်တော် အနားကပ်ခိုင်းထားခဲ့တယ်။

ကြားလေသေးမှာ စိုးရိမ်တယ်ဆိုတာမျိုးပဲ။

အရင်တုန်းက ဇီးဖြူဖန်ခါးလို ငုံထားချင်ပါတယ်ဆိုတဲ့ စကားကို အပိုတွေလို့ ထင်ခဲ့မိပါတယ်။

www.burmeseclassic.com

ကျွန်တော်ကိုယ်တိုင် သူမကို ပိုင်ဆိုင်ပြီးနောက်မှာတော့ အဲဒီစကားဟာ စိတ်ခံစားချက်ကို ပြည့်စုံ လုံလောက်အောင် မပေါ်လွင်နိုင်ဘူးလို့တောင် ထင်လာပါတော့တယ်။

အမေ ဘာ့ကြောင့် မကြိုက်တာလဲဆိုတာ ကျွန်တော် တဖြည်းဖြည်းနဲ့တော့ ရိပ်မိလာပါတယ်။

ခင်မာလွင်ဟာ ပေါင်းသင်းဆက်ဆံရေး အလွန်ကောင်းလှပါပဲ။

သူမ ဆက်ဆံရေးကောင်းပုံကတော့ ယောကျ်ားသား မှန်သမျှကို ခင်မင်ဖော်ရွေတတ်တာပဲ။

ပွဲရုံကိုလာသမျှ ကုန်သည်တွေကိုတင် မကဘူး၊ ပွဲရုံအလုပ်သမားအားလုံးကိုလဲ ဖော်ရွေမှုအပြည့်ပါပဲ။

သူမရဲ့ မျက်လုံးကြီးတွေဟာ ဘယ်အချိန်ကြည့်ကြည့် မရိုးသားသလိုပဲ။

သူမကတော့ ဘယ်သူနဲ့မဆို ရင်းရင်းနှီးနှီး ပွေးပွေးကပ်ကပ် အမြဲနေတတ်ပါတယ်။

သူမရဲ့နေပုံထိုင်ပုံတွေဟာ ကျွန်တော့်ကို အချိန်နဲ့အမျှ ဒေါသစိတ်တွေ ဖြစ်ပွားနေစေတော့တာပဲ။

ဒါပေမယ့် သူမ စိတ်ဆင်းရဲမှာစိုးလို့ မပြောရက်၊ မပြော မထွက်တာမို့ ကျွန်တော်ပဲ နေ့စဉ်စိတ်ဆင်းရဲနေရတာ။



ဒါကြောင့် ပွဲရုံကို ခေါ်မလာဖို့ ဆုံးဖြတ်ချက် ချလိုက်ရတယ်။

အိမ်မှာထားခဲ့တာ ကျွန်တော့်အဖို့စိတ်ဆင်းရဲမှု သက်သာမှာဖြစ်တဲ့အတွက် အိမ်မှာပဲ နေခဲ့စေရတယ်။

သူမ ရှိနေတဲ့အခါ စိတ်မချမ်းသာရသလို သူမ မပါတဲ့ပွဲရုံမှာ အလုပ်လုပ်ရတာလဲ စိတ်ထဲမှာ သိပ်မရွှင်ပါဘူး။

ကျွန်တော် မိန်းမရပြီး တစ်လနှစ်လလောက်မှာ ကျွန်တော့်ဖခင်ကြီး ဆုံးပါးသွားခဲ့ပါတယ်။

ဖခင်ကြီးရဲ့ လသည်ဆွမ်းသွတ်ပြီးတဲ့နေ့မှာပဲ အမေဟာ ရှေ့နေ ရှေ့ရပ်များကိုခေါ်ပြီး ကျွန်တော်နဲ့ ညီလေးမင်းခေါင်ကို အမွေတွေ ခွဲဝေပေးပါတယ်။

ကျွန်တော့်ကို အိမ်ခွဲခိုင်းပြီး လက်ရှိနေတဲ့အိမ်ကို ညီလေးမင်းခေါင်ကို ပေးလိုက်တယ်။

အမေစီစဉ်တာ အားလုံး မျှမျှတတ ရှိသည်။

ပွဲရုံက အရင်းအနှီးနဲ့ ကုန်ပစ္စည်းဖိုးတွေ ကျွန်ုပ်ကို အမ်းထုခိုင်းပြီး အဲ့ဒီငွေနဲ့ အမေဟာ စစ်ကိုင်းမှာ ရိပ်သာသွားဝင်ပါတယ်။

'မင်း အဖေသေပြီးတာနဲ့ မကြာခင် အမေလိုက်ရတော့မှာပဲ၊ ဒါကြောင့် အမေ့အတွက် သေဖို့ ပြင်ဆင်ထားဖို့အတွက် လိုနေပြီ။

အမေ သေဖို့ ပြင်တော့မှာမို့ သားတို့ညီအစ်ကိုနှစ်ယောက်ကို ခွဲဝေပေးခဲ့တာပဲ'

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



အမေဟာ ပွဲရုံအတွက် ကျွန်တော်အမ်းပေးတဲ့ ငွေကြေးတွေပိုက်လို့ စက်ကိုင်းဘက်မှာ ရိပ်သာလေးတစ်ခုဆောက်ပြီး သာသနာမှာ အပြီးအပိုင် ခိုလှုံသွားပါတယ်။

သေဖို့ပြင်ဆင်ထားလို့ ပြောခဲ့တဲ့အမေဟာ တစ်နှစ်တောင် မကြာလိုက်ပါဘူး၊ အဖေ့နောက်သို့ လိုက်ပါသွားခဲ့တယ်။

မိဘနှစ်ဦးစလုံးမရှိတဲ့နောက်မှာ ကျွန်ုပ်ဟာ လုပ်ငန်းကိုပိုပြီး ဖိဖိစီးစီး ကြိုးစားခဲ့တယ်။

ခေတ်တို့ စနစ်တို့နဲ့ အံဝင်အောင် လူမှုရေးလုပ်ငန်းတွေမှာ ပါဝင်သလို အဖွဲ့အစည်း တော်တော်များများမှာလည်း ဝင်ရောက်လှုပ်ရှားခဲ့တာမို့ ကုန်သည်ကြီးများအသင်းမှာ အသက်ငယ်ငယ်နဲ့ ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

အစိုးရအရာရှိတွေနဲ့ ခင်မင်ရင်းနှီးခွင့်ရပြီးနောက်မှာ ကျွန်တော့်လုပ်ငန်းတွေ အဆင်ပြေ အောင်မြင်လာခဲ့တယ်၊

ကျွန်တော့်လုပ်ငန်းတွေ အောင်မြင်ပြီး စီးပွားဖြစ်ထွန်းလာပေမယ့် ကျွန်တော့်ညီ မင်းခေါင်းကတော့ သူ့စရိုက်အတိုင်း သုံးလိုက်၊ ဖြုန်းလိုက်၊ ပျော်လိုက်၊ ပါးလိုက်နဲ့ ရသမျှအမွေကို မကုန်မချင်း ထိုင်ဖြုန်းနေသလိုလုပ်နေကြောင်း ကြားရတဲ့အတွက် မကြာခဏခေါ်ယူပြီး သတိပေးရပါသေးတယ်’

အမှန်တော့....

ကျွန်တော်တို့ ရခဲ့တဲ့အမွေဟာ မြေပေါ် ကုဋေလေးဆယ်၊ မြေအောက် ကုဋေလေးဆယ် မဟုတ်ပေမယ့်၊ ခေတ်အခါအရ သူဌေးကြီး စာရင်း ဝင်နိုင်ပါတယ်၊

ဒါကြောင့်လည်း....



ညီလေး မင်းခေါင်ဟာ အောက်ခြေလွတ် ပျော်ပါးနေနိုင်တာပေါ့၊

ကုဋေရှစ်ဆယ်သူဌေးသားလို့ ရွာမှထွက်လေ တောမှာနေသဆိုတာမျိုးတောင် ခေါ်ယူသတိပေးရတာပါ၊

အစ်ကိုဆိုတဲ့ နေရာမှာ နေလို့သာ အစ်ကိုဆိုတဲ့ ဂုဏ်နဲ့ဆုံးမစကားပြောရပေမယ့် တကယ်ကမ်းဆို သူနဲ့ကျွန်တော်ဟာ စကွန်မှိုင်းလောက်ပဲ ကွာထာမို့၊ ပြောလို့ကတော့ သိပ်မကောင်းပါဘူး။

ဒါပေမယ့်....

မင်းခေါင်က လိမ္မာပါတယ်၊

ကျွန်တော့်ကို နင်ဘဲဆ ပြန်ပြောတဲ့မျိုး မပြုတ်ဘဲ၊ ရယ်တဲ့ကျဲနဲ့ နားထောင်နေပါတယ်။

ပုံစံကိုက ခံမပြောပေမယ့် နားမထောင်ဘူး ဆိုတာ ပြောနေသလိုပါပဲ၊

❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

ပုံပြင်ထဲက ကုဋေရှစ်ဆယ် သူဌေးသားနဲ့ စည်းစိမ်ကတော့ ဘယ်လောက်ကြာကြာအသုံးခံလိုက်သလဲ မသိပါဘူး။

ကျွန်တော့် ရဲ့ညီ မင်းခေါင်ကတော့၊ သူရထားတဲ့ အမွေကို တစ်နှစ်အတွင်းမှာ ကုန်အောင် ဖြုန်းနိုင်စွမ်း ရှိပါတယ်။

နောက်ဆုံး ရထားတဲ့ အိမ်ကို ရောင်းဖို့ ကြေငြာပြီး ဆိုတာ ကြားလိုက်ရပါတယ်။

မခေါ်ရင်သာ နေလို့ရမယ်၊ မဘောဘ်ချင်လို့ မရဘူး မဟုတ်လား၊ အဖေ အမေတို့ လက်ထက်က ကျန်ခဲ့တဲ့အိမ်ကြီးကို သူ့ဆန္ဒပါ၊ လက်ထဲ ရောက်မသွားအောင်၊ ညီလေး မင်းခေါင်ကို ကျွန်တော် လိုက်ရှာရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြို့လယ်ခေါင်က ဂျင်ဝိုင်းတစ်ခုမှာ ရှိတယ် သတင်းကြားလို့ လိုက်သွားရပါတယ်။

ကျွန်တော် ရောက်သွားတာ အတော် ကံကောင်းတယ်လို့ ပြောရမှာပဲ။

ညီလေး မင်းခေါင်ကို လူသုံးယောက်ကဝိုင်းထားပြီး ရန်ပြုဖို့ ကြိုးစားနေပါတယ်။

'ဟေ့...မင်းခေါင် ဘာတွေဖြစ်နေတာလဲ'

'ကိုကို...ဘာမှ မဖြစ်ပါဘူး ရပါတယ်၊ ညီလေး သူတို့နဲ့ စကားနည်းနည်းပြောလိုက်ဦးမယ်၊ခဏလောက်အပြင်က စောင့်နေနော်'

မင်းခေါင်ဟာ သူ့ပြဿနာကို သူ ရှင်းမယ်ဆိုတဲ့ သဘောနဲ့ ကျွန်တော့်ကို ပြန်မောင်းထုတ်ပါတယ်။

သူတို့ မျက်နှာတွေကို သဘောပေါက်တာမို့ ကျွန်တော် လှည့်ထွက်သွားပြီး ခပ်လှမ်းလှမ်းက အသာ ကြည့်နေလိုက်ပါတယ်။

'မင်းဘိုကို ငါ ပြောပြီးပြီကွာ....၊ ဒီ ငွေလေး သုံးသောင်းလောက်များ စကား ထည့်မပြောနဲ့ အိမ်ရောင်းပြီးတာနဲ့ ပေးမယ်'



'မင်း အိမ်ရောင်းလို့ မရမချင်းစောင့်နေရမှာလား'

'စောင့်ပေါ့ကွ၊ ငါ့မှာ ပေးစရာ မရှိဘဲ ဘာနဲ့ သွားပေးရမလဲ'

'ဒါဆို အိမ်အရောင်းအဝယ်စာချုပ် ချုပ်မေးကွာ'

'မင်းကို ပေးရမှ သုံးသောင်း၊၊ ငါ့အိမ်က ငါးသောင်းလောက် အနည်းဆုံး တန်တယ်ကွ'

'ခုခေတ်မှာ ငါးသောင်းလောက်ငွေနဲ့ ဘယ်သူက ပေးနိုင်မှာလဲ၊ အဲဒီတော့ ငါမစောင့်နိုင်တော့ဘူး၊ စာချုပ်ပဲ ချုပ်ပေးတော့'

သူတို့ အပြန်အလှန်စကားတွေကြောင့် ကျွန်တော်သဘောပေါက်လိုက်ပါတယ်။

ဒါကြောင့်....

ချက်လက်မှတ် စာအုပ်ကို ယူပြီး သုံးသောင်းတန် လက်မှတ်တစ်ခု ရေးလိုက်ပြီး သူတို့ရှိရာကိုလျှောက်သွားလိုက်တယ်။

'ကဲ...မိတ်ဆွေတို့ မိတ်ဆွေတို့ကို ကျွန်တော့် ညီက သုံးသောင်း ပေးရမယ် မဟုတ်လား၊ ဒီမှာ သုံးသောင်းတန် ချက်လက်မှတ် ယူလိုက်ပါ'

'ဟာ...ကိုကို၊ နေပါစေ မပေးနဲ့'

'ပေးလိုက်ပါညီလေးရယ်၊ သူတို့[illegible]သုံးသောင်းရရင် တွေ့ရပ်မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'မကျေနပ်နိုင်ဘူးဗျာ'

'တစ်ဖက်လူ စကားကြောင့် ကျွန်တော် ဒေါ ပွ ထွက်သွား နပါတယ်'

'ခင်ဗျားတို့ ရစရာရှိတဲ့ သုံးဆောင်း မရလို့ ကျေနပ်ပေါ့ဗျာ ဘာမကျေနပ်စရာရှိလို့လဲ'

'ကျုပ်က အိမ်လို့ချင်တာဗျ'

'ဒါကတော့ ခင်ဗျားတို့ လွန်တာပေါ့ဗျာ၊ သုံးဆောင်း ရစရာ ရှိတာကို သုံးဆောင်းယူပေါ့၊ ကဲ...ညီလေး ပြန်ကြစို့'

ကျွန်တော်က အခင်းထိုးပေးလိုက်ပြီး၊ မင်းခေါင်ကိုခေါ် ပြီး ပြန်ဖို့လှည့်လိုက်တဲ့အခါ သိုသူများက မင်းခေါင် ပခုံးကို လှမ်းဆွဲထားလိုက်ပါတယ်၊

'နေပါဦး မင်းခေါင်၊ ငါတို့က မင်းပေးတာကိုပဲ လိုချင် တာ၊ ဒီတော့ ဒီ ချက်လက်မှတ် ပြန်သွားလား၊ အိမ်စာချုပ်ပဲ ချုပ်ပေးလိုက်'

တစ်ဖက်လူ စကားအဆုံးမှာ မင်းခေါင် လက်သီးက ထိုသူရဲ့ မေးရိုး ဝင်သွားပါတယ်၊

တစ်ယောက်လဲကျသွားတာနဲ့ ကျန်တဲ့နှစ်ယောက်ကနေပြီ ပြေးဝင်လာပါတယ်၊ ကျွန်တော်လဲ နေလို့ မရတော့ပါဘူး၊

ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်စလုံးကို အဖေနဲ့အဖိုးက မသင့်မနေရ သင်ပေးခဲ့တဲ့ တိုက်ခိုက်ရေး ပညာ တတ်ထားကြ တာမို့၊ တက်ညီလက်ညီလှုပ်ရှားလိုက်ကြပါတယ်၊



အင်စုနဲ့ အနိုင်ကျင့်တတ်တဲ့ လူမိုက် လုပ်ချင်တဲ့ သူတွေဟာ တိုက်ခိုက်မှုမှာ ကျွမ်းကျင်ပုံ မရပါဘူး၊

တွေ့နှိုင်းရတွင်၊ အကုန်လုံး မှောက်သွားကြပါတယ်၊

မင်းခေါင်ဟာ ကျွန်တော်နဲ့အတူ လိုက်မလာခဲ့ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

မင်းခေါင်းမှာ နောက်ဆုံးအဆင့်ရောက်နေပြီမို့ အစ်ကိုဖြစ်တဲ့ ကျွန့်ပ်နဲ့ပဲ အတူခေါ်ထားလိုက်ရလေသည်။

မခေါ်လို့လည်း မရဲတော့ဘူးလေ။

မဟုတ်ရင် မိဘလက်ထက်ကအိမ်ကြီး သူတစ်ပါးလက်ထဲ ရောက်သွားနိုင်တဲ့အပြင် သူ ကိုယ်တိုင်လည်း လမ်းဘေးရောက်တော့မယ့်အခြေအနေ ရှိနေပြီမဟုတ်လား။

ဒါကြောင့် အိမ်မှာအတူခေါ်ထားပြီး ပွဲရုံလုပ်ငန်းမှာ သူ့ကို ကူညီနိုင်းရပါတယ်။

မထမတော့ ဟုတ်မလိုလိုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းကျတော့ ခွေးမြီးကောက် ကျည်တောက်စွပ်ဆို သလို လည်မြဲပတ်မြဲ သွားစဲ လာစဲ လုပ်နေခဲ့လေသည်။

ဆွဲလိုက် ပြောကိုက်ရင်တော့ စပ်ဖြဲဖြဲအမူအရာနဲ့ ဘာမှ ပြန် ပြောလေ့ မရှိပါဘူး။

ဒါကြောင့်လည်း သူ စိတ်ချမ်းသာသလို နေပါစေဆိုပြီးလွှတ် ထားလိုက်ရတယ်။

ကျွန်တော် နယ်ထွက်ရတဲ့အခါများမှာတော့ ပွဲရုံကို မဲ အော မရှောင်သာ ခင်မာလွင်ကိုကြီးကြပ်ဖို့ အပ်ထားခဲ့ရ၏။

အမှန်ဆို မင်းခေါင်းသာ ကူညီမယ်ဆိုရင် ဘယ်လောက်စိတ် ချမ်းသာစရာကောင်းလိုက်မလဲ

ဒါပေမယ့် တစ်ခုထူးဆန်းတာက ကျွန်တော့် ညီမင်းခေါင်နဲ့ ကျွန်တော့် ဇနီး သိပ်မတည့်ကြပါဘူး။

ကျွန်တော် ခင်မာလွင်ကို ယူလာကတည်းက မင်းခေါင်က အသိအမှတ်မပြုချင်ဆလို ယောကျ်ားလေးတိုင်းနဲ့ ရောရောဝင်ဝင် နေတတ်တဲ့ ခင်မာလွင်ကလည်း မင်းခေါင်ကိုတော့ လုံးဝကြည့် မရဘူး ဖြစ်နေတယ်

အဲဒီကိစ္စကြောင့်လည်း ကျွန်တော် အတော် အနေရခက် ပါတယ်။



တကယ်ဆို မရီးနဲ့ မတ် သင့်မြတ်ကြမယ်ဆို ကျွန်တော် အလုပ်လုပ်ရတာ ဘယ်လောက်နောက်ကြောင်းအေးမလဲ၊ သူ တို့က နောက်စိုင်းက ပွဲရုံကိုတာဝန်ယူကြ၊ ကျွန်တော်က ခရီး ထွက်ပြီး ကုန်ရရှိရေးအတွက် ကြိုးစားလို့ရတာပေါ့'

ကျွန်တော် ခရီးထစ်ခါ ထွက်ဖို့ပြင်တိုင်း သူ့ကို သုံးဖို့စွဲဖို့ ငွေ ပေးခဲ့ရတယ်။

သည်လိုပေးတာတောင် တစ်ဦးချင်း ကွယ်ရာမှာ ပေးခဲ့ရ တယ်။

ခင်မာလွင်က ညီလေးအတွက်ပေးတာကို သိပ်မကြိုက်ဘူး လေ၊

တစ်ရက်မှာ—

ကျွန်တော် ရှမ်းပြည်နယ်ဖက်သွားစရာရှိတာမို့ သူတို့ကိုစီစဉ် ပေးပြီး ကွမ်းခြံကုန်းဘူတာကြီးကို ဆင်းသွားတယ်၊

ကံကောင်းချင်တော့ ကျွန်တော်သွားရမယ့် ဦးအိုက်လုံနဲ့ ဘူ တာကြီးမှာတင်တွေ့ပြီး ကုန်တွေလည်းပါတာမို့ ပွဲရုံကို ပြန်ပြီး ဆယ်ယူခဲ့ရတယ်၊

ပွဲရုံရောက်တော့ ခင်မာလွင်လည်းမရှိတာမို့ ကျွန်တော်ကိုယ် တိုင် ငွေရှင်းပေးလိုက်တယ်၊

ခင်မာလွင် ဘယ်သွားသလဲလို့ မေးတော့ မန်နေဂျာကြီးက ကောဇ့ဈေးဘက်မှာ ဈေးဝယ်မယ်ဆိုပြီး ထွက်သွားတယ်လို့ ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဦးအိုက်လုံက ခေါ်တာနဲ့ ကျွန်တော်လည်း ကမ်းနားလမ်းက နဂါးဟိုတယ်မှာ လိုက်ပြီး ကျွေးမွေးပြုစုရတယ်။

ကျွန်တော်တို့ စားသောက်နေတဲ့ ဟိုတယ်ရဲ့ မလှမ်းမကမ်းကို ခေါက်ကုပ်မြင်းလှည်းတစ်စီးရပ်တာတွေ့လို့ အမှတ်တမဲ့ ကြည့်လိုက်တဲ့အခါ ခင်မာလွင် ဆင်းလာတာကို မြင်လိုက်ရတယ်။

ကျွန်တော်လည်း ထွက်ခေါ်မယ်လို့ ဟန်ပြင်တုန်းမှာနောက်တစ်ယောက်ဆင်းလာတာမြင်လို့ ကြည့်လိုက်တဲ့အခါမှာ ကျွန်တော့်ညီ မင်းခေါင် ဖြစ်နေတယ်။

ခင်မာလွင်က လန်ချားတစ်စီးကိုစီးပြီး ပြန်သွားတယ်။

မင်းခေါင်ကတော့ လမ်းလျှောက်ပြန်သွားတယ်။

ပတ်ဝန်းကျင်က သူတို့နှစ်ယောက် အတူတူပြန်လာတာကို မသိအောင် စီစဉ်ကြတာပဲ။

ကျွန်တော့် မယုံနိုင်စရာ ထိတ်လန့်တုန်လှုပ်သွားမိ၏။

သူတို့ ချောက်ဇာတ်ခင်းနေပြီဆိုတာ သေချာသည်။

ကျွန်တော် ခရီးထွက်သွားပြီဆိုတာနဲ့ သူတို့ဇာတ်လမ်းကို က,ကြတော့တာပဲဆိုတာ ရှင်းနေပါသည်။

အဲဒီနေ့က ဦးအိုက်လုံနဲ့ ကျွန်တော် စကားပြောရင်း စိတ်မပါတော့ပါဘူး။



'ဒါနဲ့ ကိစ္စလေးတစ်ခုရှိသေးလို့ဆိုပြီး အိမ်ကို အမြန်ပြန်ခဲ့ရပါတယ်။

အိမ်ရောက်တော့ ဆွဲခြင်းတစ်လုံးထဲကို အဝတ်အစားတစ်စုံနှစ်စုံကောက်ထည့်နေတဲ့ ခင်မာလွင်ဟာ အခန်းဝမှာ ကျွန်တော်ရောက်တာတောင် မသိပါဘူး။

ကြည့်ရတာ တစ်နေရာကိုသွားပြီး ကမြင်းကြမယ့်သဘောပဲ။

ကျွန်တော် အိမ်ရှေ့ခန်း ပြန်ပြီး မှရှု ဝင်လာတဲ့ပုံစံမျိုးနဲ့ အသံပြုလိုက်တယ်။

'အမာရေ၊ အမာ၊ အစ်ကိုကြီး ခရီးမထွက်ဖြစ်ဘူးဟေ့'

'ကျွန်တော်က အသံပေးလိုက်တဲ့အခါ ခင်မာလွင်ပြေးထွက်လာလေသည်။

'ဟင်...အစ်ကိုကြီး ရှမ်းပြည်နယ်ကို မသွားဖြစ်ဘူးလား၊ ဘာဖြစ်လို့လဲ'

'ဘူတာမှာတင်တွေ့လို့ကွာ၊ ကုန်တွေလဲပါနေတာကြောင့် ငွေရုံကို ပြန်သယ်ရတယ်ကွာ...၊ အစ်ကိုကြီး သွားစရာမလိုတော့ဘူးပေါ့'

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ပြောရင်းနဲ့ သူမ မျက်နှာကို အကဲခတ်နေပါတယ်။

တကယ် ပကတိ ရိုးသားဖြူစင်တဲ့ပုံပါပဲ။

တစ်စက်လေးမှ ညစ်နွမ်းမပျက်ပါဘူး။

'အစ်ကိုကြီး မောလာတယ်..၊ ခဏနားပြီးမှ ရေမိုးချိုး၊ အမာ သံပရာရည် ဖျော်ပေးမယ်'

သူမဟာ ခါတိုင်းပုံစံလိုပဲ၊ ပုံမပျက်ပန်းမပျက်ပြောပြီးတော့ မီးဖိုချောင်ထဲကို ဝင်သွားပါတယ်။

ကျွန်တော့်ကို သံပရာရည် လာချပေးတဲ့အခါ၊

ကျွန်တော်က—

'မင်းခေါင် ဘယ်သွားလဲ အမာ'

လို့ မေးလိုက်တဲ့အခါ မလိုတဲ့ ပုံစံမျိုးနဲ့....

'ဘယ်သိမလဲ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးညီက အစ်ကိုကြီး ရှိရှိ၊ မရှိရှိ ဘယ်တုန်းကအိမ်ကပ်ဘူးလို့လဲ၊ ဒီနေ့တစ်နေ့လုံး မတွေ့ပါဘူး၊ တော.... ပြောရင်း ဆိုရင်း လာနေပြီ'

ပြောပြောဆိုဆိုနဲ့ အမာ အိမ်ထဲကို လှည့်ဝင်သွားပါတယ်။ မင်းခေါင်က အိမ်ထဲဝင်လာပြီး....



'ကိုကို ခရီးမသွားဖြစ်ဘူးလို့ မနံနေဂျာကြီးက ပြောလိုက်လို့ ညီလေးပြန်လာတာ၊ ဒီည ညီလေးအိမ်ပြန်မအိပ်ဘူးနော်၊ လှည်းတန်းဖက်မှာ အာဝါဒေးပွဲတစ်ခုရှိလို့ သွားမယ်'

'အေး....အေး'

ကျွန်တော် မင်းခေါင်ကို အကဲခတ် ကြည့်ပြန်တော့လည်း ခါတိုင်းလို ပကတိ တည်ငြိမ်နေပါတယ်၊

ကျွန်တော့်ကို ပြောပြီးတာနဲ့ လှည့်ထွက်သွားတယ်။

စောစောက ဓါတ်ကပ်ပေါ်က ဆင်းလာတာကို မြင်ထားရင် သံသယ ဝင်စရာအကြောင်းမရှိလောက်အောင် နှစ်ယောက်စလုံး ဟန်ဆောင်ကောင်းကြပါတယ်၊

မင်းခေါင်ထွက်သွားမှ ခင်မာလှင် ပြန်ထွက်လာပါတယ်။

'အစ်ကိုကြီး မျက်နှာလဲ မကောင်းပါလား၊ နေမကောင်းလို့လား၊ ပင်ပန်းသွားလို့လား၊ ရေမိုးချိုး အနားယူလိုက်ပါအုံး အစ်ကိုကြီး၊ ထ....ထ....အမာရေချိုးပေးမယ်'

သူမက ဟန်ဆောင်မှုကို ဆက်လုပ်နေပါတယ်၊

ကျွန်တော်သာ မျက်နှာပျက်နေတာမို့၊ ဟန်ဆောင်တော်တော် ညံ့ခသးကြောင်း ပေါ်လွင်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရည်စားလူလူ၊ အုန်းကျွဲခတ်၊ ဆံထစ်ပင်တင်း၊ ချစ်ခြင်းမယား ဆိုသလိုပဲ ကျွန်တော် အခံရဆောင်တော့ခက်နေပါတယ်။

ထိစိမ်းဆိုရင်လည်း ချက်ချင်း ပေါက်ကွဲသွားမိမှာ အမှန်ပါပဲ။

ဒါပေမယ့် ကိုယ့်ညီအရင်းနဲ့ ကိုယ့်ဇနီး ဖောက်ပြန်နေတာ ဖြစ်တဲ့အတွက် ဒီကိစ္စကို အရေးယူဖို့ ကျွန်တော် အခက်တွေ့ နေပါတယ်။

တစ်အူထုံဆင်း ညီအစ်ကို အရင်း ဖြစ်ရုံမျှသာမက တစ်ခန်း တည်း တစ်ချိန်တည်း စက္ကန့်ပိုင်းမျှသာ ကွာခြားပြီး မွေးဖွား လာတဲ့ ညီအစ်ကိုဖြစ်တဲ့အတွက် ဒီသံယောဇဉ် ဖြတ်ရေ အတွက် အလွန်ခက်ပါတယ်။

ခင်မောလွင်....။

သူမဟာ ကျွန်တော့်ရဲ့ အချစ်ဦး။

အချစ်ဦးမို့၊ အရူးအမူး ဖြစ်ခဲ့ပါတယ်။ သည်မျှတင်မက သူမရဲ့ အကြင်အနာ အယုအယ ကျွမ်းကျင်လှတဲ့ အချော့အမြူ တို့ကြောင့် မိန်းမူးနေခဲ့မိတာ အမှန်ပါပဲ။

အရူးကို အမဲသားကျွေးမိသလို တွေ့သမျှနွား လက်ညှိုးထိုး ပြတာမျိုး မဟုတ်ဘဲ၊ သူမကလွဲရင် မိန်းမလို့ မထင်အောင် မှူး မှူးစွဲလမ်းနေမိတာပါ။



သည် အပေါ် သာယာမှုကို စည်းစိမ်ဥစ္စာမှန်သမျှနဲ့လဲမယ် ဆိုရင်တောင် လဲဝံ့တာ အမှန်ပါပဲ။

ကဲ....မခက်ဘူးလား....။

ခင်မောလွင် ကျွမ်းကျင်သလို၊ မင်းခေါင်ကလည်း တရားဝင် ဇနီးမယားသာ မရှိတယ်၊ လူပျိုပေါက် ဘဝကတည်းက အတွေ့ အကြုံ ပေါင်းစုံ ရှိခဲ့တာမို့ သူကလည်း မိန်းမကိစ္စ အခတော် ကျွမ်းကျင်သူဖြစ်ပါတယ်။

သည်လို ကျွမ်းကျင် လိမ္မာသူချင်း ပေါင်းစည်းမိသွားတာ ဆန်းတော့ မဆန်းပါဘူး။

မိန်းမတို့ခေတ်၊ မပြတ်သောသီး၊ ထွေလည်အာရုံ၊ မြင်တိုင်း ပုံသို့၊ လမ်းဆုံ ပစ်ရိပ်၊ ရေဆိပ်အလား၊ တံတားသဖွယ်၊ ဈေး လယ် ပန်းကျွပ်၊ သေသောက်အိမ်သို့၊ မတွေ့မှ ရှောင်၊ မီးနှယ် လောင်မြဲ။

မာဃဒေဝလင်္ကာသုံပဲ၊ ခင်မောလွင်ဟာ လာသမျှကို လက် သင့်ခံရန် ဝန်မလေးသူနှင့် မိန်းမမှုဆိုး မင်းခေါင်တို့ တွေ့ မရှောင် ဇာတ်လမ်းကို ရှိုင်းစိုင်းစွာ ခင်းကြတာ ဆန်းကြယ်မှု တော့ မရှိပါဘူး။

ကျွန်တော် နှစ်ဦးစလုံးကို မပြတ်သားနိုင်သလို တယ်သူ့ကို မှလည်း မစွန့်လွှတ်နိုင်တာ အမှန်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့်လည်း သည်ကိစ္စကို အလိမ္မာနှင့်ဖြေရှင်းမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

သူတို့ နှစ်ဦးစလုံးကို မှန်းကပ်အောင် ထားဖို့ ကြိုးစားရပါတယ်။

ချဉ်သီးနှင့် ဆား အတူ မထားရေးအတွက် ခင်မာလွင်ကို ကျွန်တော် မျက်စိအောက်က အပျောက်မခံတော့ဘူး။

နံနက်မိုးလင်းလို့ ပွဲရုံကိုထွက်တာနဲ့ သူမကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားခဲ့ပါတယ်။

အကြွေးတောင်း၊ ငွေကြေးရစရာရှိတာကိုတော့ မှင်းခေါင်ကိုပဲ သွားတောင်းခိုင်းပါတယ်။

သူတို့နှစ်ဦးစလုံး အချိန်ပြည့် ကျွန်တော် မျက်စိအောက်မှာ ရှိနေတာမို့ လွတ်လပ်ခွင့်တွေ မရကြတော့ပါဘူး။

ဒါပေမယ့် ဟန်ဆောင်ကောင်းလွန်းတဲ့ သူတို့နှစ်ယောက်ဟာ ပိပိရိရိနေနိုင်ကြပါတယ်။

ပဲခူးက ဆွေနံသည်တစ်ဦးရောက်လာတဲ့အခါမှာ မင်းခေါင်နဲ့ ခင်မာလွင်တို့ဟာ ပဲခူးလိပ်ပြာကန် ရပ်ကွက်ထဲက ခြံတစ်ခြံမှာ စတည်းချပြီး သူတို့ ခွေးဇာတ်ကိုခင်းလေ့ရှိကြောင်း ကျွန်တော် သိလာရပါတယ်။



အလွန် ပိရိတဲ့ သူတို့နှစ်ယောက်ဟာ ကျွန်တော် ခရီးသွားပြီဆိုတာနဲ့ ရန်ကုန်မှာ တွေ့ဆုံခြင်း မရှိဘဲ၊ ပဲခူးကိုသွားရောက်ပြီး ဖောက်ပြန်ကြပုံရပါတယ်။

ဒါကြောင့် ရန်ကုန်အသိုင်းအဝိုင်းလူတွေဟာသူတို့ရဲ့ဖောက်ပြန်မှုကို မသိပါဘူး။

သည်ကြားထဲကျွန်တော်အပေါ်အငင်အားလုံးသူတို့နှစ်ယောက် မတည့်ကြဘူးလို့ သိထားကြတော့ သူတို့ဇာတ်လမ်းဟာယုတ္တိရှိခိုင်မာနေပြီး အလွန် ပိရိနေကြပါတယ်။

ကုန်သည်ပီပီ ကျွန်တော်ဟာ ခရီး မထွက်မဖြစ် ထွက်ရတဲ့အခါတွေ ရှိပါတယ်။

သည်တော့ ခါတိုင်းလို ခင်မာလွင်ကို ထားခဲ့တာမျိုးမလုပ်ဘဲ တစ်ခါတည်း ခရီးထွက်ရာကို တစ်ပါတည်း ခေါ်ဆောင်သွားလေ့ ရှိပါတယ်။

ဒါပေမယ့် ဖောက်ပြန်လေ့ ရှိတဲ့ သူဟာ အယ်လောက်ပဲ သံကွန်ခြာနဲ့ အုပ်ထား အုပ်ထား၊ ဖောက်ပြန်စမြဲဆိုတာ ကျွန်တော် သင်ခန်းစာရလာပါတယ်။

ဖျတ်ခနဲ ကျွန်တော် သတိရတဲ့အခါ ခင်မာလွင် အနားမှာ မရှိပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် မင်းခေါင်အခန်းဘက်ကို ခြေသံမကြားအောင် လျှောက်သွားတဲ့အခါမှာတော့…၊ ခင်မာလှိုင်နဲ့ မင်းမေခေါင်တို့ ချစ်တျူးဟာ ကျင်းပနေတာကို တွေ့ရပါတယ်။

ကျွန်တော့် မျက်စိထဲ၌ ပြာသွားပါတယ်။

နောက်ကျွဲ မသွားခင် အခန်းကို ပြန်လာပြီး အိပ်ချင်ဟန် ဆောင်နေလိုက်ပါတယ်။

ခေါင် အိုးအောက်ကို လက်ရောက်သွားတော့၊ ကျွန်တော် ကိုင်နေကျ ဓသနတ်ကို စမ်းမိပါတယ်။

ဒီအချိန်မှာ နှစ်ယောက်စလုံးကို ပစ်သတ်လိုက်ဖို့ အကောင်းဆုံး ပါပဲ၊

သေနတ်ကို ထုတ်ယူလိုက်ပြီးမှ ကျွန်တော်စိတ်ကူးပြောင်းလိုက်ပါတယ်။

ဒါကြောင့် သေနတ်ကိုပြန်သိမ်းပြီး၊ အိပ်ချင်ဟန်ပဲဆောင်နေလိုက်ရပါတယ်၊

ဟန်ဆောင် အိပ်တာ ဖြစ်တဲ့အတွက် အတော်ပင်ပန်းလှပါတယ်၊

ကျွန်တော့်ဘဝမှာ အပူလောင်ဆုံး၊ အပင်ပန်းဆုံး၊ အခက်ခဲဆုံး ဆိုတဲ့ အချိန်ဟာ အဲဒီညပါပဲ။



နောက် မကြာခင်မှာပဲ ခင်မာလှိုင် ပြန်ဝင်လာပါတယ်၊

ကျွန်တော် အိပ်ချင်ဟန်ပဲ ဆောင်နေလိုက်ပါတယ်၊

သူမက ကျွန်တော့်ကို အိပ်ပျော်ခြင်း ရှိ မရှိ အကဲခတ်သေးတယ်၊

ကျွန်တော် အိပ်ပျော်ပြီ ထင်ချာလောက်တော့မှ နှခေါင်းမှာ ဝင်အိပ်ပြီး ကျွန်တော့်ကို ဖက်ထားပါတယ်၊

ခါတိုင်း လူမရဲ့ ဖက်တွယ်မှုကို အလွန်သဘောကျတတ်တဲ့ ကျွန်တော်ဟာ လက်ကို ပုတ်ထုတ်ချင်စိတ် ပေါ်သွားပါတယ်၊

ဒါပေမယ့် အကြံအစည် ပျက်မှာစိုးလို့ ဆက်ပြီး အိပ်ချင်ဟန်ဆောင်နေလိုက်ပါတယ်။

သူမက တစ်ကိုယ်လုံး ပွတ်သပ်ပေးနေတော့လည်း သာယာသွားမိပါတယ်၊

ဒီတော့မှ ကျွန်တော် တကယ်အိပ်လို့ပျော်သွားပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

သူ့မယားကို ချစ်ရင် ယူ့လင် လှိုနဲ့ထိုး ဆိုတဲ့ စကားပုံဟာ ဘယ်သောအခါ ဘယ်ကာလက ပေါ်လာခဲ့သလဲတော့မသိဘူး ခါမှယ့် ကျွန်တော်ကတော့ လက်တွေ့ကြုံလိုက်ရပါတယ်။

တစ်ညနေ ပွဲရုံကအပြန်မှာ အညောင်းပြေ ထမ်းနားလမ်း တစ်လျှောက် ခင်မာလွင်နှင့်အတူ လမ်းလျှောက်ရင်း ပြန်ခဲ့ပါ တယ်။

ကျွန်တော့်ကားကိုတော့ မင်းခေါင်ကို မောင်းယူသွားစေ ခဲ့တယ်။

လူပြတ်တဲ့တစ်နေရာအရောက်မှာ ဂိုဒေါင်တစ်ခုတည်းကနေ လူ သုံးယောက်ပြေးထွက်လာပြီး၊ ကျွန်တော်ကိုသံလှုတ်များနဲ့ ဝိုင်းရိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရိုင်ဖယ်နဲ့ပစ်လိုက်တာနဲ့ ကျွန်တော် ရှေ့ကိုတစ်ပတ်လှိမ့်ထွက်လိုက်တာမို့၊ သူတို့ရိုက်ချက်တွေ လွဲချော်ကုန်ပါတယ်။

သူတို့ဟာ ကျွန်တော်ရှိတဲ့နေရာကို မြင်ပြီး ပြေးလိုက်လာကြပါတယ်။

ရန်သူနဲ့ ရင်ဆိုင်တဲ့နေရာမှာ လက်နှေးမှု ရှိလို့ မရဘူးဆိုတာ ကျွန်တော် သိပြီးသားပါ။

ဒါကြောင့် ရှေ့ဆုံးက ပြေးဝင်လာတဲ့လူ ရင်ဘတ်ကို ခြေနဲ့ ပစ်ကန်လိုက်တာမို့၊ လွင့်စင်သွားပါတယ်။

ကျွန်တော် မြေပြင်ကိုအကျ တစ်ပတ်လှိမ့်ပြီးထွက်သွားတာမို့၊ ကျန်တဲ့နှစ်ယောက် ပြေးလိုက်ရပြန်ပါတယ်။

ညာဘက်လွယ်မိုင်းပြီး ရိုက်လိုက်တဲ့ သံတုတ်သမားကို ခြေထောက်လှမ်းဆွဲပြီး လက်ကိုဖမ်းလိမ်လိုက်ပါတယ်။

လက် အလိမ်ခံရပြီး ခါးကော့သွားတဲ့လူဟာ ကျွန်တော့်အတွက် ဒိုင်းသဖွယ် ဖြစ်သွားတာမို့၊ နောက်တစ်ယောက်က ပြေးရိုက်တဲ့ သံတုတ်ဟာ ထိုသူရဲ့ နဖူးကို တိုက်ရိုက် ထိသွားပါတယ်။

ခွမ်းခနဲ မြည်သံရဲ့အတူ သွေးများ ဖြာခနဲ ထွက်သွားပါတယ်။

ဖမ်းမိထားတဲ့ လူကို ပစ်တွန်းလိုက်တဲ့အတွက် သူတို့နှစ်ယောက်လုံး ထွေးပြီး လဲသွားပါတယ်။



ကျွန်တော် ချိုင်းအောက်မှာ ဖွက်ယူလာတဲ့ သေနတ်ကို ဆွဲထုတ်လိုက်တဲ့အခါမှာ သူတို့ သုံးယောက် ထွက်ပြေးသွားပါတော့တယ်။

ဒီတော့မှ ခင်မာလွင်လည်း ကျွန်တော်ရှိတဲ့ နေရာကို ပြေးဝင်လာပါတယ်။

'အစ်ကိုကြီး ဘာဖြစ်သွားသေးလဲ'

သူမက စကားပေါင်းများစွာ ပြောနေချိန်မှာ ကျွန်တော် အတွေးများ နေရပါတယ်။

ကျွန်တော့်မှာ ရန်သူ လုံးဝ မရှိပါဘူး။

ဒါပေမယ့် မင်းခေါင်နဲ့ လူမှားတာလည်း ဖြစ်နိုင်ချေရှိပါတယ်။

တစ်နေ့ကုန်း လမ်းပေါ်မှာ ရှိနေတဲ့ မင်းခေါင်က အတိုက်အခိုက် ခံရဘဲ၊ ညနေခင်း လမ်းလျှောက်တဲ့ ကျွန်တော့်ကိုမှ အတိုက်အခိုက်ရှိတဲ့အတွက် မသင်္ကာစရာ ကောင်းတာတော့ အမှန်ပါပဲ။

ဒါပေမယ့် လူမှားတယ်လို့ပဲသတ်မှတ်ပြီး အိမ်ပြန်လာလိုက်ပါတယ်။

မင်းခေါင်ဟာ ကျွန်တော့်က မြင်တာနဲ့ ဘီလူးသဘက်ကို မြင်သလို မျက်နှာပျက်ပြီး အပြင်ကို ထွက်သွားပါတယ်။

www.burmeseclassic.com



ဝီအမှုအရာကြောင့် ဗေဒင်မေးဖို့မလိုအောင် သေချာသွားပါတယ်။

စောစောကတိုက်ခိုက်မှုဟာ လူမှားခြင်းလုံးဝမဖြစ်နိုင်တော့ပါဘူး။

ဗုဒ္ဓ....ဗုဒ္ဓ....မြွေပွေးနှစ်ကောင်ကို ကျွန်တော့်ခါးပိုက်ထဲ ဆောက်နေပါရော့လား။

❖

# အခန်း (၁၅)

နောက်တစ်ကြိမ်ကတော့၊ သီဘာထင်ရှားလွန်းပါတယ်။

ကျွန်တော် မန္တလေးကို ခရီးထွက်ရမှာပါ။ လမ်းက မြို့ရွာတွေကို ဝင်ရမှာ ဖြစ်တဲ့အတွက် ကိုယ့်ကားကိုပဲ မမောင်းပြီးထွက်ခဲ့ပါတယ်။

ကားလေး မင်္ဂလာဒုံကို လွန်တဲ့အချိန်မှာ လမ်းပေါ်မှာ လူတစ်ယောက် လဲနေတာ တွေ့ရလို့ ကားကို အရှိန် လျှော့ပြီး ရပ်လိုက်တဲ့အချိန်မှာ တောထဲက လက်နက်ကိုင် လေးယောက် ထွက်လာပါတယ်။

လုပ်သေနတ် တစ်လက်နဲ့ ကျွန်တော့်ကို အနီးကပ် ချိန်ပြီး ကားပေါ်သ ဆင်းခိုင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မာလွင်ကိုလည်း အောက်ကို ဆင်းခိုင်းပါတယ်။

ရန်သူရဲ့အခြေအနေကို ကျွန်တော် လေ့လာလိုက်ပါတယ်။ စုစုပေါင်း ငါးယောက်၊ လုပ်သေနတ် တစ်လက်၊ ဓား သုံးချောင်းဖွဲ့ ရှိပါတယ်။

အဆင့်မြင့် လူဆိုးတွေ ဟုတ်ပုံ မရပါဘူး၊

ကျွန်တော့်ကို တောအတွင်း ဝင်ခိုင်းပါတယ်၊ တောစပ်မှာတင် ကျွန်တော့်ခန္ဓာကိုယ်မှပ လက်နက်ရှာပါတယ်။

ကျွန်တော် ကြိုတင်ပြင်ဆင်မှုတွေမှန်သွားပါတယ်။ခါတိုင်းလို ချိုင်းကြားမှာ၊ ခါးမှာ သေနတ်ကို မထားပါဘူး။

'ခင်ဗျား သေနတ်ရော ဦးမင်းမောင်'

'မေ့ကျန်ခဲ့တယ်.... လေနတ်ထာပါရင်၊ မင်းတို့ အားလုံး စောစောက သေပြီ'

'မေ့ကျန် ခဲ့တာ ကျေးဇူးတင်ပါတယ် ဦးမင်းမောင်၊ ခင်ဗျားကတော့ သေရွေ စေ့ပါပြီ'

'ရပါတယ်ကွာ၊ သေရွေစေ့ရင်လဲ သေရမှာပေါ့'

တိမ်မဝင်တဲ့ဟန်နဲ့ ပြောတဲ့ ကျွန်တော့်ကိုသူတို့အတော်မျက်စိနောက်သွားပုံရတယ်၊

'ခင်ဗျားသတ္တိကတော့မဆိုးပါဘူး၊ တကယ်သေမှာကြောက်ကြောက် စောင့်ကြည့်ရသေးတာပေါ့၊ ဇီနားတင် သတ်လိုက်ရင် လူသိမှာစိုးလို့ နည်းနည်းတော့ လှမ်းလျှောက်လိုက်ပါ ကိုမင်းမောင်'



သူတို့ငါးယောက်လုံးဟာ ကျွန်တော့်ပဲ ဝိုင်းရံပြီး လိုက်လာကြပါတယ်၊

ခင်မာလွင်က တစ်ယောက်တည်း လွတ်လွတ် လပ်လပ် လျှောက်ခွင့်ရနေပါတယ်။

တကယ်ဆို ဟန်မပ်လောက်တော့ ဖမ်းချုပ်ပြီး ခေါ်သင့်တာပေါ့၊ ခုတော့ အစီက ကျွန်တော်လွတ်သွားမှာကိုသိပ်ကြောက်နေကြပုံရပါတယ်၊

ကျွန်တော်ဆိုတဲ့ကောင်ကလည်း သက်နက်နဲ့ အနိုင်ကျင့်တာ၊ အုပ်စုနဲ့အနိုင်ကျင့်တာ၊ အာဏာနဲ့အနိုင်ကျင့်တာမျိုးကို အတော်ရွံမုန်းလှပါတယ်၊

အဲဒါမျိုးကို အတော်ရွံမုန်းတတ်သလို သည်းခံစိတ်လည်း ခေါင်းလှီမရပါဘူး၊

သူတို့အခြေအနေကို အကဲခတ်ကြည့်လိုက်တော့ တစ်ဦးမှ ကျွန်တော့်ကို အလွတ်မပေးဘဲ ကပ်လိုက်လာပါတယ်၊

လှုပ်ရှားဖို့ အခွင့်မသာပါဘူး၊

ကျွန်တော်က တစ်ယောက်ကိုလုပ်လိုက်တာနဲ့ ကျန်တဲ့လေးယောက်က ဝိုင်းဆော်လိုက်မှာဖြစ်တဲ့အတွက် တာလုပ်ရမလဲ စဉ်းစားရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အနားမှာ သူတို့က သိပ်ပြီးကပ်နေပါတယ်။

သူတို့လွက်နက်တွေက လုပ်သေနတ်အစ်လက်မဲ အစွမ်းရှိ တာပါ။

ခေါ်လောက်ကတော့ ကျွန်တော် စာမဖွဲ့လောက်ပါဘူး။

တခြားထိုက်ပွဲဆိုရင် မိန်းမပါနေ ကဲ တပန်းရှုံးတယ်။

သူမကို ထည့်တွက်ငွဲကွက်ရမှာကိုး။ ခုတော့ သူတို့အားလုံး ခင်မှာလှင်ကို လက်ဖျာနဲ့ဆောင် မတိုက်ကြတဲ့အတွက် ကျွန် တော့်ကိုသာ ရန်ပြုဖို့ ကြိုးစားနေကြောင်းပေါ် လွင်နေပါတယ်။

နဲနဲခွာပြီးတိုက်ရင် ကျွန်တော် အခွင့်အရေးရလာက်တယ်။

ဒါကြောင့် ခလုတ်တိုက်လဲချင်ဟန်ဆောင်လိုက်တယ်။

တစ်ယောက်က ကျွန်တော့်ကို ထူပေးဖို့ကပ်လာတယ်။

အမှန်က ခြေသလုံးမှာ ကျွန်တော့်သေနတ်ကို ကပ်ချည် ထားတာပါ။

ကျွန်တော် ပြန်အထမှာ လက်ထဲသေနတ်ပါလာတယ်။

လုပ်သေနတ်ကိုင်ထားတဲ့ကောင်ရဲ့ ပခုံးကို လှမ်းပစ်လိုက် တယ်။



'ဗိုင်း....'

လုပ်သေနတ်ကိုင်တဲ့ပုဂ္ဂိုလ် သေနတ်တစ်ခြား လူတစ်ခြား အညီထွက်သွားပါတယ်။

ကျွန်တော့်ကိုထူပေးဖို့ကုန်းကုန်းကွကွလုပ်နေတဲ့ငနဲ့ကိုတော့ နောက်နားကို သေနတ်နဲ့ ဖြတ်ရိုက်ချလိုက်ပါတယ်။

သွေးတွေ ရဲရဲနဲ့ ဖြာထွက်သွားသလို ငနဲလဲ လူးလိမ့်သွားပါ တယ်။

'ကဲ...ကိုယ့်လူတို့ ဒါလုပ်သေနတ်မဟုတ်ဘူး၊ အမေရိကန် လုပ်သေနတ်အစစ် ကျည်ဆံရှိစွမ်းအား သိချင်တဲ့ကောင် လှုပ် ကြိုက်စမ်း'

ဒီတစ်ခါတော့ ကျွန်တော့်အလှည့်ပါပဲ။

သူတို့လူနှစ်ယောက် လဲသွားတာနဲ့ ကျန်သုံးယောက်ဟာ ဆတ်ကပ်ထဲကကျားတွေ ဖြစ်ကုန်တော့သည်။

'ကဲ...တန်းစီထိုင်စမ်း၊ ခေါင်းပေါ် လက်တင်ထား၊ မင်းတို့ ထိုင်တာတော်ပါတယ်'

သခေါင်သားသုံးကောင်က လိမ္မာရေးခြား ရှိရှာတယ်။ စကားတောင်မဆုံးခင် ပုံစံထိုင်ပြီး ဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို အရိုက်ခံရတဲ့လူက မေ့နေပါပြီ။

ဖန်းကို ခေါသနတ်မှန်ထားတဲ့ ငနဲကတော့ ရေလောက်ထဲ ဇာတ်ရာ ရထားသလို လူးလိမ့်ပြီး ငြီးထွားနေတာမို့ ကျွန်တော် အမြင်တော်တော်ကပ်သွားပါတယ်။

'ဟိုး...ရွေးမသား၊ ဒီလောက်ဇာတ်ရာများ အတော် နာနေသလား၊ မင်းကို ဗုံစံထိုင်ဖို့ပြောနေတာ မထိုင်ရင် တစ်ခါထဲ အဆောပစ်လိုက်ရမလား'

ခပ်ငေါက်ငေါက်ပြောလိုက်မှ မျက်နှာငယ်လေးနဲ့ ထ ထိုင် ပါတယ်။

'ဘယ်လိုလဲ လူမိုက်ကြီးတွေရဲ့၊ ငါ့ သတ်မလို့ဆို၊ ဘယ်သူက ဘယ်သူ့ကို သတ်မှာလဲ ကြည့်ကြသေးတာပေါ့'

ကျွန်တော်က ဘိုင်စကုတ်ထဲက ဓားတလိုက်ဆန်ဆန် ကြိမ်ပါးပြီး ခေါသနတ်ကို ကိုးချိန်လိုက်တော့ အားလုံး မျက်လုံးပြူး ကုန်ပါတယ်၊

'ကျွန်တော်တို့ကို ချမ်းသာပေးပါ ကိုမင်းမောင်၊ ကျွန်တော်တို့ သူများခိုင်းလို့ လုပ်ရတာပါ'

သူတစ်ပါးကို အနိုင်ကျင့်တတ်တဲ့သူတွေဟာ ကိုယ့်အလှည့် ရောက်ရင် ဗိုကြောက်တတ်တဲ့သဘောအတိုင်း တုန်တုန်လှုပ်လှုပ်နဲ့ တောင်းပန်ကြပါတယ်။



သူတို့နည်းတူ မျက်နှာပျက်သွားတာက ကျွန်တော့် မယားပါဆိုတဲ့ ခင်မာလှင်ပါပဲ။

ဒီအချိန်မှာ ကျွန်တော် သူတို့ရဲ့ယုံတ်မာမှုကို လွယ်လွယ်ကူကူ ဖော်ထုတ်လို့ ရနိုင်ပါပြီ။

'ဟေ့...အားလုံး မလှုပ်နဲ့'

အမိန့်ပေးသံတစ်ခုနဲ့အတူ ပုလိပ်တွေရောက်လာကြပါတယ်.

ကျွန်တော့် မိတ်ဆွေဖြစ်တဲ့ရန်ကုန် အလယ်ပိုင်း ပုလိပ်ဝန်ထောက် မစ္စတာလီဖေါ ပါလာတယ်။

'မစ္စတာမင်းမောင် တာဖြစ်ကြတာလဲ၊ ကျုပ်တို့ သေနတ်သံကြားလို့ ဆင်းရှာကြတာ'

ဒီအဖြစ်ရဲ့ နောက်ကြောင်းကို ဆက်ဖော်လိုက်ရင် ကိုယ်အရှက်ကိုယ်ခွဲသလို ဖြစ်နေမှာမို့ ရိုးရိုးဓားပြတိုက်တာလောက်ဲ ဝန်ထောက်မင်းကို ပြောပြလိုက်ပါတယ်။

'ကျွန်တော့်ကို ဓားပြတိုက်တာ ဝန်ထောက်မင်းရေ၊ ခုမှ ဓားပြလက်သစ်တွေနဲ့တွေ့ပါတယ်၊ လုပ်သေနတ်တစ်လက်နဲ့ ဓားပြတိုက်ဖို့ ကြိုးစားကြဘယ်လေ၊ ခပ်ညံ့ညံ့ ဓားပြတွေမို့ သင်ခန်းစာပေးမလို့လုပ်နေတုန်း ဝန်ထောက်မင်းတို့ ရောက်လာတာပဲ'

'ကျုပ်တို့ ဒီလမ်းက ပြန်လာတုန်း သေနတ်သံကြားလို့

www.burmeseclassic.com

www.burmeseclassic.com



ဝေါ်ကြည့်ကြတာ၊ မစ္စတာ မင်းမောင်သာမတွေ့တော်ရင် စီကောင် သော့ ခေါ်ဖြတ်ကိုက်ရှိပါမကဘဲ လူတောင်သတ်နိုင်တယ်၊ ကဲ... စီကောင်တွေ အားလုံးကို ဖမ်းစမ်း'

'ကျေးဇူးပါပဲ ဝန်ထောက်မင်းရယ်၊ ဝန်ထောက်မင်းတို့သာ ရောက်မလာရင် စီကောင်တွေကို အနီးဆုံးဂါတ်ကို ပို့ပေး ဦးမှာ ဒီကိစ္စကို ဝန်ထောက်မင်းပဲ ကြည့်လုပ်ပေးပါ၊ ကျွန်တော် က အရေးကြီးတဲ့ ကိစ္စလေးတွေရှိလို့ ခရီးဆက်ချင်သေးတယ်'

'ရပါတယ်၊ မစ္စတာမင်းမောင် သွားစရာရှိတာ သွားပါ၊ ကျွန်ုပ် ဆက်ပြီး အရေးယူလိုက်ပါမယ်'

ပုလိပ်သက်ကို ကြေးစား လူသတ်သမားတွေကို လွှဲပြောင်း ပေးပြီးတဲ့နောက် ကျွန်တော်က မစ္စတာလိုဒါကို ငွေသုံးထောင် အနားကပ်ပြီးပေးလိုက်ပါတယ်။

'ဝန်ထောက်မင်းရဲ့ တပည့်တွေကို ကျေးဇူးတင်လို့ စား သောက်ဆိုင် တစ်ခုခုမှာ ကျွေးလိုက်ပါ ဝန်ထောက်မင်း၊ ကျွန် တော်ကတော့ ခရီးဆက်စရာရှိလို့ ပါ'

'ရတယ်၊ မစ္စတာမင်းမောင် ရပါတယ်၊ သွားစရာရှိတာသာ သွားပါ၊ ကျွန်ုပ်ဆက်ပြီး စီစဉ်လိုက်ပါမယ်'

အလယ်ပိုင်းပုလိပ်ဝန်ထောက် မစ္စတာ လိုဒါဟာ ကျွန်တော့် ကို ပြုံးပြုံးကြီး လက်ဆွဲနှုတ်ဆက်ပြီး ပြောပါတယ်။



တရားခံတွေကတော့ ကြောက်ရွံ့နေတဲ့မျက်နှာနဲ့ကျွန်တော့် ကို ကြည့်နေပါတယ်။

ကျွန်တော်က ယုတ္တိနားကို လျှောက်သွားပြီး...

'မင်းတို့ထဲတော့ မင်းတို့ အဖေတွေနဲ့လိုက်သွားကြပေတော့ ဟိုရောက်လို့ စစ်ဆေးရင် ပိုက်ဆံလိုလို့ ခေါ်ဖြတ်ကိုက်မိတာပါ လို့ အစစ်ခံလိုက်ကြပေါ့၊ လူသတ်မှုနဲ့ဆိုရင် ခေါင်းဖြတ်ကြိုးသက် သာတာ၊ မင်းတို့လဲ သိပါတယ်၊ ကဲ... ငါသွားမယ်'

ကျွန်တော့်စကား အဆုံးမှာ သူတို့အားလုံး သံပြိုင်နီးပါး 'ဟုတ်ကဲ့ပါဆရာ' လို့ ပိုင်းဖြေကြတဲ့အတွက် ကျွန်တော် ပြုံးမိ ပါတယ်။

ကျွန်တော် ကားပေါ်တက်ပြီး ဆက်လက် မောင်းနှင်လာ ခဲ့ပါတယ်။

ကားပေါ်ကနေ မစ္စတာလိုဒါကို လှမ်း၍ လက်ပြခဲ့ပါသေး တယ်။

အတော် ခပ်လှမ်းလှမ်း မောင်းမိတော့မှ ခင်မာလွင်ဆီက အသံထွက်လာပါတယ်။

'အမောင့်ကြောင့် ကြောက်လိုက်ရတာ အစ်ကိုကြီးရယ်'

'မစကားကြောင့်' ကျွန်တော် ဟားတိုက်ပြီး ရယ်လိုက်မိ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမအာ နှာ:မသည်ဟန်နဲ့ ကျွန်တော့်ကို ကြည့်နေပါတယ်။ ငါသိပါတယ်ဆိုတဲ့ ပုံစံပေါ်လွင်နေအောင် ရယ်တာပါ။

ဒါပေမယ့် ပြီးမှ ဆက်ပြောတာက…

'အမ်ကိုကြီးကို လူယုတ်မာတွေက အန္တရာယ်ပေးလို့မရပါဘူး အမာရယ် မပူပါနဲ့'

❀

အခန်း (၁၂)

---

သာမန် မိန်းကလေး တစ်ယောက် ဒီလို ခေါ:ပြတိုက်ခံရတဲ့ အကြောင်းကို လမ်းတစ်လျှောက်ပြောလို့ဆုံးမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့် မိန်းမဟာ ဒီကိစ္စကို လုံးဝ ထပ်မပြောတော့ပါဘူး။

စကားမစပ်မိအောင်တောင် ရှောင်ပြီး ပြောနေတယ်ဆိုတာ ပေါ်လွင်လှပါတယ်။

ဒီအချက်ကို အကဲခတ်ခြင်းအားဖြင့် ကျွန်တော့် သဘောကို ထိုက်ငှားတဲ့နေရာမှာ မင်းခေါင်ရော ခင်မာလွင်ပါ ပေါင်းနေသည်ဆိုတာ စဉ်းစားကြည့်လို့ ရနိုင်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူများတော့ ကျွန်တော့်ကို ပြုစုယုယခြင်းနဲ့ ဖုံးကွယ်ဖို့ ကြိုးစားနေပါတယ်။

အမှန်အတိုင်း ဝန်ခံရရင် သူမ အယုအယကို ကျွန်တော် သာယာနေဆဲပါ။

မလွန်ဆန်နိုင်ဘူး ဖြစ်နေဆဲပါ။

ဒါပေမယ့် သာယာတဲ့စိတ်နဲ့အတူ ဒေါသတွေလည်း ပေါက်ကွဲထွက်လာပါတယ်။
မနည်းကို ထိန်းချုပ်ယူရပါတယ်။

စက္ကန့်နဲ့အမျှ ကိုယ့်ကိုယ်ကို ပညာရှိအမျက်အပြင်မထွက်နဲ့လို့ သတိပေးနေရပါတယ်။

မစ္စတာ လီဒါကို ထွေးသီးထောင်ပေးလိုက်ရကျိုးနပ်ပါတယ်။ ကုန်သည်ကြီးများ အသင်း ဥက္ကဋ္ဌ ဦးခင်မောင်ကို မင်္ဂလာဒုံ အလွန့်တောစပ်အနီး၌ ဓားပြခေါင်းဦးက လက်ပစ်သေနတ်တစ်လက်၊ ဓားများဖြင့် ဓားပြတိုက်ရန် ကြိုးစားကြရာ သူရဲသတ္တိနှင့်ပြည့်စုံသော ကုန်သည်ကြီးက ခုခံ တိုက်ခိုက်ရာတွင် ဓားပြများထွက် လက်နက်နှင့်တကွ၊ အားလုံး ဖမ်းမိခြင်း ဆိုတဲ့ ခေါင်းစဉ် ရှည်ကြီးနဲ့အတူ ဓာတ်ပုံပါ ဖေဖေဆာဆာနဲ့ သတင်းစာများမှာ ပါလာပါတယ်။



မစ္စတာလီဒါ ဘယ်လို ပြောပြထားသလဲဆိုတာ မသိပါဘူး။ သတင်းစာတိုင်းမှာ ကျွန်တော့်ကို ဟီးရိုးဆန်ဆန်ရေးထားတော့ မြို့ ခရီးစဉ်မှာ ရောက်တဲ့မြို့တိုင်းက ကုန်သည်တွေကြားမှာ ကျွန်တော်ဟာ ဇာတ်လိုက်မင်းသားဖြစ်နေပါတယ်။

ရန်ကုန်မှာ ကျန်နေခဲ့တဲ့ ကျွန်တော့်ညီ မင်းခေါင်ကတော့ ဒီသတင်းကိုဖတ်ပြီး ဘယ်လောက် စိတ်ဒုက္ခခံစားနေရမယ် ဆိုတာ ကျွန်တော် တွေးလိုက်မိပါတယ်။

မင်းခေါင်နဲ့ ကျွန်တော်ဟာ အမွှာညီအစ်ကိုတွေ ဖြစ်ခဲ့တဲ့အတွက် သူဟာ မအောင်မြင်သရွေ့ လက်မလျှော့စတမ်း ထပ်ပြီး ကြိုးစားဦးမယ် ဆိုတာလည်း ကြိုသိနေပါတယ်။
နာမည်ကြီးလာတာ စီးပွားဖက်က အမြတ်ပါတယ်။

ရောက်တဲ့အရပ်က ကုန်သည်တွေနဲ့ ဆက်ဆံရတာ အရင်ကထက် အဆင်ပြေလှပါတယ်။

ကျွန်တော်နဲ့ အလုပ် လုပ်ရတာကိုက ဂုဏ်ယူစရာတစ်ခုလို့ ထင်နေကြပါတယ်။

ကျွန်တော်က ဈေးမဆစ်ခင်မှ သင့်တော်တဲ့ ဈေးကို သူတို့က သတ်မှတ်ပြီးသား ဖြစ်နေနှင့်ပါတယ်။

ကုန်သည် အားလုံးရဲ့ ကုန်များဟာ ကျွန်တော့် ပွဲရုံကိုပဲ ဦးတည် တင်ပို့ပေးကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအတိုင်းဆိုရင် နောက်ပိုင်း ခုလို ခရီးခဏခဏထွက်စရာ တောင် လိုမှာ မဟုတ်တော့ပါဘူး။

ကျွန်တော်လည်း အခွင့် အရေးရတုန်း မြန်မာပြည်အနှံ့ ဘုရားဖူးခရီးထွက်တဲ့ပုံစံမျိုး နေရာအနှံ့ကို အေးအေးဆေးဆေး လျှောက်သွားပြီး နေလိုက်ပါတယ်၊

အနောက်နိုင်ငံက စာပေတွေ အမြဲဖတ်ရှုလေ့ရှိတဲ့ ကျွန်တော် ဟာ သူတို့နိုင်ငံက ကုန်သည်တွေ လုပ်တဲ့နည်းဖြစ်တဲ့ တွန်ဒီလွဲ စနစ်ကို သုံးစွဲတာမို့၊ ကျွန်တော် ခုလို ခရီးထွက်နေပေမယ့် ကျွန်တော့်ပွဲရုံနဲ့ ဆက်ဆံတဲ့ ကုန်သည်တွေ အားလုံး ငွေကြေး အတွက် ပူပန်စရာမလိုဘဲ စိတ်ချမ်းသာကြရပါတယ်၊

ခရီးအစမှာ အောင်မြင်မှု စပြီးရတဲ့ ကျွန်တော့် အတွက် ဒီခရီးဟာ ပျော်ရွှင်စရာပါပဲ၊

အကယ်၍သာ ခင်မာလွင်ဟာ ကျွန်တော်ချစ်သလို ချစ်ပြီး သစ္စာရှိတဲ့ မိန်းမတစ်ယောက်သာဆို ဒီထက် ပိုပြီး ပျော်ရွှင်စရာ ကောင်းမှာ သိပ်သေချာပါတယ်၊

ခရီးစဉ်ဟာ ဟန်းနီးမွန်းခေါ်တဲ့ ပျားရည်စမ်းခရီးကို ဘယ် လောက် ပျော်စရာကောင်းလိုက်မလဲ၊

ခုတော့ အစစသိနေပြီးသားဖြစ်တဲ့ ကျွန်တော်ဟာ ဘယ်လို လုပ် ပျော်ရွှင်တဲ့ခရီး ဖြစ်နိုင်ပါမလဲ။



ရောက်တဲ့အရပ် တည်းခိုတဲ့နေရာတိုင်းမှာ ခင်မာလွင်ဟာ ကျွန်တော့်ကို မယုတ်လျော့တဲ့ သာယာမှုတွေကိုတော့ ပေးနေ ဆဲပါ၊

သူမရဲ့ဖောက်ပြန်မှုကို မျက်မြင်မတွေ့ထားရင် ကျွန်တော် ဟာ လောကနိဗ္ဗာန်လို့တောင် ထင်စားမိမှာပါ၊

ကာမဂုဏ်ကို ရရှိပေမယ့် ခြွင်းချက် ရှိနေပါတယ်၊

သူမနဲ့ ကျွန်တော် ပထမဦးဆုံး ငြိစွမ်းတဲ့နေ့က သူခပြောတဲ့ အတိုင်း သူမကို ပြည့်တန်ဆာလိုပဲ သဘောထားလိုက်ပါတော့ တယ်၊

တကယ်ဆို ကိုယ့်ဇနီးကို ဒီလိုသဘောထားပါတယ်ဆိုတဲ့ စကားဟာ ဘယ်လောက်မိုက်ရိုင်းပါသလဲ၊

ဒီစကားမျိုးပြောတဲ့ ယောကျ်ားဟာ ယောကျ်ားကောင်း တစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်၊

ဒါပေမယ့်ဗျာ ကျွန်တော့်အခြေအနေက ဒီလို သဘော ထားမှ စိတ်သက်သာမှု ရမယ်မဟုတ်လား၊

အဲဒီလိုသဘောထားပေမယ့် တကယ်တမ်းကျတော့ မအောင် မြင်ပါဘူး၊

ကိုယ့်အချစ်ကို ကိုယ်ပြန်စော်ကားရသလို ဖြစ်နေပြန်ပါ တယ်၊

ကျွန်တော် သန့်စင်တဲ့အချစ်ကို စော်ကားရက်တဲ့ ဆတ္တက ဒေါသတလိမ့်လိမ့် တက်လာပါတယ်၊

တပ်မက်မှု တဏှာရယ်၊ ဖြစ်ပွားလာတဲ့ ဒေါသရယ်၊ ကျွန် တော့်စိတ်နဲ့ ကျွန်တော် အချိန်တိုင်းရန်ဖြစ်နေရင်းကနေ ပညာ

www.burmeseclassic.com

www.burmeseclassic.com



ရှိ အမှောင် အပြင်မထွက်နဲ့လို့ သတိပေးရင်း နှိုက်ချုပ်နေရပါတယ်။

ခင်ထိကကျိုက်ပြီး ဆုတောင်းနေရကာကတော့ ကျွန်တော့်ညီ မင်းခေါင်ရော ခင်မာလှိုင်ပါ သူတို့အမေးတွေကို သူတို့ရင်ထဲကရပ်ပြီး ပြင်ဆင်နိုင်ပါစေလို့ပဲ ဖြစ်ပါတယ်။

ဆုတောင်းတိုင်း မပြည့်တတ်ပေမယ့် ဒီဆုတောင်း တစ်ခုတော့ အမှန်တကယ် ပြည့်ချင်မိတယ်ဗျာ။

ဒီဆုတောင်းပြည့်ဖို့ ရှိသမျှစည်းစိမ်နဲ့ လဲရမယ်ဆိုရင်တောင် လဲချင်ပါတယ်။

## အခန်း (၁၇)

ဆုတောင်းမပြည့်ပေမယ့် စည်းစိမ်နဲ့ လဲရတဲ့အဖြစ်တစ်ခုကတော့ ကြုံရပြန်တယ်။

ခင်မာလှိုင်နဲ့ ပတ်သက်မိပြီးမှ စိတ်ဆင်းရဲခြင်းဆိုတာ ကျွန်တော့်အတွက် သီးသန့် ဖန်တီးထားသလိုပါပဲ။

ကျွန်တော့်ဘဝကံကြမ္မာ ကျွန်တော့်ဇာတာက ဒီလိုပဲ ဖန်တီးထားသလား မသိပါဘူး။

မင်းခေါင်နဲ့ ပတ်သက်တဲ့ဇာတ်သိမ်း မဆုံးခင်မှာ နောက်ထပ်ဇာတ်လမ်းတစ်ပုဒ် ထပ်ပြီး ပေါ်ပေါက်လာပါတယ်။

အဲဒီဇာတ်လမ်းက ကျွန်တော့်အတွက် အသက်ဖြစ်စေမယ့် ခင်မာလှိုင်အတွက်ကတော့ အဆောင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ဇာတ်လမ်းကလည်း အလွန်အရေးပါတဲ့ ဇာတ်လမ်းတစ်ပုဒ်ပါပဲ၊

ကျွန်တော်တို့ ခရီးကပြန်ရောက်ပြီး တစ်လအတွင်းမှာအလွန်စိတ်ချမ်းသာစရာ ကောင်းပါတယ်၊

ကျွန်တော် ဆုတောင်းပြည့်တယ်လို့တောင် ထင်မိလောက်အောင် မင်းခေါင် ဣန္ဒြေရနေသလို ခင်မာလှိုင်ကလည်း ကျွန်တော့်အပေါ် အလွန်ဂရုစိုက်နေတာမို့ သူတို့ နှောင်တရပ်ရပ်သွားကြပြီလို့ ယူဆရပါတယ်၊

ကျွန်တော့်ရဲ့ စိတ်ဒဏ်ရာကြီးဟာလည်း အနာကျက်စပြုလာပြီလို့ ဆိုနိုင်ပါပြီ၊

တစ်ခုနေ့ ပွဲရုံမှာ ကျွန်တော် ထမင်းစားစဉ် ခင်မာလှိုင်က အေးကနေ ပြုစုပေးနေပါတယ်၊

အေးအေးနေ ယပ်ခတ်ပေးနေတဲ့ သူမဟာ ချာခနဲ ပွဲရုံနောက်ဘက်ခန်းထဲကို ဝင်သွားပါတယ်၊

ဒါကို ကျွန်တော် အမှတ်တမဲ့ပဲ ဂရုမထားလိုက်မိပါဘူး၊ မကြာခင် ကျွန်တော့် စားပွဲရှေ့ကို လူတစ်ယောက် လာရပ်ပါတယ်၊

'ပွဲစားကြီးဦးမင်းမောင်ဆိုတာ မိတ်ဆွေထင်ပါရဲ့'



'ဟုတ်ပါတယ် ခင်ဗျာ၊ ကျွန်တော် မင်းမောင်ပါ'

ကျွန်တော် ပြန်ဖြေလိုက်တဲ့အချိန်မှာ လူစိမ်းက ကုလားထိုင်တစ်လုံးကိုဆွဲယူပြီး ထိုင်ချလိုက်ပါသည်၊

သူ့ရဲ့ခန္ဓာကိုယ်ဟာ ကျွန်တော့်ရဲ့ခန္ဓာကိုယ်မျိုးပါပဲ၊

အသားမည်းမည်း လူမိုက်ရုပ်ပေါက်နေပါတယ်၊

ခေါင်းမှာ လွှင့်ဦးထုပ်တစ်လုံး လွှယ်ထားပြီး နှီးခမောက်တစ်လုံးကို မျက်နှာတစ်ဝက်လောက်ရောက်အောင် ငိုက်စိုက်ဆောင်းထားပါတယ်၊

အတွင်းက စွပ်ကျယ်တစ်ထည်ဝတ်ထားပြီး အပေါ်ကတိုက်ပုံကြမ်းတစ်ထည် ထပ်ဝတ်ထားပါတယ်၊

ဝတ်ထားတဲ့ ပုဆိုးကွက်ကြမ်းရော တိုက်ပုံအင်္ကျီပါ အတော်ညစ်ပတ်နေပါတယ်၊

သူ့ကြည့်ရတာ ကုန်သည်ပွဲစားထဲက ဟုတ်ပုံမရတဲ့အတွက် ကျွန်တော် အကဲခတ်လိုက်ပါတယ်၊

'ကျွန်တော် မင်းမောင်ပါ၊ လာရင်းကိစ္စလေးကို ပြောပါ၊ ကျွန်တော် ဘာကူညီရပါမလဲ'

www.burmeseclassic.com

www.burmeseclassic.com



ထိုသူက ကျွန်တော့်စကားကို ဘာမှပြန်မပြောသေးပဲ၊ တိုက်ပုံအင်္ကျီထဲက ဆေးပြင်းလိပ်တစ်လိပ် ထုတ်ပြီး ယမ်းမီးခြစ်နဲ့ မီးညှိလိုက်ပါတယ်။

ဆေးပြင်းလိပ်ကို နှစ်ဖွာသုံးဖွာ ဆက်တိုက်ဖွာပြီးမှ ကျွန်တော့်မျက်နှာကို စေ့စေ့ ပြန်ကြည့်ပါတယ်။

ညှို့သည်ရဲ့အပြုအမူကို စိတ်ထဲက မကျေနပ်သော်လည်း လူကြီး လူကောင်းဆန်ဆန် ကျွန်တော့်မျက်နှာကို ပြုံးထားလိုက်ပါတယ်။

'ပြောပါ မိတ်ဆွေ၊ ကျွန်တော် ဘာကူညီရမလဲ'

ကျွန်တော့် စကားကြောင့် ထိုသူက တဟဲဟဲနှင့် ရယ်ပါတယ်။

သူ့ အမူအရာကြောင့် ကျွန်တော် ဒေါသဖြစ်လာပါတယ်။

'တော့ လူ၊ ဘာကိစ္စရှိသဲလို့ မေးနေတယ်လေဗျာ'

'ဟဲ...ဟဲ ပြောမှာပေါ့ ဦးမင်းခမောင်ရယ်၊ သိပ်လဲ ဒေါသမကြီးပါနဲ့၊ ကျုပ်နာမည်က စံထွန်းလို့ခေါ်ပါတယ်၊ ခင်မာလွင်ရဲ့ယောကျ်ား စံထွန်းပါ'

'ဗျာ...ခင်ဗျား...ခင်ဗျား'



ကျွန်တော် ဒေါသ ထွက်နေတဲ့အတွက် စံထွန်းဆိုတဲ့လူကို လက်ညှိုးထိုးပြီး ဘာပြောရမှန်းမသိ ဖြစ်နေပါတယ်။

'ဟုတ်ပါတယ်၊ ကျုပ် ခင်မာလွင်ရဲ့ ယောကျ်ားစံထွန်းပါ၊ ခင်ဗျားက မယုံဘူးတူတယ်၊ ခင်မာလွင်ကို မေးကြည့်ပေါ့ဗျာ၊ ဟဲ့ ခင်မာလွင်... နင် ချောင်းကြည့်နေတာ ငါသိတယ်၊ ထွက်လာခဲ့စမ်း'

စံထွန်းက ကျွန်တော့်ကို ကျော်ကြည့်ကာ နောက်ဖက်ကို လှမ်းပြီး အမိန့်ပေးသံ ခန့်ခေါ်လိုက်တာမို့ ကျွန်တော် လှမ်းကြည့်လိုက်တဲ့အခါ ကြောက်လန့် တုန်လှုပ်စွာ မျက်နှာငယ်လေးနဲ့ ထွက်လာတဲ့ ခင်မာလွင်ကို တွေ့လိုက်ရပါတယ်။

ခင်မာလွင်ဟာ စားပွဲအနီးကို တုန်တုန်ယင်ယင်နဲ့ လျှောက်လာပါတယ်။

အရိုက်ခံရမှာ ကြောက်နေတဲ့ ကလေးငယ်ရဲ့ ပုံစံမျိုး ဖြစ်နေပါတော့တယ်။

'ကိုစံထွန်း၊ ရှင်... ရှင်'

'နင် ဘာမှ ဝင်မပြောနဲ့ ခင်မာလွင်၊ နင်ဟာ ငါ့မယားတော် မဟုတ်၊ လူကြီးလူကောင်းအမည်ခံထားတဲ့ ငယားနိုးကို ပြောလိုက်စမ်း'

www.burmeseclassic.com



စံထွန်းက အမိန့်ပေးခိုင်းစေပါတယ်။

'ကျွန်မ...ကျွန်မ'

'ငါမေးတာပဲ ဖြေစမ်း၊ နင်ဟာ ငါ့မယား ဟုတ် မဟုတ်၊ ဒါပဲဖြေ....'

ခင်မာလွင်၊ တကယ် တုန်လှုပ်ချောက်ချားနေတာ သိသာလှပါတယ်။

ခားပြများနဲ့ ကျွန်တော် တိုက်ခိုက်စဉ်ကတောင် ဒီလို အမူအရာမျိုး လုံးဝ မမြင်ဖူးခဲ့ပါဘူး။

ကျွန်တော်လည်း သူမ ဘာဖြေမလဲလို့ ကြည့်နေမိပါတယ်။ စံထွန်းက ထပ်ပြီး မေးပါတယ်။

'နင်-- ငါ့မယား ဟုတ်လား မဟုတ်ဘူးလား'

'ဟုတ်... ဟုတ်ပါတယ်'

ခင်မာလွင်ရဲ့ အဖြေကြောင့် စံထွန်းက အသံကျယ်ကြီးနဲ့ တဟားဟား ဆောင်ရယ်ပါတယ်။

သူ့ အပြုအမူကြောင့် ကျွန်တော် ဒေါသတွေ မထိန်းနိုင်လောက်အောင် ဖြစ်လာပါတယ်။



သေနတ်ထည့်ထားတဲ့အံဆွဲကို ဖွင့်ဖို့ လက်လှမ်းလိုက်တဲ့အခါ ခားပွဲအောက်ကနေ ကျွန်တော့် ဝမ်းဗိုက်ကို ခားတစ်ချောင်း လာစိုက်ထားပါတယ်။

'သိပ် လှုပ်လှုပ်ရှားရှား မလုပ်ပါနဲ့ ကိုမင်းမှောင်၊ ခင်ဗျား ထျင်မြန်ဖျတ်လပ်တာ သတ္တိကောင်းတာတွေကို ကျုပ်သိထားပါတယ်၊ ခုမှ ထောင်မှ ထွက်လာတဲ့လူဟာ ထောင်ထဲ ပြန်ဝင်ဖို့ ဝန်မလေးပါဘူး'

စံထွန်းဆိုတဲ့လူဟာ ချော့တွက်လို့လဲ မရပါဘူး။

သူ့ရဲ့ ခားဦးက ကျွန်တော့် ဝမ်းဗိုက်ကိုခပ်ဖိဖိလေးထောက်ထားတာမို့၊ ကျွန်တော် အသာငြိမ်နေလိုက်ပါတယ်။

သူ ဘာပြောမှာကိုလည်း သိချင်နေမိပါတယ်။

'ကဲ....ခင်ဗျား ဘာပြောချင်လဲ ကိုစံထွန်း၊ ဒါပေမယ့် လေသံတော့ တိုးတိုးပြောဗျာ၊ ဒါ အိမ်မဟုတ်ဘူးဗျ'

'ဟား ဟား ဟား....လူကြီးလူကောင်းမျက်နှာဖုံးစွပ်ထားတဲ့သူတိုင်းဟာ ဒီလိုပဲ မှန်ကန်တဲ့ ဖွင့်လင်းမှုကို ကြောက်လာတျုပ် သိပါတယ်ဗျာ၊ ကဲ....တိုးတိုးပဲ ပြောပါ့မယ်၊ ခင်မာလွင် နင် သွားနိုင်ပြီ၊ ငါတို့ စကားပြောမယ်'

စံထွန်းက ခင်မာလွင်ကို လှည့်ပြောလိုက်တဲ့အခါ ကျွားလက်

www.burmeseclassic.com

www.burmeseclassic.com



က လှတ်အောင်အပြုံးကို သမင်မလေးလို အခန်းထဲကို ပြေးဝင်သွားပါတော့တယ်။

သူမထံက ကြောက်ရွံ့မှုကို ဒီတစ်ခါပဲ မြင်တွေ့ဖူးတဲ့ ကျွန်တော်ဟာ အတော်အံ့သြနေပါတယ်။

'စိတ် အေးအေး ထားပြီး နားထောင်ပါ ဦးမင်းမောင်၊ ခင်ဗျားလို နိုင်ငံသိ ဂုဏ်သရေရှိ လူကြီးတစ်ယောက် ဂုဏ်ပျက်အောင် ကျွန်တော်မလုပ်ချင်ပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်တာဝအကြောင်းကိုတော့ ပြောပြပါရစေ'

စိတ္တဳန်းရဲ့ကာလဟာ မျှော့မျှော်သွားပါတယ်၊

ကျွန်တော်ကလည်း သိချင်စိတ်ရှိနေတဲ့အတွက် အာရုံစိုက်ပြီး နားထောင်လိုက်ပါတယ်။

ဒီကောင်မဟာ ဗိုလ်ကတော်ကျ တစ်ခုလပ်မပါ ဦးမင်းမောင်၊ သူ့ယောကျ်ားမြို့ပိုင်ဟာ အင်္ဂလန်ကို အပြီးအပိုင်ပြန်သွားပါတယ်...

'ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်ဆိုသလို အိမ်တစ်လုံးဆလွဲရင် ဘာမှမကျန်ခဲ့ပါဘူး၊ ဒါကြောင့်ဒီကောင်မအားကိုးရှာရင်း ကျုပ်နဲ့တွေ့တာပါပဲ'

'ကျုပ်ဆိုတဲ့ကောင်ကလည်း ငယ်ငယ်ကတည်းက လက်ကြောတင်းအောင် ဘာတစ်မှုမှ လုပ်ကိုင်စားခဲ့တဲ့ကောင်မဟုတ်ပါဘူး၊ ကျုပ်ရဲ့အဓိကအလုပ်က ဖဲရိုက်စားတာပါပဲ...



'တစ်ခါတစ်လေ ပြည့်တန်ဆာအိမ်တွေကို မိုက်ကြေးခွဲတဲ့အလုပ်ကလဲ ဒုတိယအလုပ်ပဲပေါ့၊ အဖော်လေးတာလေးကောင်းရင် ခေးပြုတိုက်ပါတယ်'

ကျွန်တော် အတတ်နိုင်ဆုံး စိတ်ကို ထူ ငြိမ်အောင်ထားပြီး စိတ္တဳန်းစကားကို နားထောင်နေရပါတယ်၊

ကျွန်တော် အမြတ်တနိုးထားခဲ့ရတဲ့ ခင်မာလှိုင်ကို သူက ဒီကောင်မ...ဒီကောင်မနဲ့ အတပ်တပ်သုံးနေတဲ့အတွက်အခ်ဘော်ပိုင်စိုးပိုင်နှင်း အပေါ်စီးက ဆက်ဆံခဲ့မယ်ဆိုတာလဲ မှန်းသိရပါတယ်၊

ယခု ရှဲမိုက်ဂုဏ်ကလည်း သေးသေးတော့ မဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့ဆိုတော့ ကမ်းနားသမ်းမှာ တုတ်ကိုင်လူသုံးယောက်ကို ဂေါ်လာ ဒုံတောစပ်မှာ သေနတ်၊ ဓားတွေနဲ့ လူဝါးယောက်ကို ထိခိုက်ဒဏ်ရာမရဘဲ လူမရေ့တွှစ် အနိုင်ကျင့်ခဲ့တဲ့ ကျွန်တော်ဟာ ထုန်လှုပ်ကြောက်ရွံ့တဲ့တနဲ့ကို လုံးဝမရှိခဲ့ပေမယ့် စိတ္တဳန်းကိုတော့ အတော်ကြောက်ဘာသင်ရှားလှပါတယ်၊

'ကျုပ် အဖော်ကောင်းတာနဲ့ ခေးပြုမှုတစ်ခုမှာ ပါသွားပါတယ်၊ ကျုပ် ထောင်ကျလို့ သုံးလလောက်မှာပဲ ခင်ဗျား ဒီကောင်မကို ယူလိုက်တယ်လို့ကြားရပါတယ်၊ ကျုပ် ပြီးတဲ့လထဲ ထောင်ကလွတ်လို့ အိမ်ပြန်တဲ့အခါ ကျုပ်မယားကခင်ဗျားနဲ့ ညားနေပါပြီ၊ လိပ်ပြာကန်ရပ်ကွက်ထဲက ခြံတစ်ခြံမှာ ခင်

www.burmeseclassic.com

www.burmeseclassic.com



ဗျားတို့လင်မယားလာလာပြီး အနားယူတက်တယ်ကြားလို့ အဲဒီနားတစ်ဝိုက်မှာ စောင့်ကြည့်ပါသေးတယ်၊ ကျုပ်စောင့်ကြည့်မှ ခင်ဗျားတို့ကလည်း တစ်ခေါက်မှ မလာကြဘူး'

စံထွန်းပြောတဲ့ လိပ်ပြာကန်ရပ်ကွက်ကခြံမှာ အနားယူတယ်ဆိုတာ အမှန်က ကျွန်တော်နဲ့ မဟုတ်ပါဘူး၊ မင်းခေါင်နဲ့ပါ...။

ကျွန်တော် သိသွားပြီးတဲ့နောက် သူတို့နှစ်ယောက် အဲဒီခြံကို သွားဖို့ အခွင့်မသာတော့ပါဘူး။

စံထွန်းကတော့ ပတ်ဝန်းကျင်ကမြင်သလိုပဲ ကျွန်တော်နဲ့ လာတယ်လို့ ထင်နေပါတယ်၊ ဒီကိစ္စကတော့ မလိုအပ်လို့ ရှင်းမပြတော့ပါဘူး။

ဒီတော့...

'ဒီတော့ ကိုမင်းမောင်ရယ် ကျုပ် ဘည့်တည့်ပဲပြောမယ်၊ ခင်ဗျားတို့ မြန်မာပြည်အနှံ့ ခရီးထွက်မနေတယ်ကြားလို့ ကျုပ် စောင့်နေရတာကြာပြီ၊ လိုရင်းပြောရရင်တော့ ကျုပ် စားစရာမရှိ၊ နေစရာမရှိနဲ့ ဒုက္ခရောက်နေတယ်၊ ဒီကောင်မကို ပြန်ခေါ်သွားမှ ပဲခူးက ဦးလှမောင်တို့နေတဲ့အိမ်ကို ပြန်ရမှာ၊ ဒါကြောင့် ပြန်ခေါ်သွားချင်တယ်၊ ဒါမှ မဟုတ်ရင်တော့ ကျုပ်ကို ဘက်မေးလ် လုပ်တယ်လို့ မယူဆပါနဲ့ ငွေ ငါးထောင်လောက်တော့ ကူညီပါ'



ငွေညှစ်ခြင်းကို အင်္ဂလိပ်လိုညွှပ်ပြောလိုက်တဲ့ စံထွန်း အသံထွက်ကြောင့် သူဟာပညာတတ်တစ်ယောက်ဆိုတာ မှန်းလို့ရသွားပါတယ်။

'ခင်ဗျားလိုဂုဏ်သရေရှိ လူကြီးမင်း တစ်ယောက်အနေနဲ့ မယားခိုးမှုနဲ့ လူသိရှင်ကြား တရားစွဲခံရတာထက်စာရင် ဒီငွေ ငါးထောင်ဟာ ပြောပလောက်တဲ့ငွေကြေး မဟုတ်ပါဘူးဗျာ၊ ကျုပ်က ဒုက္ခရောက်နေလို့အကူအညီတောင်းတာပါ'

စံထွန်းက လေသံအေးအေးနဲ့ပြောနေပေမယ့် ကျွန်တော် အအေးနိုင်ဘဲ ဖြစ်နေပါတယ်၊

တကယ်လည်း ငွေငါးထောင်ဆိုတာ ပြောပလောက်တဲ့ ငွေကြေး မဟုတ်ပါဘူး။

တစ်ပြားမှ မရှိတဲ့ စံထွန်းတို့လို လူစားအတွက်ကတော့ ဆရင်းအနီးကြီးတစ်ခုပါပဲ၊

ကျွန်တော်တစ်ကယ်တမ်းလက်တွေ့မှာ ခင်မာလွင်ကို ခွဲခွာနိုင်စွမ်းလုံးဝမရှိပါဘူး၊

ဒါ့အပြင်လည်း မယားခိုးမှုနဲ့ နာမည်ပျက် ဂုဏ်ပျက်အဖြစ်ခံနိုင်ပါဘူး

ကျွန်တော် တွေဝေနေတာကို စံထွန်းကကြည့်ပြီး စိတ်မရှည်တဲ့ လေသံနဲ့မေးပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



'ကဲ...ဘယ်လိုလဲ ကိုမင်းမောင်၊ ကျုပ် ဘာလုပ်ရမှာလဲ။ ကျုပ်ပိုင်ဆိုင်နေရတဲ့ဥစ္စာတွေ မပျောက်အောင် ခင်ဗျားကို မယားခိုးမှုနဲ့ တရားစွဲရမှာလား။ ခင်ဗျား အကူအညီပေးမယ့် ငွေကို ယူပြီးပြန်ရမှာလား'

ကျွန်တော် သွက်သွက်လက်လက်ပဲ ပြန်ဖြေပေးလိုက်ပါတယ်။

'ခင်ဗျားလိုချင်တဲ့ငွေပေးပါမယ် ကိုစံထွန်းရယ်၊ ခင်မာလွင်ရဲ့ သာယာတဲ့ဘဝကို မဖျက်ဆီးချင်ပါနဲ့'

'ဖျက်ဆီးချင်ပါဘူးဗျာ၊ ထားကယ်ပါ။ ကျုပ်လဲ ဒုက္ခရောက်နေလို့ပါ။ မဟုတ်ရင် ခင်ဗျားနဲ့တောင် လာမတွေ့ပါဘူး၊ ကျုပ်ကို ခင်ဗျားက အကူအညီပေးတယ်လို့ပဲ သဘောထားပါတယ်ဗျာ'

လူမိုက်ဖြစ်ပေမယ့် စကားပြောလိမ္မာပါးနပ်တဲ့ စံထွန်း ကျွန်တော် သဘောကျ ေးပါတယ်။

ဒါကြောင့် ငွေငါးထောင်ကို ခပ်မြန်မြန်ပဲ ထုတ်ပေးလိုက်ပါတယ်။

စံထွန်း ဝမ်းသာအားရ လှမ်းယူလိုက်ပြီး သူ့လွယ်အိတ်အစုတ်ကြီးထဲကို ထည့်လိုက်ပါတယ်။

'ကျေးဇူးတင်ပါတယ် ကိုမင်းမောင်၊ ခင်ဗျားရဲ့ကူညီမှုကို တစ်သက်လုံး မမေ့ပါဘူး၊ ကျွန်တော် ပြန်လိုက်ပါဦးမယ်။ ဟိုကောင်မ ခင်ဗျားကို အပျိုဟန်ဆောင်ပြီး ယူထားတာ ဖြစ်ချင်လဲ ဖြစ်မှာလိမ့်မယ်၊ ဒီအတွက်တော့ ရန်မလုပ်ပါနဲ့ဗျာ



ခမျာ သူဌေးကတော်ဖြစ်ချင်စိတ်များပြီး ခင်ဗျားမိန်းမှာ သို ဖုံးကွယ်ထားတာ ဖြစ်မှာပါ။ ဒီတော့ ခွင့်လွှတ်ပေးလိုက်ပါနော်၊ သွားပြီဗျာ၊ နောက် ကြုံမှပဲ လာလည်ပါတော့မယ်'

'ဟုတ်ကဲ့'

စံထွန်း နှုတ်ဆက်ပြီး ပြန်သွားမှ မမ်းဗိုတ်မှာ စပ်ဖျင်းဖျင်း နေသောခြေသံကြောင့် လှည့်ကြည့်လိုက်ရာ ခေါ်တော ေးမြင့်ခပ်ဖိဖိ ထောက်ခံရ၍ သူတို့နေတာကို တွေ့ရပါတယ်။

ဒီဇာတ်ရာက မနက်ဘဲ ရင်ထဲမှာ နာနေတဲ့အကြောင်းကိုတော့ ကျွန်တော် မပြောက်ပဲ သိနိုင်မှာပါ။

နှိတ်ကျမ်းဂန်အဆိုအရ သုံးကျောင်းပြောင်းတဲ့ရဟန်း၊ သင်းယောက်ပြောင်းတဲ့ မိန်းမဆိုတဲ့အတိုင်း မြို့ပိုင်မင်း၊ စံထွန်း၊ ကျွန်တော် သုံးလင်ပြောင်းပြီးတဲ့ ခင်မာလွင်အဖို့ မင်းခေါင်ထပ် ပါလာတာ မဆန်းပါဘူး။

ရှေးပညာရှိများစကားဟာ အလွန် မှန်ခဲ့ပါတယ်။

ဒါပေမယ့် မှန်လွန်းတာမို့ ကျွန်တော် အလွန်အလိမ် ခံစားနေရတာပါ။ ပြီးခဲ့တာတွေ ပြီးပါစေတော့ လိမ္မာသွားရင် ကျေနပ်လှပါပြီ။

လိမ္မာသင့်ပါပြီ ခင်မာလွင်ရယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

'လိမ္မာပါတော့ ခင်မာလွင်'

'အမာ...တစ်ကယ် လိမ္မာပါပြီ အစ်ကိုကြီးရယ်၊ ကိုစံထွန်းတို့စွ အစ်ကိုကြီးကို ဖွင့်မပြောတာ ခွင့်လွှတ်ပါ၊ တကယ်လို့ ယောကျ်ားရှိမှန်း အစ်ကိုကြီးသိသွားရင် အမာ့ကိုမုန်းသွားမှာစိုးလို့ပါ—

'အမာ သူ့ကို ယူလိုက်ပြီးမှ မှားမှန်းသိသွားပါတယ်၊ ဒါကြောင့် သူ့ကို မပေါင်းချင်တော့တာမို့ မပြောဘာပါ အစ်ကိုကြီးရယ်၊ နောက်ပြီး အမာလေ အစ်ကိုကြီးကိုအရမ်းချစ်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'မင်း ငါ့ကို အရှမ်းချစ်လို့ ငါ့ညီနဲ့ ဖောက်ပြန်ခဲ့နတာလေ' ဆိုတဲ့ စကားကို မပြောမိအောင် အတော် ထိန်းချုပ်ထားရပါတယ်။

ဘာပဲဖြစ်ဖြစ် ခွင့်လွှတ်နိုင်တဲ့ ကျွန်တော့် နှလုံးသားကို ကျွန်တော် မုန်းနေမိပါတယ်။

မင်းခေါင်နဲ့ ကိစ္စကို အခွင့်သာတုန်း ဖွင့်ပြောလိုက်ရ ကောင်းမလားလို့ စဉ်းစားလိုက်ပါသေးတယ်။

ကျွန်တော် သိထားတယ်ဆိုတာသိလိုက်ရင် မင်းခေါင် ရှ ရှက်နဲ့ ထွက်သွားပြီး အဝေးပျက်သွားမှာလည်း စိုးရိမ်မိပါတယ်

ဒါကြောင့် မသိချင်ယောင်ဆောင်လက်စနဲ့ ဆက်ပြီးဟန်ဆော တာပဲ ကောင်းပါတယ်လို့ ဆုံးဖြတ်လိုက်တယ်။

'အစ်ကိုကြီးနဲ့ မရှခင်က အမှာ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ အစ် ကြီး ခွင့်လွှတ်ပါတယ်၊ အပြစ်လို့လဲ မယူဆပါဘူး၊ ကံကြမ္မာ စေခိုင်းတဲ့အတိုင်း ဖြစ်ခဲ့တာလို့ သဘောထားပါတယ်....

'ဒါပေမယ့် အစ်ကိုကြီးရဲ့ ဇနီးမယား ဖြစ်လာပြီးတဲ့နော မှာတော့ မိန်းမကောင်းပီသစွာနဲ့ အစ်ကိုကြီးအပေါ် သစ္စာ နေပေးဖို့ပဲ အစ်ကိုကြီး မျှော်လင့်ပါတယ် အမှာ...



'အိမ်ရှင်မကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားပါ၊ အစ်ကိုကြီး ဒီလောက်ပဲ ပြောချင်တယ် အမှာ'

အခွင့်သာခိုက် ပြောချင်ခဲ့နေတဲ့စကားတွေ အများကြီးထဲက အဓိကကို ပြောလိုက်ပါတယ်။

'စိတ်ချပါ အစ်ကိုကြီးရယ်၊ အရင်က မှားခဲ့တာတွေကို ခွင့်လွှတ်ပေးတယ်ဆိုလို့ ဝမ်းသာလှပါပြီ၊ နောက်ပိုင်း အမှာ့ အတွက် အစ်ကိုကြီး လုံးဝ စိတ်မဆင်းရဲစေရပါဘူး...

အမှာ ကတိပေးပါတယ်၊ အစ်ကိုကြီးအပေါ် သစ္စာရှိတဲ့ မိန်းမ ဖြစ်စေရပါမယ်၊ အစစအရာရာ အစ်ကိုကြီး စိတ်ချမ်း သာစေရပါမယ်'

ဒီစကားကို ပြောနေတဲ့ သူမမျက်နှာကို အသဲနာလိုက်တဲ့ အခါ တစ်ကယ် လှိုက်လှိုက်လှဲလှဲ ပြောနေတဲ့ပုံပါပဲ။

သူမ နောင်တရသွားတာလဲ ဖြစ်နိုင်ပါတယ်။

အမှန်တကယ်....

နောင်တရသွားတာဆိုရင်တော့ ကျွန်တော် ဝမ်းသာရမှာ ပါ၊ ကျွန်တော့် ဆုတောင်း ပြည့်တယ်လို့ ပြောရမှာပေါ့။

သူမဟာ ထုံးစံအတိုင်း ကျွန်တော့် ရင်ခွင်ထဲ ကြိုးဝင်ပြီး အတိတွေ ပေးပါတယ်။

www.burmeseclassic.com



သူမလေးသီကိုက လိုက်လိုက်လှဲလှဲရှိတာမို့ ကျွန်တော် အားတက်လာပါတယ်။

သူမကိုလည်း ယုံကြည်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။

အဲဒီနေ့က ကျွန်တော် စိတ်အတော်ချမ်းသာရတဲ့နေ့ပါ။

သူမကိုလည်း ချစ်လို့ မဝနိုင်အောင် ဖြစ်မိတယ်။

❀

## အခန်း (၁၉)

တစ်ပတ်လောက်ကြာတဲ့အခါ စံထွန်း ရောက်လာပါတယ်။

ပွဲရုံထဲမှာ စံထွန်း စကားပြောခြင်းကို ကျွန်တော် မလိုလားပါဘူး။

ဒါကြောင့် မန်နေဂျာကြီးကို လိုအပ်သည်များမှာပြီး ကမ်းနားလမ်းဘက်ကို ကျွန်တော် ကားလေးနဲ့ ထွက်ခဲ့တယ်။

နဂါးဟိုတယ်ဆိုတာ ကျွန်တော့်ပွဲရုံက ဖောက်သည်တစ်ဦး ဖြစ်တဲ့အတွက် ဒီဟိုတယ်ကိုပဲ သွားလိုက်ပါတယ်။

ဟိုတယ် သီးသန့်ခန်း ရောက်တော့ စားသောက်စရာများကို စံထွန်းအား မှာပေးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



စံထွန်းက အရက်ကို အဓိကထားပြီး မှာပါတယ်။

'ကိုမင်းမောင်က ဘာအရက်သောက်ပါသလဲ'

'ကျွန်တော် မသောက်တတ်ပါဘူး ကိုစံထွန်း ခင်ဗျားကြိုက်တာသာ မှာပါ'

'ဩော်…ကိုမင်းမောင်က မသောက်တတ်တော့ ကျွန်တော် အားနာသွားပြီဗျာ'

'ကိစ္စမရှိပါဘူး ကိုစံထွန်း၊ ခင်ဗျားသောက်ချင်ရင်သောက်လို့ရအောင် ဒီနေရာကို ခေါ်ခဲ့တာပါ'

'ဒါဆိုရင်တော့ ကျေးဇူးပဲဗျာ၊ ကျွန်တော်က အရက်တော်တော်ကြိုက်တာဗျ၊ ထောင်ထဲမှာ အဲဒီကူ အတော်ခံလိုက်ရသေးတယ်၊ နို့မှ ပြန်သောက်ရတာ တာကြာသေးသို့လဲ'

'သောက်ပါဗျာ၊ သောက်ပါ၊ ကျွန်တော့်ကိုအားမနာပါနဲ့ဗျာ'

ကိုစံထွန်းဟာ အရက်ဖာကယ်ကြိုက်ပုံရပါတယ်။

အစားထက် အသောက်ကို များများသောက်ပါတယ်။

အတန်ကြာတဲ့အထိ ကျွန်တော် စကားမပြောမိသေးပါဘူး…။

ကျွန်တော် အသာကြည့်နေလိုက်ပါတယ်။

အတော်ကြာသွားမှ စံထွန်း အသာသာပြောသွားပုံရပါတယ်။



'ကျေးဇူးပဲ ကိုမင်းမောင်ရေ၊ ကျွန်တော် ကိုမင်းမောင်ကို ထာအနကြောင်းကြားတာ၊ ကြည့်မြင်တိုင်ဘက်မှာ အိမ်တစ်လုံး ငယ်လိုက်တယ်၊ သုံးထောင် ပေးရတယ်ဗျ၊ အဲဒါ ကိုမင်းမောင်ကို လာပြောတာပဲ'

'ကောင်းတာပေါ့ဗျာ၊ နေစရာမပူရတော့ဘူးဆိုတော့ စားဖို့ တတ်ဖို့လောက်ပဲ ရှာရတော့မှာပေါ့'

'ဟုတ်ပါတယ် ကိုမင်းမောင်၊ ဒီတဲ့ငွေလေးနဲ့ ကျွန်တော် အလုပ်လုပ်ချင်လို့ ငွေနှစ်ထောင်လောက်လိုသေးလို့ဗျာ၊ အဲဒါ ကျွန်တော့်ကို ကူညီစမ်းပါဦး၊ ခင်ဗျားကိုလဲအားနာပါတယ်၊ ဒါပေမယ့် အကူအညီတောင်းစရာကလဲ ခင်ဗျားတစ်ယောက်ပဲ ရှိတာမို့၊ အားနာနာနဲ့ အကူအညီတောင်းရတာပါ'

'ရပါတယ် ကိုစံထွန်း၊ ခင်ဗျား ဖို့ချင်တဲ့ ငွေနှစ်ထောင် ပေးပါမယ်၊ ဒါပေမယ့် နောက်ကို ကျွန်တော်နဲ့ တွေ့ချင်လို့ဆိုပြီး ပွဲရုံကို မလာပါနဲ့၊ ရော့…လိပ်စာကတ် ဖုန်းနဲ့ဆက်ပြီးပြောပါ၊ တွေ့စရာရှိရင် ဒီ ဟိုတယ်မှာပဲ တွေ့ကြတာပေါ့'

စံထွန်းက ကျွန်တော့် လိပ်စာကတ်ပြားလေးကို တရိုတသေ ယူပြီး တိုက်ပုံအိတ်ထဲ ထည့်သိမ်းလိုက်ပါတယ်၊

'ကျွန်တော် သဘောပေါက်တယ် ကိုမင်းမောင်ရယ်၊ ကျွန်တော်ကလဲ မလာချင်ပါဘူး၊ ဒါပေမယ့် အကူအညီတောင်းစရာရှိတာလဲ ကိုမင်းမောင်တစ်ယောက်တည်းရှိလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါပြီ၊ ကျွန်တော် ပြောတာက ဖုန်းဆက်ပြီး ဒီနေ ရာမှာပဲ [illegible]အောင် ပြောတာပါ'

'ထုတ်ကဲ့ စိတ်ချပါ ကိုမင်းမောင်၊ ကျွန်တော့်ကိုလဲ ခိုင်းစရာ ရှိရင် ခေါ်ခိုင်းပါ'

စံထွန်းက အသင့် ရေးလာတဲ့ စာရွက်အပိုင်းလေးကို ထုတ်ပေးပါတယ်။

ဦးစံထွန်း

အမှတ်( .... .... )

ပန်းပင်ကြီးလမ်း၊

ကြည့်မြင်တိုင်။

ကျွန်တော်လည်း လိုလိုမယ်မယ် ယူထားလိုက်ပါတယ်။

ပွဲရုံကို မလာစေချင်တဲ့အတွက် ချိန်းဆိုနိုင်ရန် ဖုန်းနံပါတ်ပေး၊ နေရပ်သတ်မှတ်ပေးလိုက်ခြင်းဟာ နောက်ပိုင်း စံထွန်းအတွက် အမ်းဖွင့်ပေးလိုက်သလို ဖြစ်နေပါတယ်။

မကြာခဏ ဆိုသလို ငွေတောင်းလေ့ ရှိပါတယ်။

ဒါပေမယ့် သိပ်အများကြီးတောင်းတာမျိုးတော့ မဟုတ်ပါဘူး။

ငါးရာ၊ တစ်ထောင်၊ နှစ်ထောင်လောက်ပါပဲ၊

ကျွန်တော် လွယ်လွယ်ပဲ ထုတ်ပေးပါတယ်။



စံထွန်းကို ကြောက်လို့ လုံးဝ မဟုတ်ပါဘူး၊

ဒါပေမယ့် ခင်မာလွင်ကတော့ စံထွန်းကို အသေကြောက်ပါတယ်၊

ဒါကြောင့် စံထွန်းနောက်ကို ပြန်ပါသွားမှာ စိုးရိမ်မိတာတော့ အမှန်ပါပဲ၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

စိတ္တန်းကို ငွေခကြေးမပေးပြီး ပေါင်းနေရတဲ့ ခင်မာလှုင်ဟာ ကျွန်တော် ကို ကတိပေးထားတဲ့အတိုင်း တည်ရှိလားဆိုတာကို စမ်းသပ်ချင်စိတ် ပေါက်လာပါကြယ်။

ရင်တာထိတ်ထိတ်နဲ့ စိတ်မချစွာ ပေါင်းနေရတဲ့အစား သူမရဲ့ သဘောသဘာအမှန်ကို သိအောင် ဖော်ထုတ်မယ်လို့ ရည်ရွယ်တာပါ။

ဒါကြောင့် ရှမ်းပြည်နယ်သို့ ခရီး သွားမယ်လို့ ပြင်ဆင်ပါတယ်။

မင်းခေါင်ကို ဘူတာကြီးအထိ လိုက်ပို့ခိုင်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရထားထွက်မှ မင်းခေါင်ကို ကျွန်တော် ပြန်ခိုင်းလိုက်ပါတယ်။

ကျွန်တော် တကယ်စီးတာဟာ တိုးကြောင်ကြီးဘူတာ အထိ တင်ပါ။

တိုးကြောင်ကြီးရောက်တော့ ရထားဟာ အရှိန် လျော့ရုံ တင် လျော့တာမို့၊ ကျွန်တော် ကမန်းကတန်း ခုန်ချလိုက်ပါတယ်။

ဘူတာ အပြင်မှာတော့ ကျွန်တော် စီစဉ် ထားတဲ့ အတိုင်း ငှားထားတဲ့ကားက စောင့်နေပါတယ်။

ကျွန်တော် ကားပေါ်တက်လိုက်ရုံပဲ ရှိပါသေးတယ်၊

ကျွန်တော့်ရှေ့က ကျွန်တော့်ရဲ့ အော်စတင် ကားလေး ဖြတ်မောင်းသွားတာကို တွေ့လိုက်ရပါတယ်။

ကားပေါ်မှာ မင်းခေါင် တစ်ယောက်တည်းပါ။

ကျွန်တော် ယူဆ ထားခဲ့တာက မင်းခေါင်နဲ့ ခင်မာလွင်တို့ မျောက်ဇာတ်ခင်းလိမ့်မယ်လို့ ထင်ထားတာပါ။

ခုတော့ မင်းခေါင် တစ်ယောက်တည်း ထွက်ခွာ သွားတဲ့ အတွက် စဉ်းစားရခက်သွားပါတယ်။

ဒါကြောင့် ရန်ကုန်မြို့ထဲ ပြန်ဝင်ရကောင်းနိုးနိုး၊

မင်းခေါင်နောက် လိုက်ရကောင်းနိုးနိုး ဆုံးဖြတ်ချက် ချဖို့ ခက်သွားပါတယ်။



အတန်ကြာမှ မင်းခေါင် ဘာတွေလုပ်နေသလဲဆိုတာကိုသိချင်လာဖြစ်တဲ့အတွက် ကျွန်တော့်ကား နောက်ကနေလိုက်ခိုင်းလိုက်ပါတယ်။

အတန်ကြာလိုက်မှ ရှေ့က သွားနေတဲ့ အော်စတင် ကားလေးကို တွေ့လိုက်ရပါတယ်။

နောက်မီး နီနီလေးကို တွေ့ရတဲ့ အကွာအဝေးလောက်က အသာပဲ လိုက်နေလိုက်ပါတယ်။

ကားလေးဟာ ပဲခူးဘက်ကို ဦးတည်နေတဲ့အတွက် လိပ်ပြာကန်ရပ်မှာ မင်းခေါင်နဲ့ ခင်မာလွင် ချိန်းတွေ့လေ့ရှိတယ်ဆိုတာ သတိရလိုက်တယ်။

ဒီအတိုင်းဆို သေချာပေါက် သူတို့ချိန်းထားတာဖြစ်ပါလိမ့်မယ်။

ဒါတိုင်းလည်း အတူတကွ သွားလာတာ မဟုတ်ဘဲ ဆုံရပ်တစ်ခုမှာ တွေ့ဆုံလေ့ ရှိတဲ့ သူတို့ပရိယာယ်ကို သတိ ရလိုက်ပါတယ်။

ဘယ်သူက ဉာဏ်ရည်သာမလဲ စောင့်ကြည့်သေးတာပေါ့။

ပဲခူးမြို့ကိုရောက်တဲ့အခါ အော်စတင် ကားလေးဟာ လိပ်ပြာကန်ဘက် ချိုးကွေ့သွားပါတယ်။

သေချာပါပြီ။

www.burmeseclassic.com

ကျွန်တော် ငှားထားတဲ့ ကားဒရိုင်ဘာကို ရန်ကုန်၊ မန္တလေး လမ်းမအတိုင်း ဆက်ပြီး မောင်းစေပါတယ်။

ရွှေမော်ဓောဘုရားအောက်ရောက်မှ ပြန်ကွေ့ပြီး လိပ်ပြာကန်ကို မောင်းစေပါတယ်။

လူတို့ ဆုံရပ်သတ်မှတ်ထားတဲ့ ခြံထဲမှာ ကျွန်တော့်ရဲ့ ကားလေး ရပ်ထားတာတွေ့ရပါတယ်။

ငှားလာတဲ့ကားကို အမှောင်ရိပ်အတွင်း စောင့်ရပ်နိုင်းလိုက်ပြီးနောက် ကျွန်တော်ခြံအတွင်းသို့ မှောင်ရိပ်အားကိုးနှင့် ချဉ်းကပ်သွားလိုက်ပါတယ်။

အတွင်းဝယ် မင်းခေါင် တစ်ယောက်တည်း အရက်ထိုင်သောက်နေသည်ကို တွေ့ရပါတယ်။

မကြာခင် အပြင်မှအသံများကြားလိုက်ရသဖြင့် ကျွန်တော် အသက်တောင် မရှူရဲဘဲ စောင့်ကြည့်နေလိုက်ပါတယ်။

ခြံစောင့်ဖြစ်ဟန်တူတဲ့ လူတစ်ဦးနဲ့ မိန်းကလေးတစ်ယောက် တက်လာသည်။

'ကိုမင်းခေါင် ဒီမှာ ပါလာပြီ၊ ထစ်ရာ ပေးရမယ်တဲ့'

'ဟား ဟား ဟား...ကောင်မ နင်က တစ်ရာတောင် တန်သလား၊ အေးလေ... တန်သလား မတန်သလား ကြည့်ရဦးမှာပေါ့'



မင်းခေါင်အတွက် ထိုသူက မိန်းမပျက်တစ်ဦး ခေါ်လာသည် ဖြစ်ကြောင်းကို တွေ့လိုက်ရတာမို့ ကျွန်တော် စိတ်ပျက်သွားပါတယ်။

ဒါကြောင့် လှည့်ပြန်ဖို့ အသာပြန်ထွက်လိုက်စဉ်မှာ...

'မဟာ...ကိုဖိုးထွန်း၊ ဒီကောင်မကို မနက်စောစော ပြန်ပို့ပေးလိုက်ဗျာ၊ မနက်ဖြန် အမောလိုက်သာမှာ'

'အေး အေး...မနက်မှ စောစောလာခဲ့မယ်ကွ'

မင်းခေါင်ရဲ့ အပြန်အလှန်ပြောစကားကြောင့် ကျွန်တော် တန့်သွားပါတယ်။

ခင်မာလွင်ကို မမြင်ရတဲ့အတွက် ကျွန်တော်အထင်မှားပြီထု သွားနေရာမှ မှားကြောင်းကို သိလိုက်ရပါတယ်။

ရန်ကုန်က ပတ်ဝန်းကျင်မှိုင်းမိုးအောင် သူက တစ်ရက်စော ထွက်လာပြီး ခင်မာလွင်က နောက်မှ သီးသန့်လိုက်လာမှာပဲဖြစ်ပါတယ်။

ဒီလိုဆိုရင်ပြီးရောက်လာတဲ့ကောင် မင်းခေါင်မှာ အနားမှာ မိန်းမတစ်ယောက်တဲ့ ရှိနေအောင် မန့်တီးထားပါလား ဆိုတာ ညီး သိလိုက်ပါတယ်။

သူ အခု ပတ်ဝန်းကျင်မှာ မရှိမသာ အခိုက်မှာပဲ မှောင်ရိပ်ကို ခိုပြီး ခြံအပြင်ကို ပြန်ထွက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ငွားထားတဲ့ ကားပေါ်ရောက်တဲ့အခါ ဘာ ဆက်လုပ် မလဲ ဆိုတာ စဉ်းစားရပါတယ်။

ခင်မာလွင်က မနက်မှ ရောက်မှာဆိုတော့ ဒီည ရန်ကုန်ပြ ပြီး အမီအုပ်ထားလိုက်မယ်ဆိုရင် သူတို့ဖောက်ပြန်မှုဇာတ်လ အကောင်အထည်ပေါ်တော့မှာ မဟုတ်ပါဘူး၊

မီးကို မလောင်ခင် တားလိုက်တာကောင်းပါတယ်၊

ဒါပေမယ့် ကျွန်တော် ခရီးထွက်ချင်ဟန် ဆောင်တာကို သူတို့ ကတိ မတည်တာကို ပေါ်လွင်ပြီး ဖောက်ပြန်ရေးဇာ ခင်းနိုင်အောင် မဟုတ်လား၊

'ဆရာ....ကျွန်တော် ဘယ်ကိုမောင်းရလဲ'

ဒရိုင်ဘာရဲ့ အမေးစကားကြားရမှ ကျွန်တော် အတွေးရ လိုက်ပါတယ်၊

'အေးဗျာ... ကျွန်တော့်ကို ဘူတာနားက တည်းခိုခန်း ပို့ပြီး၊ ခင်ဗျား ပြန်လို့ရပါပြီ'

တည်းခိုခန်းရောက်တဲ့အချိန်မှာ ကျွန်တော်ဆုံးဖြတ်ချက် အတော်ခက်နေပါတယ်၊

ကျွန်တော့်ဘက်မှ အရာရာသည်းခံခဲ့ရပါတယ်၊

ကိုယ့်အသက်ကို ရန်ရှာတာကိုတောင်ခွင့်လွှတ်ပေးခဲ့ဘာ ကတိတွေ ပေးပြီးမှ ထပ်မံဖောက်ဖျက် ကြသဖြင့် စိတ်ထဲ မချင့်မရဲဖြစ်မိပါတယ်၊



ဘယ်လိုလုပ်လုပ် မုန်းလို့မရခဲ့တဲ့ ခင်မာလွင်အပေါ် သည် ခါ နာကြည်းမှုအပြည့် ဖြစ်လာပါတယ်၊

နှစ်ယောက်စလုံးကို သတ်ဖို့ကိုလည်း ဆုံးဖြတ်ချက် ချလိုက် တယ်၊

လက်တွေ့ လက်ငင်း ချက်ချင်း သတ်တဲ့အခါ လူသတ်မှုနဲ့ ရေးယူခံရမှာပါ၊

ဒါဆိုရင် ကျန်ရှိနေတဲ့ စည်းစိမ်ဥစ္စာတွေကိုလက်ခံထားခဲ့သူ ရှိတော့ပါဘူး၊

သည်တော့ သူတို့နှစ်ယောက်စလုံးကို အကွက်ချပြီး စနစ် တကျ သတ်မှုဖြစ်ပါတယ်၊

နောက်တနေ့မနက် လိပ်ပြာကန်ရွာက လက်ဖက်ရည်ဆိုင် မှာ ကျွန်တော်အစောကြီးကတည်းက ရောက်နေပါတယ်၊

ရှစ်နာရီလောက်မှာ ခင်မာလွင် ဖြတ်လျှောက်သွားတာကို တွေ့ရပါတယ်၊

ခင်မာလွင် လာတာသေချာပြီဆိုတဲ့အခါမှာ ကျွန်တော်ဟာ ရန်ကုန်ဘက်ကို ပြန်ခဲ့ပါတယ်၊

သည်တစ်ခါတော့ ကျွန်တော့်စိတ်တွေ ပေါ့ပါး နေပါ တယ်၊

သူတို့ နှစ်ယောက်ကို သတ်ပစ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ဟာ ခိုင် နေပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သူတို့ ကျွန်တော့်ကို လုပ်ကြံသလို ကြေး
လူသတ်သမားငှားပြီး သတ်ချင်တဲ့စိတ်လုံးဝမရှိပါဘူး။

ကိုယ်တိုင် လက်နဲ့သတ်ချင်တာပါ။

တစ်ယောက်ပြီးတစ်ယောက်ကိုသတ်ဖို့အတွက် အကြံအ
ထုတ်ရပါမယ်။

ဒါကြောင့်....

ရန်ကုန် ရောက်တဲ့အခါ ခင်မာလွင်ရဲ့ လင်ဟောင်း
စံထွန်းရှိရာ ကြည့်မြင်တိုင် ...န်းပင်ကြီးလမ်းကို တိုက်ရိုက်
လိုက်ပါတယ်။

ကံကောင်းချင်တော့ စံထွန်းကိုအသင့်တွေ့လိုက်ရပါတ

'ဟာ...ကိုမင်းမောင် ဘာ ကိစ္စနဲ့ လို့ ကျွန်တော့် ဆီလိုက်
ရတာလဲ။ ကျွန်တော် ဘာလုပ်ပေးရမလဲ ပြောပါ'

စံထွန်းက ပျာပျာသလဲ ကျွန်တော့်ကို ကြိုဆိုပါတယ်။

သူ့ အမူအရာကို ကြည့်ပြီး ကျွန်တော် အားတက်
ပါတယ်။

'ခိုင်းစရာ ရှိလို့ မဟုတ်ပါဘူး ကိုစံထွန်း....၊ ကျွန်တော်
မော်လမြိုင်ဘက်ကို ဘုရားဖူးသွားမလို့ အဖော်မရှိတာနဲ့
ဗျေး အားရင် လိုက်ခဲ့ပါလားလို့ ခေါ်မလို့ပါ'

'ဘယ်တော့သွားမှာလဲ ကိုမင်းမောင်'

'ခုပဲသွားမှာ ကိုစံထွန်း'

'ဟာ...ကိုမင်းမောင်ကလည်း ချက်ချင်းကြီးပဲလား'

ခင်ဗျား မအားလို့လား။ မအားရင်လဲ ရတယ်လေ
ကျွန်တော်တစ်ယောက်တည်း သွားမှာပေါ့'



'အားပါတယ် ကိုမင်းမောင်' ကျွန်တော်က ကိုမင်းမောင်
အားစကားစ နေတဲ့ကောင်ပဲ၊ အမြဲအားနေပါတယ်။ ကို
မင်းမောင် ဘယ်သွားသွား လိုက်မှာပေါ့ဗျာ...

'ဟဲ...ခရီးသွားဖို့ အဝတ်အစား ထည့်လိုက်ဦးမယ်၊ ခဏ
စောင့်နေဦး ကိုမင်းမောင်'

ကျွန်တော် ဧည့်ခန်းမှာထိုင်စောင့်နေရင်း ပီတိဖြစ်နေပါ
တယ်။

မင်းခေါင်တို့ ခင်မာလွင်တို့ သိထားတဲ့ ခရီးထွက်သောအ
ကြောင်း ကျွန်တော် မော်လမြိုင်ဖက်သွားပြီး အချိန်ဖြုန်းမှာ ဖြစ်
ပါတယ်။

အေးအေးဆေးဆေးအနားယူရင်း သူတို့နှစ်ယောက် သတ်
ဖို့ စီမံကိန်းချရမှာပါ။

သစ္စာဖောက်တို့သွားရာလမ်းက အဲဒါပဲကွဆိုပြီး ဘိုင်စကုတ်
ကလို ရှယ်ပြီး သူတို့ကို သေချာနှိပ် ခြိမ်းခြောက်လိုက်ဦးမယ်
ဆိုတဲ့ အတွေးတောင် တွေးမိပါတယ်။

အံ့ဩဖို့ကောင်းတာက ခင်မာလွင်ကို လက်လွှတ်ဆုံးရှုံးရမှာ
စိတ်ကူးမျှကောင် မည့်မတွက်ရဲခဲ့တဲ့ ကျွန်တော် ဒီတစ်ခါတော့
စိတ်လက်ပေါ့ပါးနေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

မော်လမြိုင်မှာ ကျွန်တော် တစ်လကျော် နေလိုက်ပါတယ်။ စံထွန်းနဲ့ ကျွန်တော်နှစ်ယောက်သား စားလိုက်၊ သောက်လိုက် သည်လိုက်၊ ပတ်လိုက်နဲ့ အချိန်ဖြုန်းရင်းသက်သက်မို့ အပျော်အပါး ငင်နေကြပါတယ်။

စံထွန်းကတော့ ဗိုမိနဲ့စားရ သောက်ရတာမို့ အတော်ပျော် တဲ့ပုံပါပဲ။

အကြံသမား ကျွန်တော်ကတော့ စံထွန်းရဲ့သွားဟန်လာဟန် မူအရာတွေကို စိတ်ထဲကကျိတ်ပြီး လေ့လာထားတာပါ။

www.burmeseclassic.com

www.burmeseclassic.com



စံထွန်းဟာ ကျွန်တော့်ရဲ့ထောက်ပံ့မှုကို ခံယူရရှိထားပေမယ့် စွတ်ကျယ်တစ်ထည် အပေါ်မှာ တိုက်ပုံအင်္ကျီ ထပ်ဝတ်ထားလေ့အကျင့် ရှိပါတယ်။

မြက်ခမောက်တစ်လုံးကိုလည်း အမြဲဆောင်းထားလေ့ ရှိပါတယ်။

အမူအရာ အလေ့အထတွေကို ကျွန်တော် ဖျက်စီးရည်ရွယ်ဆောင် မှတ်ထားလိုက်ပါတယ်။

ကျွန်တော်ဆွဲထားတဲ့စီမံကိန်းကတော့ ကိုယ်ပွားရုပ်ပွားလုပ်ရမှာပါပဲ။

ကံကောင်းချင်တော့ မင်းခေါင်နဲ့ကျွန်တော်ဟာ အရပ်အမောင်းတိုင်တောင် လူမှားတတ်အောင်တူလွန်းတာမို့ ဒီအခွင့်အရေးကို အသုံးချရမှာပါပဲ။

စံထွန်းကို လေ့လာတာကတော့ သူ့ကို ခားစားခံလုပ်ရမှာမို့ပါပဲ။

အမှန်က လူလိမ္မာအမျက် အပြင်မထွက်တဲ့သဘောပါ။

စံထွန်းကိုလည်း ကျွန်တော် ကျေနပ်မှုမရှိတာအမှန်ပါ။

ယောကျ်ားကြီးတန်မဲ့ ဘာအလုပ်ကိုမှမလုပ်ဘဲ ကျွန်တော်ကို ငွေညှစ်ပြီး စားသောက်နေတာဖြစ်တဲ့အတွက် သိပ်ပြီးလေးစားကြည့်ရှုရတာ မဟုတ်ပါဘူး။



ဒါပေမယ့် ကျွန်တော့်အကြံအစည်ထဲမှာ သူဟာ တရားခံဖြစ်လာရမှာပါ။

ရန်ကုန် ပြန်ရောက်တဲ့အခါမှာတော့ မင်းခေါင်တို့ ခင်မာလွင်တို့ကလည်း ဟန်မပျက်ပါပဲ။

ကျွန်တော်က သူတို့ထက်ပိုပြီး ဟန်ဆောင်ကောင်းတယ်လို့ ထင်ပါတယ်။

ရန်ကုန်ပြန်ရောက်ကတည်းက မင်းခေါင်ကို အနားမှာအမြဲခေါ်ထားပါတယ်။

မင်းခေါင်နဲ့ ကျွန်တော်တို့ အလွန်တူတယ်ဆိုပေမယ့် ကွဲပြားမှုလေးတွေ ရှိပါတယ်။

ကွဲပြားမှုတစ်ခုကတော့ အဝတ်အစားပါပဲ။

ကျွန်တော်က ရှပ်အင်္ကျီသည်ကူတုံးအဖြူကို အမြဲဝတ်ဆင်လေ့ရှိပြီး မင်းခေါင်က ဟာဝေယံရှပ်လက်တိုကို အမြဲဝတ်တတ်ပါတယ်။

ကျွန်တော်က ပုဆိုးအဝတ်များသလို သူက ဘောင်းဘီရှည်အဝတ်များပါတယ်။

ကွဲပြားမှုနှစ်ခုကတော့ အသံပါ။

ကျွန်တော်က စကားလုံးပြတ်ပြတ်သားသားနဲ့ လေးလေးပင်ပင်ပြောတတ်ပေမယ့် မင်းခေါင်က စကားလုံးများကို မပီမသ အမြန်ပြောတတ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဇိကွဲပြားမှုလေးတွေကို ကျွန်တော်ဂရုစိုက်ပြီး လေ့လာထား ပါတယ်။

လူမရှိ သူမရှိ အချိန်များမှာ မင်းခေါင်ပြောတဲ့ လေသံကို လေ့ကျင့်ထားပါတယ်။

မင်းခေါင် ဝတ်လေ့ရှိတဲ့ အဆင်အရောင် အဝတ်အစား တွေကိုလည်း လူမသိအောင်ချုပ်ပြီး တစ်နေရာမှာထားပါတယ်။

လိုအပ်တဲ့အချိန်မှာ အသုံးချနိုင်အောင်လို့ပါ။

အဝတ်အစားလဲပြီး လေယူလေသိမ်းပြောင်းပြီး ပြောမယ် ဆို ကျွန်တော့်ကို မင်းမှောင်ဆိုတာ ဘယ်သူမှမသိအောင် ပီပီ ရီရီလေ ကျင့်လို့ အောင်မြင်လာပါပြီ။

ဒီလိုအောင်မြင်တာကိုလည်း ဘယ်သူမှ မသိရပါဘူး။

မင်းခေါင်နဲ့ ခင်မာလွင်ကိစ္စကို ကျွန်တော် ခံနိုင်ရည်အပြည့် ရှိသွားပါပြီ။

သူတို့ဖောက်ပြန်မှုအတွက် ဒေါသအမျက် လုံးဝ မရှိတော့ ပါဘူး။

ခံနိုင်ရည် အပြည့်ရှိသွားတယ်လို့ ပြောရမှာပါ။

ဒါပေမယ့် ကျွန်တော့်ရင်ထဲမှာ အမြစ်တွယ်ပြီး ခိုင်လုံနေ တာကတော့ သူတို့နှစ်ယောက်စလုံးကို တစ်ယောက်ပြီး တစ် ယောက် သတ်ပစ်လိုက်မယ်ဆိုတာပါပဲ။

တစ်နေ့မှာ မင်းခေါင်ကိုခေါ်ပြီး စံထွန်းကိစ္စကို ကျွန် တော့်က တိုင်ပင်တဲ့ဟန်နဲ့ ပြောပြပါတယ်။



'ခင်မာလွင်ရဲ့ ယောက်ျားပေါ့ကွာ၊ သူ့မိန်းမကို နိုးယူ ပေါင်းသင်းတယ်ဆိုပြီး မယားနိုးမှုနဲ့ အရှက်ခွဲမယ် ဘာညာ ခြိမ်းခြောက်ပြီးတော့ ငွေညှစ်တော့တာပဲ'

'ကိုကို ဘယ်လောက်ပေးလိုက်ရသလဲ'

'ပထမတစ်ကြိမ် တောင်းတုန်းကတော့ ငါးထောင်ပါပဲ နောက် ခဏ ခဏတောင်းတာကွာ၊ ခုဆို တစ်သောင်းကျော် နှစ်သောင်းနီးပါးရှိနေပြီ'

'ဒီလိုလူစားက မတောင်းတိုင်းသာပေးနေရင် ကိုကို ပေးလို့ ဆုံးမှာ မဟုတ်ဘူး၊ မပေးနဲ့တော့ ကိုကိုရာ'

'မပေးရင် အရှက်ကွဲမှာပေါ့ ညီလေးရ၊ မပေးလို့ ဘယ်ဖြစ် မှာလဲ၊ ငါ့ကို ဂုဏ်သိက္ခာနဲ့ ကိုးလေးတာကြောင့် အဖြစ်မခံနိုင် ပါဘူး'

'ဒါဆိုလွယ်ပါတယ် ကိုကိုရာ၊ ပိုက်ဆံပေးပြီး သတ်ခိုင်း လိုက်ပေါ့၊ အဲဒါဆို ကိုကို တစ်ခါပဲကုန်မယ်၊ ကိုကို လိုချင်ရင် ကြေးစားလူသတ်သမား ကျွန်တော် ရှာပေးမယ်'

မင်းခေါင် စိတ်လိုက်မာန်ပါပြောနေတာကိုကြည့်ပြီး ကျွန် တော် ပြုံးလိုက်မိတယ်။

'မလုပ်ပါနဲ့ ညီလေးရာ၊ တော်ကြာ ခပ်ညံ့ညံ့ ကြေးစား သမားကိုငှားမိလို့ ကိုယ့်ကိုစွမအောင်မြင်ဘဲ မိမ်းကြက်ယောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လို့ သိက္ခာကျရှုံးတင်မကဘဲ ထောင်ထဲပါ ရောက်သွားမှာမြင်—

ကျွန်တော့် စကားကြောင့် မင်းခေါင်ဟာ ကျွန်တော့်ကို သတ်ဖို့ ခဏ ခဏကြိုးစားပြီး မအောင်မြင်ခဲ့တာကို သတိရသွားပုံရှိတယ်။ မျက်နှာသိသိသာသာပျက်သွားတယ်။

ဒါပေမယ့် ကျွန်တော့်ရဲ့ညီပဲလေ၊ ခပ်ညံ့ညံ့မှုံ့မဟုတ်တဲ့ ချက်ချင်းကို ဟန်ဆောင်လိုက်နိုင်တယ်။

'ခစ စပ် သေချာတဲ့လူ၊ အရည်အချင်းရှိတဲ့ လူကိုတော့ ရအောင်ရှာရမှာပေါ့ ကိုကိုရာ'

မင်းခေါင်ဟာ အဲဒီလိုပြောပြီးမှ အတော်ကြာကြာ အလေးအနက်တွေးပြီး နေပါတယ်။

'အဲ့ဒီ စံထွန်းဆိုတဲ့ကောင် ဘယ်မှာနေလဲ၊ ညီလေးကို ပြောစမ်းပါ'

ကျွန်တော်က စံထွန်းရဲ့ ကြည့်မြင်တိုင်ကလိပ်စာကို ပေးလိုက်ပါတယ်၊ လိပ်စာပေးပြီးမှ....

'လူသတ်သမားတွေ ဘာတွေ ရှာမနေပါနဲ့ ညီလေးရယ်၊ ကိုယ်သေစေချင်တဲ့သူအပြင် နောက်တစ်ယောက်ကိုပါ သတ်သလို ဖြစ်နေပါမယ်'



'ဘယ်လို နောက်တစ်ယောက်က သတ်သလိုဖြစ်နေတာလဲ ကိုကိုရဲ့'

'မင်းပဲ စဉ်းစားကြည့်လေကွာ၊ ကိုက စံထွန်းကို သတ်ခိုင်းတယ်ဆိုကြပါစို့၊ စံထွန်း သေပြီးတဲ့နောက် ဒီအမှုက မပေါ်ဘဲနေမလား၊ အဲဒီလို အမှုပေါ်ပြီဆိုတာနဲ့ တို့ခိုင်းလိုက်တဲ့ လူသတ်သမားက စက်တိုင်တက်ရမှာ သေချာနေပြီ၊ အဲဒီတော့ ခိုင်းစေလိုက်တဲ့ ကိုကရော အမှုက လွတ်မှာလား၊ ဒါကြောင့် နောက်တစ်ယောက်ကို အပိုသတ်သလိုဖြစ်နေမှာမို့ ပြောတာ၊ ကိုယ့်ကိစ္စကိုယ် ရှင်းတာပဲ ကောင်းပါတယ်ညီလေးရာ'

'ကိုကို ကိစ္စကောင်ကို အလိုလိုက်နေရင်တော့ ဒီလိုပဲ တောင်းနေလို့ဆုံးမှာ မဟုတ်ဘူးနော်'

'ဘယ်တတ်နိုင်ပါ့မလဲကွာ၊ ဒီလိုပဲ တောင်းတိုင်းပေးနေရလို့တော့ မဖြစ်ဘူးဆိုတာကို ကိုကိုလဲ တွေးမိပါတယ်၊ ဘယ်လိုဖြေရှင်းကြမယ်ဆိုတာ စဉ်းစားကြတာပေါ့'

ကျွန်တော်ပြောတဲ့စကားတွေကို နားထောင်ပြီးတဲ့နောက်မှာတော့ မင်းခေါင်ဟာ ဘာမှဆက်မပြောတော့ပါဘူး။

သူ့အတွေးနဲ့သူ ညစ်နေတယ်။

နောက်အတော်ကြာမှ သူ့လူငယ်ချင်းနဲ့ ချိန်း…
…ပြီး ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ကျွန်တော့်စိမ်ကိန်း အကောင် အထည်ဖော်ရေးအတွက် ပထမခြေလှမ်းဆိုတာကိုတော့ ဘယ်သူမှသိမှာမဟုတ်ပါဘူး။

အရင်က ရွှေအင်မတန်ရှိုးသားဖြောင့်စင်းလွန်းတဲ့ ကျွန်တော်ဟာ မုတော့ မာယာတွေသုံးတတ်နေပါပြီ။

## အခန်း (၂၂)

ကျွန်တော် တွက်ထားတဲ့အတိုင်း စံထွန်းဆီက ဖုန်းဝင်လာပါတယ်။

ကမ်းနားလမ်းက နဂါးဖော်တယ်မှာ စောင့်နေဖို့ ကျွန်တော် ချိန်းလိုက်တယ်။

ကျွန်တော် ရောက်သွားတဲ့အချိန်မှာ စံထွန်း အရက်သောက်ပြီး စောင့်နေတာတွေ့ရပါတယ်။

'လာ...ကိုမင်းမောင်၊ ကျွန်တော် ကိုမင်းမောင်ကို ပြောစရာရှိလို့'

'ဘာများပြောစရာရှိလို့လဲ ကိုစံထွန်း'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့်ဆီကို မနေ့က ကိုမင်းမောင် နာမည်နဲ့ချိန်းတဲ့ စာရောက်လာတယ်'

'ဟင်...ကျွန်တော်လဲ မချိန်းမိပါလား ကိုစံထွန်း'

'ဟုတ်ကဲ့...ကိုမင်းမောင် ချိန်းတာ မဟုတ်ဘူးလို့ ထင်တာနဲ့ မို့ ဖုန်းဆက်လိုက်ရတာပါ'

'ပြောစမ်းပါဦးဗျာ'

'ဒီမှာပဲ ချိန်းတာဖြစ်တဲ့အတွက် ကျွန်တော်လဲ ကိုမင်းမောင် ချိန်းတယ်လို့ ယုံတာပေါ့'

'ပြောစမ်းပါဦးဗျာ၊ ခင်ဗျားစကားဟာ ထူးဆန်းလိုက်တာ'

'ဒီရောက်တော့ ကိုမင်းမောင်ရဲ့ အမြွှာညီအစ်ကိုဟာ ကိုမင်းမောင် ဟန်ဆောင်ပြီး ရောက်လာတယ်'

'ဩော်...ကျွန်တော့်ညီ မင်းခေါင်လား'

'ဟုတ်တယ်ဗျို့၊ တွေ့စကတော့ ကျွန်တော်လဲ ကိုမင်းမောင်လို့ပဲ ထင်ထားတာ၊ ကျွန်တော့်ကို တွေ့တွေ့ခြင်း လူမိုက်စကားတွေ ပြောတော့တာပါပဲ....



'ကျွန်တော့်ကို နောက်ထပ် ငွေတောင်းဖို့ မစဉ်းစားပါနဲ့ ပါ၊ တောင်းလဲ ပေးမှာမဟုတ်ဘူးပေါ့၊ အကယ်၍ ဒီတစ်ခါ …ယ်တောင်းရင် ငွေတော့မရတော့ဘူး....

'လူသတ်သမားတစ်ယောက်ကို သုံးထောင်ထောက်ပေးမယ် …တစ်ခါပဲ ကုန်မယ်ပေါ့၊ ငွေတော့ ဆပ်လာမှာ မဟုတ်တဲ့ …တွက် မယားခိုးမှုနဲ့ တရားစွဲချင်စွဲ၊ ဒါမှမဟုတ် ကျွန်တော်က …အောင်သတ်မယ်ဆိုပြီး ငန်ခေါ်ပါတယ်'

'ဩော်...ကျွန်တော့်ညီလေးက ကျွန်တော့်ဖက်က မခံချင် …ပြောတာ ဖြစ်ပါလိမ့်မယ်ဗျာ၊ စွဲမယူပါနဲ့....'

'ဟုတ်ကဲ့ပါ၊ ကျွန်တော်လဲ အဖေက အတော်အံ့ဩသွား …ယ်၊ ကိုမင်းမောင် ဘယ်လိုပြောနေတာလဲပေါ့၊ နောက်ပြီး …ဗျားနဲ့ ကျွန်တော် နားလည်မှုရထားပြီးမှ ဘာစိတ်ကူး …ါက်သွားတာလဲဆိုပြီး တွေးနေတယ်....

'ဆိုစမ်းပါဦးဗျာ၊ ကျွန်တော်တို့ညီအစ်ကိုကို လူတွေက ခွဲသိ …ယ်ဆိုတာ မလွယ်တဲ့ကိစ္စပဲဗျ'

'ကျွန်တော်လဲ ပထမတော့မသိပါဘူး၊ နောက်မှ ခင်ဗျား …ာ အရက် လုံးဝမသောက်ပဲ ခင်ဗျားညီက အရက် တအယ် …သောက်တတ်တာကိုးဗျ'

'ဟုတ်တယ်၊ မင်းခေါင်က အရက်ကြိုက်တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



'အရက်မှာသောက်တော့ ကျွန်တော်က ကိုမင်းမောင်အရက် သောက်မလို့ လားဆိုတော့ ဟုတ်ကယ် စိတ်ညစ်လို့တဲ့၊ ဒါပေမယ့် စိတ်ညစ်လို့ စသောက်တဲ့ သူနဲ့ အရက်ကို ကြိုက်လို့ သောက်တဲ့သူ အသိသာကြီးပါဗျာ....

'ကျွန်တော်ယဲ ယေယေကတည်းက သောက်တဲ့ကောင်မို့ တော့ သိတာပေါ့၊ နောက်ပြီး ခင်ဗျားနဲ့ မတွေ့ခင်ကတည်းက ခင်ဗျားမှာ အမြွှာညီအစ်ကိုရှိထားတာ ကြားပြီး ကြားဖူးထား တော့ ကျွန်တော် ရိပ်မိလိုက်တာပေါ့'

'ဟား....ဟား ...ဟား ခင်ဗျားမဆိုးဘူးကို ကိုစံထွန်း၊ ကျွန် တော်တို့ညီအစ်ကို ခွဲခြားသိတာ ခင်ဗျားပဲရှိသေးတယ်'

'သူသာ အရက်မသောက်ရင် သိမှာမဟုတ်ဘူးဗျ'

'အရက်ကြိုက်တဲ့သူက အရက်မြင်တော့လဲ ဘယ်နေနိုင်မလဲ ကိုစံထွန်းရာ၊ သူ ပြောခဲ့ဆိုခဲ့တာတွေကို စိတ်မဆိုးပါနဲ့ဗျာ။ အစ်ကို့အတွက် စိတ်ပူပြီး ပြောတာဖြစ်မှာပေါ့'

'ကျွန်တော်ပြောရင် စိတ်မဆိုးနဲ့နော် ကိုမင်းမောင်'

'ဘာများလဲဗျာ'

'ကိုမင်းမောင်ညီ ပြောပုံဆိုပုံက ခင်ဗျားက ကျွန်တော့်ကို သတ်တော့မှာမို့ ကျွန်တော်က ခင်ဗျားကို လက်ဦးအောင်သတ် ဖို့ တွန်းအားပေးနေသလိုပဲ'



'ခင်ဗျား အစိုးရိမ်လွန်ကောက်လွဲနေလို့ ဖြစ်မှာပေါ့ဗျာ'

'မဟုတ်ဘူး ကိုမင်းမောင်၊ အမှတ်တမဲ့ နားထောင်လိုက်ရင် ကျွန်တော့်ကို ခြိမ်းခြောက်တဲ့စကားလို့ ထင်ရပေမယ့် သေသေ ချာချာစဉ်းစားရင် ခင်ဗျားကို လက်ဦးအောင် သတ်ခိုင်းတဲ့ စိုးရိမ်ပူပန်ဖွယ် ဖြစ်နေတယ်....

'ကျွန်တော် ညက သေသေချာချာစဉ်းစားကြည့်ပြီးပြီ၊ ဒါ ကြောင့် ဒီနေ့ ခင်ဗျားကို ပြောပြတာပဲ'

'ခင်ဗျား နားလည်မှုလွဲပြီး စိုးရိမ်နေတာဖြစ်မှာပါ ကိုစံ ထွန်းရယ်၊ ညီအစ်ကိုအရင်းတောင်မှ အမြွှာညီအစ်ကိုပါဗျာ၊ ဒီလိုလုပ်မှာမလား'

'အဲဒါကိုလဲ ကျွန်တော် စဉ်းစားပါတယ်၊ ဒါပေမယ့် ဘယ်လို စဉ်းစားစဉ်းစား ဒီအဓိပ္ပာယ်ပဲ ဖြစ်နေလို့ပါ၊ ခင်ဗျား တို့ ညီအစ်ကိုမှာ အမွေကိစ္စတွေဘာတွေများ ရှိသလား'

'ကျွန်တော်တို့ညီအစ်ကို အမွေခွဲပြီးသား ကိုစံထွန်းရဲ့၊ လွန် ခဲ့တဲ့တစ်လလောက်ကမှ အိမ်ကြီးသိလား၊ အဲဒါ ကျွန်တော့်ညီအမွေ ရထားတဲ့အိမ်လေ၊ ပြောရမယ်ဆို မင်းခေါင်က ကျွန်တော့် ထက်တောင် ချမ်းသာပါသေးတယ်ဗျ'

'ဒါဆိုရင်လဲ ပြီးရောပေါ့ဗျာ၊ ခုလို ကျွန်တော်ပြောပြတာ လဲ ဘယ်သူ့မှ မထင်နဲ့နော်'

www.burmeseclassic.com

www.burmeseclassic.com



'မထင်ပါဘူး ကိုစံထွန်းရယ်၊ ခင်ဗျားအမြင်ကိုပြောတာ ပြောသင့်ပါတယ်'

'အေးဗျာ၊ တော်ကြာ ညီအစ်ကိုနှစ်ယောက်ကြားမှာ ခွဲတယ်လို့ ထင်မှာ စိုးလို့ပါ၊ ခင်ဗျားတို့ညီအစ်ကိုမှာ ပြဿ မရှိဘူးဆိုရင် ကိစ္စမရှိပေမယ့် ပြဿနာရှိထားရင် ခင်ဗျားသိ တယ်ထင်လို့ ပြောပြတာပါ၊ ကျွန်တော့်ကို စိတ်မဆိုးပါ နော်'

'စိတ်မဆိုးပါဘူး ကိုစံထွန်းရယ်၊ ကျွန်တော့်အကျိုးကို လားတယ်ဆိုတာသိရလို့ ခင်ဗျားကို ကျေးဇူးတောင် တင် သေးတယ်...'

'ဒါပေမယ့် ကျွန်တော်တို့ညီအစ်ကိုဟာ ခင်ဗျား ထင်သ မထုတ်ပါဘူး၊ စက္ကူနဲ့ပိုင်းသာကွာတဲ့ အပြုံ့ညီအစ်ကိုဆိုတော့ သူများတွေထက်တောင် ချစ်ကြပါသေးတယ်....'

'ခုလဲ ခင်ဗျားနဲ့ ကျွန်တော့်အကြောင်း သိသွားပြီ၊ ခင်ဗျာ နောက်ထပ် ငွေမတောင်းရဲအောင် ခြိမ်းခြောက်တာ ဖြစ်မှာ ပါ'

'ဟုတ်မှာပါ....ဟုတ်မှာပါ'

အမှန်က စံထွန်း ဒီလိုထင်တာမဟုတ်ပါဘူး၊

မင်းခေါင် ရည်ရွယ်ချက်ကိုက ဒီလိုပါပဲ၊



ဒီလိုလုပ်ချင်စိတ်ရှိအောင်လဲ ကျွန်တော်ကစီစဉ်တာပါ၊

ဘာပဲပြောပြော စံထွန်းကလဲ လူကဲခတ်ကောင်းပြီးအတော် လျင်တာမို့ ကျွန်တော် ဘက်က ပိုပြီး ပိပိရိရိလုပ်ဖို့လိုအပ်လာ ပြီလို့ သဘောပေါက်လိုက်ပါတယ်၊

အဲဒီနေ့က စံထွန်းကို သူ မတောင်းတဲ့ ငွေငါးရာပေးလိုက် ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ပထမတစ်ကြိမ်ကမ်းနားလမ်းတွင် လူသုံးယောက်ကို ဝိုင်းရိုက်ခိုင်းခြင်း၊ ဒုတိယအကြိမ် ဂေါ်လာဗိုတောစပ်တွင် ခေါ်ပြ တိုက်ဟန်ပြုပြီး လုပ်ကြံစေခြင်းတို့ကို လုပ်ဆောင်ခဲ့သော မင်းခေါင်မှာ ယခုတစ်ကြိမ် စံတွန်းနဲ့ ရန်တိုက်ပေးပြီး ကျွန်တော့်အသက်ကို လုပ်ကြံဖို့အတွက် သွယ်ဝိုက် စေခိုင်းလိုက်ပြန်ပါပြီ....။

ကိုယ့်အသက်ကို သုံးကြိမ် ရန်ရှာတဲ့သူကို တစ်ကြိမ်သတ်မယ်ဆို တရားမပါတယ်။

ယခု မင်းခေါင်က စံတွန်းနဲ့တွေ့ပြီး ကျွန်တော့်ကိုယ်စား ကျွန်တော့်ကိုယ်ပွားအဖြစ် သရုပ်ဆောင်ခဲ့တဲ့ညီးကို သုံးမှာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ကျွန်တော်ကစီစဉ်တုန်းမှာပဲ မင်းခေါင်ကို ကျွန်တော် ကိုယ်ပွားအဖြစ် သရုပ်ဆောင်ပြီး ဇာတ်လမ်းတစ်ကွက်ကို စီစဉ် ပါတယ်။

တစ်နေ့ ပွဲရုံ ရုံးခန်းထဲကို ခင်ညိုလို့ခေါ်တဲ့ မိန်းကလေး တစ်ယောက် ဝင်လာပါတယ်။

သူမဟာ မျက်စိမျက်နှာ အလွန်ပျက်နေတာကိုလည်း တွေ့ ရတာမို့ ....

'ခင်ညို ဘာဖြစ်လာတာလဲ၊ ဘာပြောမလို့လဲ'

ကျွန်တော် မေးလိုက်တဲ့အခါမှ ခင်ညိုဟာ တစ်သိမ့်သိမ့် ငိုရှိုက်ပါတော့တယ်။

သူမ ငိုတဲ့အခါ ကျွန်တော်က ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားပါတယ်။

ခင်ညိုဟာ ကျွန်တော့်ပွဲရုံမှာ စာရင်းကိုင် မန်နေဂျာ မိန်းကလေးပဲ ဖြစ်ပါတယ်။

သူမမိဘများဟာ ကျွန်တော့်မိဘများလက်ထက်ကတည်း က သစ္စာရှိ လူယုံတွေပါ။

အမေဆို သူမကို အလွန်သဘောကျပြီး ကျွန်တော်နဲ့ ပေး စားဖို့တောင် ရည်ရွယ်ခဲ့ပါတယ်။



ကျွန်တော်က ခင်မာလွင်ကို ယူလာခဲ့လို့ အမေ့အစီအစဉ် ပျက်သွားတာပါ။

'ညီမလေး ခင်ညို ဘာဖြစ်လာတာလဲ၊ အစ်ကိုကြီးကို ပြော စမ်းပါဦး'

ကျွန်တော်က ထပ်မေးပေမယ့် သူမက ပြန်မဖြေဘဲ ငိုမြဲ ငိုနေတာမို့လို့ သူ့ ဝအောင်ငိုပါစေဆိုပြီး ကြည့်နေလိုက်ပါ တယ်။

တကယ်လဲ အငိုဝတဲ့အခါ...

'မနက်က ကျွန်မ ပွဲရုံကိုလာမယ်ဆိုပြီး ထွက်လာတဲ့အချိန် မှာ အစ်ကိုကြီးရဲ့ ဆော်စဘင်ကားနဲ့ အစ်ကိုမင်းခေါင်ရောက် လာပြီး အလုပ်သွားမှာဆို ကားပေါ်တက်လို့ပြောတာနဲ့ ကျွန်မ ထဲတက်လိုက်လာခဲ့ပါတယ်၊ ကျွန်မကို အစ်ကိုမင်းခေါင်က အစ် ကိုကြီးဟန်ဆောင်ပြီး စကားပြောပါတယ်၊ ကျွန်မလဲ အစ်ကို ကြီးလို့ပဲထင်တာပါ၊ ရပ်ကွက်တစ်ခုရှေ့ရောက်တော့ အလုပ် ကိစ္စတစ်ခုပြောရအောင်ဆိုပြီး ကျွန်မကိုပါ ဆင်းခိုင်းလို့ အိမ် တစ်အိမ်ကို ဝင်ပါတယ်'

သူမဟာ စကားတို့ဆက်ပြောရမှ နှုတ်ဆွံ့သွားဟန်နဲ့ အခန်း နေရာအရောက်မှာ ရပ်တန့်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောစရာမလိုလောက်အောင် ကျွန်တော် သဘော ပေါက်သွားပါတယ်။

'အဲဒီအိမ်မှာ မင်းခေါင်က အနိုင်ကျင့်ရော မဟုတ်လား'

'ဟုတ်...ဟုတ်ပါတယ် အစ်ကိုကြီး'

သူမက ရှက်ရှက်ရွံ့ရွံ့ ပြန်ပြောတယ်။

အတန်ကြာမှ...

'အစ်ကိုမင်းခေါင်ဟာ နောက်ဆုံးအချိန်အထိ ကျွန်မကို အစ်ကိုကြီးပုံစံနဲ့ ဆက်ဆံသွားပါတယ်၊ ဒါပေမယ့် အစ်ကိုကြီးတို့ ညီအစ်ကိုနှစ်ယောက် အကျင့်စရိုက်ကိုသိထားတာမို့ အစ်ကိုကြီး မပြန်နိုင်ဘဲ အစ်ကိုမင်းခေါင်လို့ထင်တာမို့ အစ်ကိုကြီးကို လာတိုင်တာပါ'

ခင်ညိုကို ကျွန်တော် ဘယ်လိုနှစ်သိမ့်ပြီး ဘယ်လိုပြောရမလဲလို့ စကားလုံးရွေးရခက်နေပါတယ်

'အစ်ကိုကြီး ဘာလုပ်ပေးရမလဲ ညီမလေးခင်ညို'

ခင်ညိုက ခေါင်းကိုတွင်တွင်ခါပြီး...

'အစ်ကိုကြီး ဘာမှလုပ်ပေးစရာမလိုပါဘူး၊ အစ်ကို မင်းခေါင်က လူယုတ်မာတဲ့ကိစ္စကို အစ်ကိုကြီးဟန်ဆောင်ပြီး လုပ်တာကို ကျွန်မ သိပါတယ်၊ နောက်ပြီး သူ ဘယ်လောက်ပဲ ဟန်ဆောင်တန်ဆောင် အစ်ကိုကြီးက စိန့်ဆွဲသီး၊ သူက ပတ္တ



မြားဆွဲသီး ဆွဲထားတာ ကျွန်မ သိထားတာပဲ၊ ဒီကိစ္စ သူယုတ်မာတာကို အစ်ကိုကြီးသိအောင် လာပြောတာပါ'

'ညီမလေးငယ် ဂါတ်တိုင်တာတို့ တရားစွဲတာတို့တော့ မလုပ်ပါနဲ့၊ အစ်ကိုကြီးကပဲ တောင်းပန်ပါတယ်၊ ညီမလေး အတွက် အစ်ကိုကြီး စိစဉ်ပေးပါမယ်'

'ဘာပြောတယ် အစ်ကိုကြီး၊ အစ်ကိုကြီးက ဘာစီစဉ် ပေးမှာလဲ'

'ဪ...မင်းခေါင် ညီမလေးကို ကျောရရှုံကြဲလို့ မရပါဘူး၊ ညီမလေးကို မင်းခေါင်နဲ့ အစ်ကိုကြီးကိုယ်တိုင် ခမ်းခမ်းနားနားလက်ထပ်ပေးပါမယ် ညီမလေးရဲ့'

'တော်တော့ အစ်ကိုကြီး'

ခင်ညိုဟာ စောစောက အနိုင်ကျင့်ခံထားရတာကို ပြန်ပြောပြစဉ်ကထက် ဒေါသတကြီး ကျွန်တော့်စကားကိုဖြတ်ပြီး အော်လိုက်ပါတယ်။

သူမရဲ့ ဒေါသထွက်နေတဲ့ ဟန်ကြောင့် ကျွန်တော်တောင် လန့်သွားပါတယ်။

'အစ်ကိုကြီးရဲ့ညီလို အကျင့်စာရိတ္တမရှိတဲ့လူကိုယူမယ့်အစား ကျွန်မတော့ ခွေးကိုပဲ ယူမယ်၊ ကျွန်မအတွက် နှစ်နှစ်မှာစီးလို့ အစ်ကိုကြီးညီနဲ့ ပေးစားတာ မစဉ်တွင်းထဲကို ချလိုက်တာထက် ဆိုးဦးမယ်...

www.burmeseclassic.com

www.burmeseclassic.com



'ခု ကျွန်မ လာပြောတာ နစ်နာကြေးလိုချင်လို့လဲ မဟုတ်ဘူး၊ အစ်ကိုကြီးညီ ယုတ်မာတဲ့အပြင် အစ်ကိုကြီး နာမည်ကိုပါ ဖျက်ချင်တဲ့အကြောင်း သိအောင် လာပြောတာပဲ....

ကျွန်မကို နစ်နာကြေးဆိုပြီး ငွေပေးဖို့လဲ မစဉ်းစားပါနဲ့၊ အစ်ကိုကြီးက ကျွန်မကို ငွေပေးမယ်ဆို ကြေးစားမလို့ သဘောထားပြီး ထပ်စော်ကားလိုက်တာပဲ'

မင်းခေါင်နှင့် လက်ထပ်ပေးမှာကို ခါးခါးသီးသီးငြင်းဆိုနေတာမို့ ငွေကြေးထောက်ပံ့ပေးကမ်းမယ်လို့ စဉ်းစားလိုက်မိတဲ့ ကျွန်တော်ဟာ သူမရဲ့ တစ်ဆက်တည်းသောစကားကြောင့် ပြောစရာစကားမရှိတော့ဘဲ နှုတ်တွန့်သွားရပါတယ်'

'အစ်ကိုကြီးက ညီမလေးကို စော်ကားတာ မဟုတ်ပါဘူး၊ အစ်ကိုကြီး ညီကြောင့် ငါ့ညီမ နစ်နာ....'

'ထပ်မပြောပါနဲ့တော့အစ်ကိုကြီး၊ ဒီအကြောင်းကို ထပ်ထဲ မကြားပါရစေနဲ့၊ အစ်ကိုကြီးညီ လူယုတ်မာဟာ သူကိုယ်တိုင် ယုတ်မာရုံမကဘဲ အစ်ကိုကြီးရဲ့ ဂုဏ်သိက္ခာကိုပါ ကျအောင်လုပ်နေတယ်ဆိုတာ အသိ လာပေးတာပဲ'

သူမဟာ ပြောပြောဆိုဆို ချာခနဲ လှည့်ထွက်သွားတာမို့ ကျွန်တော် ပါးစပ်အဟောင်းသားနဲ့ ကျန်ခဲ့ပါတယ်၊



ခင်ညိုရယ်...မင်းခေါင် ဘယ်လောက်ယုတ်မာတယ်ဆိုတာ အစ်ကိုကြီး အသိဆုံးပါ ဆိုတာကိုတော့ စိတ်ထဲကပဲ ပြောလိုက်မိပါတယ်၊

ကမ္ဘာ မြေပြင်ပေါ်မှာ လူယုတ်မာအတွက် နေရာမရှိစေရအောင် ကျွန်တော် စဉ်းစားတာတယ်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ခင်ညို ထွက်သွားပြီး မကြာခင်မှာဘဲ မင်းခေါင် ဝင်လာပါတယ်။

သူ့ မျက်နှာက စပ်ဖြီးဖြီးနဲ့ ခင်ညို တိုင်သွားပြီဆိုတာ သိတဲ့ပုံပါပဲ။

'ဟို ကောင်မ၊ ကိုကို့ကို ဘာတွေ လာပြောသွားသလဲ'

'ဘာတွေ လာပြောရမှာလဲကွာ၊ မင်း ယုတ်မာတာတွေကို လာပြောသွားတာပေါ့'

မင်းခေါင်ကို ကျွန်တော်က 'ဒေါ်သာနဲ့ ပြောလိုက်မယ်' ဆိုတော့ သူကတော့ မချိုမချဉ်မျက်နှာနဲ့ တဟဲဟဲ ရယ်နေပါသေးတယ်။

ကျွန်တော် ဒေါသ ပိုထွက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာ ခွေးထက် မိုက်တဲ့ကောင်ပဲကွ၊ ကိုယ့်မိဘဆွေမျိုး မောင်နှမကိုမှ မထောက်၊ မိုက်ရိုင်းချင်တိုင်း မိုက်ရိုင်း၊ ယုတ်မာချင်တိုင်း ယုတ်မာနေတာပဲ'

'ကိုကိုကလဲ ကောင်မလေးက ခပ်ပျံ့ပျံ့ ခပ်နုံ့နုံ့လေးပါဗျာ'

'ဟေ့ကောင်...မင်းပါးစပ် ပိတ်ထားစမ်း၊ ကိုယ်မိုက်ရိုင်းမှုကို အခေါ်ကားခံရတဲ့သူကိုအပြစ်ပုံချဖို့မကြိုးစားနဲ့၊ ယောကျ်ားဆိုတာ ကိုယ်မှားတာကို မှားတယ်ဆိုတာ ဝန်ခံရဲရတယ်ကွ၊ ခင်ညိုဟာ မင်းပြောသလို ပျံ့တန်တန်၊ နုံ့တန့်တန့် မဟုတ်ဘူးကွ၊ ပိုင်းကောင်းကျောက်ဖိမိန်းကလေး'

'ကျွန်တော်က ချစ်လို့ပါ ကိုကိုရာ၊ ဒါပေမယ့် သူက ကျွန်တော့်လို လူပျို လူလွတ်ကို စိတ်မဝင်စားဘဲ ကိုကို့လို မိန်းမရှိတဲ့လူကိုပဲ စိတ်ဝင်စားတယ်လေ'

'ဟာ...ဒီကောင် ဘာတွေ လျှောက်ပြောနေတာလဲ၊ သူများ သားသမီးကို မှိုချိုးမျှစ်ချိုး လျှောက်ပြောနေရလား၊ မင်းဟာ ငါ့နာမည်ကို အလွဲသုံးစားလုပ်ပြီး၊ ငါ့သိက္ခာကို ချလိုက်တာ'

'ကိုကို့သိက္ခာ ချချင်လို့ မဟုတ်ပါဘူးဗျာ၊ ကျွန်တော်ပြောပြီး ပါပကောလား၊ ဒီကောင်မက ကိုကို့ကို စိတ်ဝင်စားနေတာပါဆို၊ ကျွန်တော့်ကိုဖြင့် တစ်စက်မှ ကြည့်မရဘူးတဲ့ဗျာ'

'ငယ်ငယ်ကတည်းက မင်းအကြောင်း သိနေတာကို ကြည့်လို့ ရပါ့မလား၊ ဒီကိစ္စမှာ ငါ့နာမည် သုံးလိုက်တာ တော်တော် ဆိုးတယ်ကွာ၊ ဒါကို ငါ တော်တော်စိတ်ဆိုးတယ်'



'စိတ်မဆိုးပါနဲ့ ကိုကိုရယ်၊ ကိုကို့ နာမည်သာ မသုံးရင် လောက်ဆို ကျွန်တော် ဂါတ်တဲရောက်နေလောက်ပြီလေ'

'ခု ငါ့နာမည်သုံးတော့လဲ ခင်ညိုက ဘယ်သူ လူယုတ်မာ ဆိုတာ ခွဲခြားသိထားတာပဲလေ၊ ငါသိတယ် မင်းခေါင်၊ မင်း ငါ့နာမည်ပျက်၊ သိက္ခာချဖို့အတွက် လုပ်လိုက်တာပဲ'

'ဘာ...အဲဒါ ကိုကိုအထင်လွဲတာပဲ၊ ကိုကို့အတွက် ထိခိုက်မယ့် ကိစ္စကို ကျွန်တော်က လုပ်ပါ့မလား'

မင်းခေါင်က ငြင်းဆန်ဖို့ ကြိုးစားလိုက်ချိန်မှာ ကျွန်တော် ဒေါသအလျှောက် သူယုတ်မာသမျှ ကျွန်တော်သိထားကြောင်း ပြောဖို့ ပြင်ဆင်လိုက်ပါသေးတယ်၊

နောက်မှ ကိုယ့်ကိုယ်ကိုသတိထားပြီး ချုပ်တည်းထားလိုက်ပါတယ်၊

မကြာခင် မင်း လုပ်ခဲ့သမျှအတွက် ရလဒ်ကို ခံစားရတော့မှာပါ မင်းခေါင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

နောက်နေ့မနက် ခင်ညီ့အလုပ်မှ ဆင်းပါမလားလို့ စိုးရိမ်ပူပန်စွာနဲ့ မျှော်နေစဉ်မှာ သူမက ဝတ္တရားမပျက် လုပ်ငန်းခွင်ကို ရောက်လာတာကို တွေ့ရပါတယ်။ ဒီတော့မှ ကျွန်တော်လည်း စိတ်ချမ်းသာသွားပါတယ်။ ဒါကြောင့် အော်စတင်ကားလေးကို မောင်းပြီး ခင်ညီတို့အိမ်ဘက်ကို ထွက်လာခဲ့ပါတယ်။ ကျွန်တော်ရောက်သွားချိန်မှာ ခင်ညီ့မိဘတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြပါတယ်။

'မောင်မင်းမောင် ဘယ်ကလှည့်လာတာလဲ၊ မခင်ညီ ရုံးကို ထွက်သွားပြီလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ ခင်ညို့ ပွဲရုံကိုရောက်နေပါပြီ ဦးလေး၊ ကျွန်တော်က ပွဲစားတစ်ယောက်အိမ်ကိုလာရင်း ဒီနားရောက်တော့ ဦးလေးတို့ကို သတိရလို့ ဝင်လာတာ'

'အေး အေး...ဦးလေးတို့လဲ မင်းကို သတိရပါတယ်ကွာ၊ မင်းညီမကို မင်းအကြောင်း ခဏခဏမေးပါတယ်၊ ဦးလေးတို့ အသက်ကြီးလာပြီဆိုတော့ အရင်လို သွားနိုင် လာနိုင် မရှိ ခတော့ဘူးလေ'

'ဟုတ်ကဲ့၊ ကျွန်တော်လဲ သတိရပါတယ်၊ ဒါပေမယ့် အလုပ်က များတော့ မရောက်ဖြစ်ဘူးလေ၊ ဒါကြောင့် လမ်းကြုံတုန်း ဝင်လာတာပဲ'

'မောင်မင်းမောင် ထမင်းစားပြီးမှ ပြန်ပါလား၊ အဒေါ်တို့ ငါးရံ့ချက်တယ်'

'ဟုတ်တယ်ကွ၊ မင်းဒေါ်အဖေ ငါတို့ဆရာကြီးကတော့ ငါးရံ့ကို တကယ်ကြိုက်တာကွ၊ စားသွားကွာ မောင်မင်းမောင်'

'မစားတော့ပါဘူး ဦးလေးရယ် ကျွန်တော် ပွဲရုံမှာကိစ္စလေးတွေ ရှိနေသေးလို့ပါ၊ သတိရလွန်းလို့သာ ဝင်လာတာ'

'ဒါဆိုလဲ အဒေါ် ချိုင့်နဲ့ထည့်ပေးလိုက်မယ်လေ၊ မင်းညီမနဲ့ ချိုင့်ပြန်ပေးလိုက်ပေါ့'

'ဟာ နေပါစေဒေါ်လေးရယ် အလုပ်ရှုပ်ပါတယ်'



'ဘယ်နှယ်အလုပ်ရှုပ်ရမှာလဲကွယ်၊ ယူသွားပါ'

လင်မယားနှစ်ယောက်စလုံး တက်ညီလက်ညီ စေတနာထက်သန်စွာ ပြောနေတာမို့ ကျွန်တော် ဆက်လက် ငြင်းဆန်မနေတော့ဘဲ ငြိမ်နေလိုက်ပါတယ်၊ ဒေါ်လေးက မီးဖိုချောင်ဘက်ကို ထွက်သွားပါတယ်၊ ခင်ညို့တို့ အိမ်လေးက ကျွန်တော်ထင်ယကလိုပါပဲ၊ ဖိုပြီးဆိုးနေတာက နံဘေးက ထရံတွေတောင်ကျိုးတိုးကျဲ့တဲ့ ဖြစ်နေပါပြီ၊

'ဦးတို့အိမ်ကို ပြင်ဆောက်လိုက်ပါလား'

'ဆောက်တာပေါ့ မောင်မင်းမောင်ရယ်၊ အိမ်ပြင်မယ်ဆိုရင် လေးငါးရာက ကုန်ဦးမှာကွာ၊ မင်းညီမလေးလခနဲ့စားဖို့ဝတ်ဖို့ ဖြေရှင်းနေရတာဆိုတော့ အိမ်ပြင်တဲ့အလှည့်ကို မရောက်ပါဘူးကွာ'

'ပြင်လိုက်ပါ ဦးရယ်၊ ဦးတို့က ကျွန်တော့်မိဘတွေ ထက်ထက်ကတည်းက ကျွန်တော်တို့ စီးပွားကို လုပ်ပေးခဲ့တဲ့လူတွေပါ၊ ကျေးဇူးရှိပါတယ်၊ ဒါကြောင့် ကျွန်တော်က ငွေတစ်သောင်း ကန်တော့ခဲ့ပါတယ်၊ အိမ်ကောင်းကောင်းလေးသာ ပြင်ဆောက်လိုက်ကြပါ'

'ဟင် တစ်သောင်းတောင် များပါတယ်ကွာ၊ နှစ်ထပ်အိမ်ဆောက်ရင်တောင် လေးငါးထောင်လောက်ဆိုပြီးတယ်'

'ကျွန်တော့်မိဘများကိုယ်စား ဦးနဲ့ အဒေါ်ကို ကန်တော့ချင်တာမို့ လက်ခံပါခင်ဗျာ'

www.burmeseclassic.com

www.burmeseclassic.com



ခင်ညို့ မိဘများဟာ တကယ်ရိုးသားကြတဲ့ သူတွေပီပီ ကျွန်တော်ပေးတဲ့ ငွေတစ်သောင်းကို များလွန်းတဲ့အတွက်လက်မခံကြပါဘူး။ ကျွန်တော်က အတင်းပေးတော့မှသာ လက်ခံကြတာမို့ ကျွန်တော် သူတို့နှစ်ဦးကို အသင့်ပါလာတဲ့ ငွေတစ်သောင်းနဲ့ ထိုင်ကန်တော့လိုက်ပါတယ်။

နှစ်ယောက်စလုံး စမ်းသာလွန်းတဲ့အတွက် မျက်ရည်များတောင် ကျရှာပါတယ်။ ပြီးတော့ ဆုများကို တစ်သီတစ်တန်းကြီး ရွတ်ပြီးပေးပါတယ်။ သူတို့ရိုးသားမှုကို မြင်တဲ့အခါမှာ ခင်ညို့အတွက် လျော်ကြေး သခဘာမျိုးပေးတာဖြစ်တဲ့အတွက် ကျွန်တော့်စိတ်က မလုံတော့ပါဘူး။

ရိုးသားတဲ့သူတွေရှေ့မှာ မရိုးသားတဲ့ကျွန်တော် ဆက်မနေဝံ့တော့တာနဲ့ ပွဲရုံကို ပြန်ခဲ့ပါတယ်၊ ပွဲရုံရောက်တဲ့အခါ ကျွန်တော် လက်ထဲ ကိုင်လာတဲ့ချိုင့်ကို ခင်ညိုက လှမ်းကြည့်ပါတယ်။ သူမတို့အိမ်ကချိုင့်ဆိုတာ သိတဲ့ပုံပါပဲ။ ဒါကြောင့် ကျွန်တော်သည်း ရုံးခန်းထဲကိုပဲ တန်းဝင်သွားလိုက်ပါတယ်။

'အစ်ကိုကြီး'

အခန်းထဲရောက်လို့ စားပွဲမှာ မထိုင်ရသေးခင် အသံကြားလို့ လှမ်းကြည့်လိုက်တဲ့အခါ ခင်ညိုကို တွေ့ရပါတယ်။

'အစ်ကိုကြီးက ဘာမျှားစော်ကားမိလို့လဲ ညီမရယ်'

'အစ်ကိုကြီး ခု ဘယ်ကပြန်လာတာလဲ'



'ဟို....ဟို....အစ်ကိုကြီး'

'အစ်ကိုကြီး ခု ခင်ညိုတို့အိမ်က ပြန်လာတာ မဟုတ်လား'

'ဟုတ်ပါတယ်'

'အဖေတို့ကို ငွေပေးခဲ့တယ် မဟုတ်လား'

'မဟုတ် မဟုတ်ပါဘူး'

'မညာတတ်တဲ့နဲ့ ညာဖို့ မကြိုးစားပါနဲ့ အစ်ကိုကြီးရယ်....၊ အစ်ကိုကြီး အဖေတို့ကို ငွေပေးခဲ့တယ် မဟုတ်လား'

'ဟို...ဦးတို့ အခေါ်တို့ကို အစ်ကိုကြီးက ကန်တော့တာပါ'

'အစ်ကိုကြီး ဘာပြောပြော၊ ဒါ ခင်ညို့ဘဝ နစ်မွန်းတဲ့ အတွက် လျော်ကြေးပေးတာပဲ။ အစ်ကိုကြီးကို မနေ့ကတည်းက ခင်ညို ပြောပြီးသား၊ ခင်ညို့ကို ကြေးစားအဖြစ် မဆက်ဆံပါနဲ့လို့'

ခင်ညို့ရဲ့ ပါးနပ်မှုကြောင့် ကျွန်တော် အနေရ အထိုင်ရ ခက်သွားပါတယ်။

'ခဏထိုင်ပါဦး ညီမရယ်၊ အစ်ကိုကြီးပြောတာ နားထောင်ပါ....'

www.burmeseclassic.com

ကျွန်တော် သူမကို ချော့မော့ပြီးထိုင်ခိုင်းလိုက်ရပါတယ်။

'ဒီလိုပါ ညီမယ်၊ အစ်ကိုကြီးက ခင်ညိုကို ကြေးစားအဖြစ် မသတ်မှတ်သလို၊ လျော်ကြေးအဖြစ် ပေးတာလဲမဟုတ်ပါဘူး၊ ခင်ညိုကိုအစ်ကိုကြီးက ညီမလေးအရင်းတစ်ယောက်လိုသဘော ထားတာပါ၊ ခုလို ကိစ္စမျိုးပေါ်လာတော့ ကိုယ့်ညီမအရင်းလို ပဲ ခံစားရပါတယ်၊ စိတ်မကောင်းဖြစ်တာလဲ အမှန်ပါပဲ...

'ခု ညီမလေးတို့အိမ်ရောက်တော့ ဦးတို့အဒေါ်တို့ အသက် ကြီးမှ ဆင်းဆင်းရဲရဲနေရတာကိုမြင်တော့ အစ်ကိုကြီး မိဘချင်း ကိုယ်ချင်းစာမိလို့ ကန်တော့မိတာပါ၊ ဦးနဲ့ အဒေါ်ကို အစ်ကို ကြီး မိဘတွေလိုပဲ စိတ်ထဲမှာ နှစ်နှစ်ကာကာ ဖြစ်တာမို့ ကန် တော့တာကို ညီမလေး အပြစ်မမြင်သင့်ပါဘူး'

ကျွန်တော် ရှည်လျားစွာ ရှင်းပြပေးနေချိန်မှာ ခင်ညိုဟာ ကျွန်တော့်ကို ငေးပြီး ကြည့်နေပါတယ်။

'ညီမလေးကို ထိခိုက်စော်ကားချင်တဲ့ဆန္ဒ လုံးဝ မရှိဘဲ အစ်ကိုကြီးရဲ့ သန့်ရှင်းတဲ့ စေတနာကိုတော့ အသိအမှတ်ပြုသင့် ပါတယ်ကွာ'

ကျွန်တော်က လေချိုသွေးပြောတဲ့ စကားအဆုံး ခင်ညို ဟာ စိတ်ဆိုးဟန် မရှိတော့ပေမယ့် ဝမ်းနည်းစွာ ငိုကြွေး တော့တယ်။

'ညီမလေးကို စော်ကား မော်ကားစိတ်နဲ့ လုပ်တာ မဟုတ် ဘူး ဆိုတာ ယုံတယ်မဟုတ်လား'



ခင်ညိုက ငိုယိုနေရင်းကပင် ကျွန်တော့်ကို ခေါင်းညိတ်ပြ ရှာပါတယ်။

'ယုံတယ်ဆိုရင် အစ်ကိုကြီးစိတ်မကောင်းမဖြစ်အောင်ငိုမနေ ပါနဲ့ ညီမရယ်'

ယုံရင် မငိုပါနဲ့ပြောကာမှ ယုံပါတယ်အစ်ကိုကြီးရယ်ဆိုပြီး ပိုမိုရှိုက်ငိုနေပြန်ပါတယ်။

ကျွန်တော်လည်း ဆက်ပြောရမယ့်စကား ရှာမရတာမို့ ငို နေတဲ့ သူမကိုပဲ ကြည့်နေလိုက်ပါတယ်။

ခင်ညိုကို ခုမှပဲ ကျွန်တော် အသေအချာကြည့်မိပါတယ်။ ရုပ်ရည်ရော ကိုယ်လုံး ကိုယ်ပေါက်ပါ အတော် အဆင်ပြေတဲ့ မိန်းကလေးပါ။

လိမ္မာရေးခြားကလည်း ရှိ၊ ရိုးသား ဖြူစင်တဲ့ မိန်းကလေး ဖြစ်တဲ့အတွက် ကျွန်တော့် အမေက ချွေးမတော်ဖို့အထိရည်ရွယ် ထားတာ ဖြစ်ပါလိမ့်မယ်။

ကျွန်တော်သာ ခင်မာလွင်ကိုမယူဖြစ်ခဲ့ရင် သူမနဲ့ကျိန်းသေ ပေါက် အိမ်ထောင်ပြုရမှာပါ။

သူမနဲ့သာယူဖြစ်ခဲ့ကြမယ်ဆိုရင် ကျွန်တော် ခုလို စိတ်ဆင်း ရဲမှုမျိုးတွေ ကြုံရမှာ မဟုတ်ပါဘူး။

သူမကိုကြည့်ရင်း ကျွန်တော်စိတ်ဖောက်ပြန်လာတာမဟုတ် တာ သေချာပေမယ့်၊ ကျွန်တော့်ကို အသက်အနှစ်ရယ် အထိ ချစ်ရှာနေတဲ့ ခင်မာလွင်နဲ့ နှိုင်းယှဉ် ကြည့်လိုက်မိတာတော့ အမှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ကျွန်တော့်ရဲ့ အတွေးအာထိနောက်ကို လိုက်ပါခဲ့မိတဲ့ အမှားဟာ ပြန်ပြင်လို့ မရတော့ပါဘူး။

ရန်သူနဲ့တူတဲ့ မယားကို ရင်ခွင်မှာ သိမ်းပိုက်ပြီးပါပြီ။

ရန်သူဆိုတာ ကိုယ်ကသူ့ကိုမသတ်ရင် သူကကိုယ့်ကို သတ်တော့မှာပါ။

ကျွန်တော် လက်ဦးမှု မရရင် သေရမှာပေါ့။

သေမလား သတ်မလား၊ သည်နှစ်လမ်း ရွေးဖို့ပဲ ရှိပါတော့တယ်။

သေမှာကြောက်ပေမယ့် ကိုယ့်နေရာအရှေ့ကမခံနိုင်ပါဘူး။ ဒါကြောင့် ကျွန်တော်လုပ်ရမှာတစ်ခုတည်းပါ။

သတ်ရမယ်။

## အခန်း(၂၆)

သတ်မဲ့ပြစ်မှတ် အမှတ်တစ်က မင်းခေါင်။

ပြစ်မှတ်အမှတ်နှစ်က ခင်မာလွင်။

ကျွန်တော်ကတော့ သေလျှင်မြေကြီး၊ ရှင်လျှင်ရွှေထီး၊ သူတို့ကို သတ်ရေးအတွက် ကျွန်တော် သက်သေများကို စုဆောင်းပါတော့တယ်။

ထယ်ဦးစွာ ရန်ကုန်မြို့မှာ နာမည်ကြီးနေသော ထိုင်းဥမင်မြန်မာ သမားတော်များကို ပင့်ခေါ်ပြီး စမ်းသပ်သစ်ဆေးခံယူပါတယ်။

သိဒ္ဓေတာနာပုံ ရုပ္ပတ်၊ ဓားကျနာပ် ရုပ္ပတိ အာညာဒေး ပြီး စိတ်ရောဂါ ခေါ်တဲ့ သည်းခြေပျက် သည်း

www.burmeseclassic.com

www.burmeseclassic.com



မှုရှိတယ် အတ်မှတ်ကြပြီး သည်းခြေအားဆေးများကို ပေးကုသ ကြပါတယ်။

ပွဲရုံက ဝန်ထမ်းများအားလုံးနဲ့ ဝင်ရောက် ဆက်သွယ်နေတဲ့ ကုန်သည်ပွဲစားများက ကျွန်တော်ဟာ စီးပွားရေး အတွက် အားသွန်ခွန်စိုက် လုံးပမ်းရလွန်းလို့ စိတ်အားနည်းပြီး စိတ်ရောဂါ ဝေဒနာပါ စွဲကပ်ရတယ်လို့ အနားကြပါတယ်။

တချို့ကလည်း ညီဖြစ်တဲ့သူ မလိမ္မာလို့ သည်လိုဖြစ်ရတာ။

တချို့ကလည်း နှမိန်းမ မလိမ္မာလို့ သည်လိုဖြစ်တာပေါ့ဖြင့် သာသာထိုးထိုးလေး ဝေဖန်မေးကြပါတယ်။

တိုင်းရင်းသမားတော်ကြီးများအပြင် ရန်ကုန် ဆေးရုံကြီးက ကုလား ဆရာဝန်ကြီးများ ကိုလည်း ခေါ်ယူ ကုသပါတယ်။

သူတို့ကလည်း အလားတူ မှတ်ချက်ချပြီး လိုအပ်တဲ့ဆေးထိုး ဆေးပေး ကုသမှုတွေ လုပ်ပါတယ်။

တဖြည်းဖြည်းနဲ့ ကုန်သည်လောကနဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းမှာ ကျွန်တော်ဟာ ယဉ်ယဉ်လေးနဲ့ ရူးနေသူတစ်ဦး ဆိုတာ ကြားလာပါတယ်။



အမှန်တော့ ကျွန်တော့်ရဲ့ လေလာထားတဲ့ စာဖတ်ဗဟုသုတတွေကြောင့် အားလုံး တစ်ညီတစ်ညွတ်တည်း ဒီလိုသတ်မှတ်ချက် ချကြရတာပါ။

ဟန်ဆောင်မှုတင်းကင်းနဲ့ ရိုးစင်းစွာ ပြုမှုပြောဆို လုပ်ကိုင်တတ်တဲ့ ကျွန်တော်ဟာ ယခုအချိန်မှာ အသွင် ပီပီရိရိ သရုပ်ဆောင်မှုဟာ အောင်မြင်နေပါပြီ။

ကျွန်တော် ဖြစ်စေချင်တဲ့အတိုင်း ထင်နေမြင်နေရပါပြီ။

အင်္ဂလိပ်ဆေးဆရာဝန်များ၊ တိုင်းရင်းသမားတော်များဟာ ကျွန်တော့် အတွက် သက်သေကောင်းများ ဖြစ်လာကြပါတယ်။

ပို၍ပို၍ ခိုင်လုံစေရေးအတွက် ကျွန်တော့်ထပ်ပြီး စီစဉ်ရပါတယ်။

ရန်ကုန်ဆေးရုံကြီးမှာ တာဝန်ထမ်းဆောင်တဲ့ဆရာဝန်ကြီး ပီတာဆင်းဆီကို ကျွန်တော် ဖုန်းဆက်လိုက်ပါတယ်။

အရေးကြီးကိစ္စရှိလို့ မစ္စတာပီတာဆင်းနဲ့ စကားပြောလိုပါတယ် ဆိုတဲ့ အခါ မကြာခင်မှာ ပီတာဆင်း လာပါတယ်။

'ရက်စ် အိုင်အမ် ပီတာဆင်း'

www.burmeseclassic.com



ကုသားဆိုဝဲနေတဲ့ အင်္ဂလိပ်စကားနဲ့ မိတ္တာဆင်းက အသံ မြှုပ်ပါတယ်။

ကျွန်တော်က ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးမင်းခေါင်ဖြစ်ကြောင်း ပြောတဲ့အခါမှာ ဆရာဝန်ကြီးက မျှမျှသာလဲနှင့်ပဲ...

'ဩော်...မစ္စတာမင်းခေါင် ကျွန်ုပ်ဘာကူညီရမလဲ'

'အရေးကြီးလို့ပါ မစ္စတာဆင်း။ ကျွန်တော် စိတ်ဆိုးပြီး ကျွန်တော့်မိန်းမကို လည်ပင်းညှစ်သတ်လိုက်မိတာ မျောမျောပဲ ရှိပါတော့တယ်၊ သူမအသက်ကို အချိန်မီ ကယ်တင်နိုင်ရေး အတွက် အမြန်လာပေးစေချင်ပါတယ်'

'အိုမိုင်ဂေါ့ဒ်၊ ကျွန်ုပ်ချက်ချင်း လာပါမယ်'

ဆရာဝန်ကြီးက ဖုန်းကိုချလိုက်ပါတယ်။

ကြည့်ရတာ ချက်ချင်းလာဖို့ အစီအစဉ်လုပ်သလိုပါပဲ။

ကျွန်တော်ကတော့ ဖုန်းချပြီးတာနဲ့ နေအိမ်ဝင် ရေမိုးချိုးဖို့ ပြင်ပါတယ်။

ကျွန်တော် ရေချိုးပြီးထွက်လာတော့ မစ္စတာပီတာဆင်းနဲ့ ခင်မလှလှင်တို့ ဧည့်ခန်းမှာ ထိုင်စကားပြောကြပါတယ်။



သူတို့မျက်လုံးတွေက ကျွန်တော့်ကို စူးစမ်းတဲ့အကြည့်တွေနဲ့ ကြည့်နေကြပါတယ်။

'ဟဲလို...မစ္စတာဆင်း ရောက်နေတာလား၊ မစ္စတာဆင်း ဘာသုံးဆောင်မလဲ၊ အမာ မစ္စတာဆင်းကို ဧည့်ခံထားလိုက်ပါ၊ အစ်ကိုကြီး အဝတ်အစားလဲလိုက်ဦးမယ်'

ကျွန်တော်က ပြောချင်ရာပြောပြီး အိပ်ခန်းထဲဝင်လာလိုက်ပါတယ်။

သူတို့ ကျွန်တော့်ကို လိုက်ကြည့်နေမယ်ဆိုတာလဲ သိပါတယ်။

အခန်းထဲရောက်လို့ အဝတ်အစားလဲပြီးတဲ့အခါ ခုတင်ပေါ်မှာပဲ ထိုင်နေလိုက်ပါတယ်။

ငါးမိနစ်လောက်ကြာတဲ့အခါမှာ အခန်းဖက်ကို လျှောက်လာကြတဲ့ခြေသံတွေကို ကြားတဲ့အခါ ကျွန်တော်က ကမန်းကတန်း ခုတင်ပေါ်တက်ပြီး ဘုရားဝတ်ပြုနေဟန်ဆောင်လိုက်ပါတယ်။

ဘုရားဦးချတာ အကြိမ်များစွာ ဦးချပါတယ်၊

သာမန်လူက ဦးသုံးကြိမ် ချတာပါ။

ကျွန်တော်က မဆုံးနိုင်မခရေမတွက်နိုင်အောင် ဦးချတာပါ။

ဒီအပြုအမူကိုကြည့်ပြီး မစ္စတာဆင်းနဲ့ ခင်မလှလှင် ကျွန်တော့်ကို သွက်သွက်ခါသွားပြီဆိုတဲ့အမြင် မြင်နေကြမှာပါ။

www.burmeseclassic.com



'အစ်ကိုကြီး၊ ဗီမှာ မစ္စတာဆင်း စောင့်နေတယ်လေ'

ခင်မာလှိုင် အသံပြဲတော့မှ ကျွန်တော်ဦးချွတာ ရပ်လိုက်ပါတယ်။

'ဪ....မစ္စတာဆင်း ဧည့်ခန်းကစောင့်ပါ၊ ကျွန်တော် လာခဲ့ပါမယ်'

ကျွန်တော် သူတို့နားလျှောက်သွားလိုက်ပြီး ပြောလိုက်ပါတယ်။

ပြီးတော့—

အရုပ်ရှစ်မျက်နှာကိုလှည့်ပြီး ဦးချနေပါတယ်။

သူတို့က မသွားသေးဘဲ ကျွန်တော့်ကို ကြည့်နေပါတယ်။

ကျွန်တော်က အရုပ်ရှစ်မျက်နှာကို ကန်တော့လို့ပြီးမှ....

'ဟယ်လို၊ မစ္စတာဆင်း နေကောင်းလား။ ကျန်းမာရေးကို ဂရုစိုက်ပါ မစ္စတာဆင်း၊ မစ္စတာဆင်းကို ကြည့်ရတာ စိတ်ကောင်းကောင်း ကျန်းမာပုံ မရဘူး....

အကယ်၍ နေထိုင်မကောင်းရင် ကျွန်တော် ဆီလာခဲ့ပါ၊ ကျွန်တော် စစ်ဆေးပြီး ကုသပေးပါမယ်'

ဆရာဝန်ကြီး မစ္စတာဆင်းမျှော် ကျွန်တော့် စကားကြောင့် အောင့်သက်သက် ဖြစ်သွားဟန်တူပါတယ်။



'ကျွန်ုပ်က ဆရာဝန်ပါ၊ မစ္စတာမင်းမောင်၊ ကျွန်ုပ် နေကောင်းပါတယ်။ ယခု ကျွန်ုပ်လာတာ မိတ်ဆွေကြီး မစ္စတာမင်းမောင်ရဲ့ ကျန်းမာရေးကို စစ်ဆေးပေးဖို့လာခဲ့တာပါ'

'ကျွန်တော် နေကောင်းပါတယ် မစ္စတာဆင်း၊ မယုံရင် မစ္စတာဆင်းနဲ့ ကျွန်တော် အပြေးပြိုင်မလား မောင်းလှဲမလား၊ မေးကြည့်ပါ'

ကျွန်တော်က ပြောပြောဆိုဆို နပမ်းဖက်လုံးတော့မယ့်ပုံစံမျိုးနဲ့ ဆရာဝန်ကြီးနားကပ်သွားတော့ မစ္စတာဆင်းဟာ နောက်ဆုတ်သွားပါတယ်'

'အိုး ဂေါ်ဒါ ဂိုးတူဟဲ'

ခင်မာလှိုင်က ကျွန်တော့်ကို ဝင်ပြီး ဖက် ထားလိုက်ပါတယ်။

'အစ်ကိုကြီး၊ မစ္စတာဆင်းက အမာတို့မိသားစု ဆရာဝန်ကြီးလေ၊ အစ်ကိုကြီးအတွက် ကျန်းမာရေး အမြဲစစ်ပေးနေတာပဲ၊ အစစ်ခံလိုက်ပါနော်....'

'ဪ....အစ်ကိုကြီးကို ချက်အပ် လုပ်ကြည့်မလို့ပေါ့။ ကမ်းအင်မစ္စတာ အိုင်ဝမ့်တူ ဖိုးမိုင်ယဲ (သ်)....'

ကျွန်တော် အသာအယာငြိမ်လိုက်ပြီးမှ မစ္စတာဆင်းကိုဖိတ်ခေါ်လိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မာလွင်ကတော့ သူမ ချော့မော့ပြောဆိုတဲ့အတွက် ကျွန်တော် လိုက်လျောတယ်လို့ ထင်ပြီး ပြုံးပါတယ်။

မစ္စတာပီတာဆင်းက ကျွန်တော် ကို ဆေးတစ်လုံးလုံးပေးပြီး ဆေးတွေကို ခင်မာလွင့်လက်ထဲ ထည့်ပေးလိုက်ပါတယ်။

'ဘယ်သို့လဲမစ္စတာ၊ ကျွန်တော် ကျန်းမာရေး ကောင်းရဲ့လား'

'ကောင်းပါတယ်၊ အလွန်ကောင်းပါတယ်'

'ကောင်းရဲ့သားနဲ့ ဘာဖြစ်လို့ နားဆိုးတာလဲ၊ နေမကောင်းမှ ဆေးလိုးရတာ မဟုတ်သလား'

'အားနည်းနေမှာစိုးလို့ အားဆေးထိုးပေးတာပါ မစ္စတာမင်းမောင်'

'ဪ...ဪ... သက် (တ်) ဠင်၊ ဒါဆို ကောင်းတာပေါ့၊ အားဆေးထိုးမှ မျှားမျှားစား၊ မျှားမျှားစားမှ အားရှိ အားရှိမှ မြန်မြန်သေမှာပေါ့၊ မဟုတ်ဘူးလား မစ္စတာဆင်း'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

ကျွန်တော် ရဲ့ အဓိပ္ပာယ်မဲ့စကားတွေကို မစ္စတာဆင်းက ထောက်ခံပေးနေရပါတယ်။



'မစ္စတာဆင်းတို့၊ ကျွန်တော်တို့တစ်တွေကို ဘုရားသခင်က မြေမှုန့်နဲ့ ဖန်ဆင်းထားတာမဟုတ်လား၊ မြေကြီးထဲ ပြန်ရောက်ပြီး မြေမှုန့်ပြန်ဖြစ်တာ၊ ဘုရားသခင်ရဲ့ မဟာဂရုဏာတော်ပဲပေါ့ မစ္စတာဆင်းရဲ့'

'ဟုတ်ပါတယ် မစ္စတာမင်းမောင်'

ကျွန်တော်က ဘိုင်ဘယ်ထဲကစကားကို ကျွန်တော့်မေါဟာရနဲ့ ကျွန်တော် ပြန်ပြောလိုက်ပါတယ်၊ မစ္စတာဆင်းကလည်း ထောက်ခံပေးပါတယ်။

'ဒီတော့ သေခြင်းဆိုတာ ကံကောင်းမှုရတာ မဟုတ်လား'

'ဟုတ်ပါတယ် မစ္စတာ'

ကျွန်တော် သိပဲချစ်ပြီး သိပ်ကံကောင်းချေတာ၊ တောဒီက ကျွန်တော့်မိန်းမကိုပဲ မစ္စတာ၊ အမာ

'ရှင်'

'အမာကံကောင်းအောင် သေတော့နော်'

ကျွန်တော့ စကားကြောင့် ခင်မာလွင် မျက်နှာပျက်သွားပါတယ်။

ပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုကြီး သေခိုင်းရင် သေမှာပေါ့'

'အစ်ကိုကြီးက အမှာကံကောင်းတာပဲ မြင်ချင်တယ်၊ ဒါ့ကြောင့် အမှာ သေတော့'

ကျွန်တော့်ရဲ့ အဓိပ္ပာယ်မဲ့ စကားတွေကြောင့် မစ္စတာဆင်း စိတ်ညစ်လာပုံရပါတယ်။

'ကဲ...ကျွန်ုပ်ပြန်ဦးမယ် မစ္စတာမင်းမောင်၊ ဆေးရုံမှာဂျူတီဝင်ရဦးမယ်၊ မစ္စတာမင်းမောင် ကျွန်တော်ပြန်မယ်'

'ဟုတ်ကဲ့ မစ္စတာ ဘုရားသခင် စောင့်မတော်မူပါစေ'

မစ္စတာပီတာဆင်းဟာ ခပ်မြန်မြန်ပဲ ပြန်သွားပါတယ်။

ခင်မာလှိုင်က ကားပေါ်အထိ လိုက်ပို့ပေးပါတယ်၊

ကျွန်တော် ဧည့်ခန်းကို ပြန်ထွက်လာပြီး ထိုင်နေလိုက်ပါတယ်။

ဧည့်ခန်းအဝင်၊ ပြန်ဝင်လာတဲ့ သူမရဲ့ မျက်လုံးတွေဟာ စိုးရိမ်စိတ်အပြည့်နဲ့ ကျွန်တော့်ကို ကြည့်နေပါတယ်။

သူမရဲ့ ခန္ဓာကိုယ်လေးဟာ မသိမသာ တုန်နေပါတယ်။

သည်အမူအရာတွေ မြင်တဲ့အတွက် ကျွန်တော် ရယ်ချင်လာပါတယ်၊

ဒါကြောင့်...

ဟက်ဟက်ပက်ပက် ရယ်ချလိုက်ပါတယ်၊

တဟားဟားရယ်နေတဲ့ကျွန်တော့်ကို ခင်မာလှိုင် ပိုကြောက်လာဟန်တူပါတယ်။



'အစ်ကိုကြီး - အစ်ကိုကြီး သတိထားလေ'

သူမအသံနဲ့ အမူအရာက ကျွန်တော့်ကို ပိုရယ်ချင်စိတ်ပေါ်စေတာ အမှန်ပါပဲ။

ဒါကြောင့် ပိုရယ်မိပါတယ်။

သူမကတော့ ကျွန်တော့်ကို သွက်သွက်ခါ ရူးသွားပြီလို့ ထင်မှာပါ၊

www.burmeseclassic.com

## အခန်း (၂၇)

နောက်တစ်နေ့မနက်မှာ ကျွန်တော် ဘားလမ်း ဇေတီးဝပ်ရှ်းရှေ့ကို အောင်စတင်ကားလေးကို ကိုယ်တိုင် မောင်းသွားပါတယ်။

နာမည်ကြီး ဝတ်လုံတော်ရမင်းများ စုရုံးစကားပြောနေတဲ့ အခန်းထဲကို ဝင်သွားတော့ ဝတ်လုံတော်ရ ဦးဘာဘာက ကျွန်တော့်ကိုကြိုဆိုပါတယ်။

'ဟာ…ဥက္ကဋ္ဌကြီးပါလား၊ ဘာကိစ္စများ ရှိလို့ပါလဲ ကျွန်တော် ဘာကူညီရမလဲ ခင်ဗျ'

'ကျွန်တော့် စည်းစိမ်ဥစ္စာတွေကို အမွေ လွှဲပေးချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ရပါတယ် ဥက္ကဋ္ဌကြီး၊ ဘယ်သူ့ကို လွှဲပြောင်း ပေးချင်ပါ သလဲ၊ ကျွန်တော်စီစဉ်ပေးပါမယ်'

'ကျွန်တော့် အဖေနဲ့ အမေကို လွှဲပေးချင်တာပါ'

ဝတ်လုံတော်ရမင်း ဦးဘတာ ကျွန်တော်တို့ ညီအစ်ကို နှစ်ယောက်ကို အမှုခွဲပေးခဲ့ဘ တာဝန်ယူ လုပ်ဆောင်ပေးခဲ့သူမို့ ကျွန်တော့် မိဘနှစ်ပါးစလုံး ဆုံးပါးသွားကြပြီ ဆိုတာ သိထားပါတယ်။

ကျွန်တော်က ကွယ်လွန်ပြီးပြီဖြစ်တဲ့ မိဘနှစ်ပါးကို အမွေလွှဲ ပေးမလို့ ဆိုတဲ့စကားကြောင့် ဝူးစမ်းသလို ကြည့်ပါတယ်၊

ပြီးမှ အပြင်မှာ ပျံ့ လွင့်နေပြီဖြစ်တဲ့ ကျွန်တော် ရှူးနေပြီဆိုတဲ့ သတင်းကို သတိရလိုက်ဟန်နဲ့....

'ရပါတယ် ဥက္ကဋ္ဌကြီးရယ်၊ ကျွန်တော် ဆောက်ရွက်ပေးမှာပေါ့၊ ဥက္ကဋ္ဌကြီးက အိမ်ပြန်နှင့်ပါ၊ ကျွန်တော် လိုအပ်တဲ့ စာရွက်စာတမ်းတွေလုပ်ပြီး လိုက်လာခဲ့ပါမယ်၊

ဦးဘတာ ကျွန်တော့်ကို ချော့မော့ပြီး ကားထဲ ပြန်ပို့ပေး ပါတယ်၊

'စိတ်ချပြီးသွားနော် ဥက္ကဋ္ဌကြီး၊ ကျွန်တော် ဥက္ကဋ္ဌကြီး ဖြစ်ချင်တာမှန်သမျှ ဖြစ်အောင်လုပ်ပေးမှာပါ'



ကျွန်တော် ကားမထွက်မချင်း ရုံးထဲကို ပြန်မဝင်တော့မယ့် ပုံတွေလို့ ကျွန်တော် မောင်းထွက်လိုက်ပါတယ်၊

ဦးဘတာ ဦးဆောင်တဲ့ဝတ်လုံတော်ရမင်းများဟာ တစ်နေ့လုံး ကျွန်တော့်အကြောင်းကို ပြောနေကြမှာပါ။

သေဆုံးပြီးဖြစ်တဲ့မိဘတွေကို အမွေလွှဲပေးချင်တယ် ဆိုတာ ကျွန်တော့်ကို လူကောင်းတစ်ယောက်လို့မြင်နိုင်ကြပါ့မလား၊ ဘယ်မြင်နိုင်တော့မလဲ၊

သူတို့အဖို့ ကျွန်တော် ရူးနေပြီဆိုတဲ့စကားဟာ ခိုင်လုံမှု ဖြစ်သွားပါပြီ၊

ကျွန်တော် လိုချင်တဲ့အချက်ကလဲ ဒါပါပဲ၊

နောက်ထပ် သုံးလေးရက်ကြာတဲ့အခါမှာ ကျွန်တော် ပိုလ်တဆောင်ဂါတ်တဲကို ကားမောင်းပြီးသွားလိုက်ပါတယ်၊

ပုလိပ်လေးတွေက ကျွန်တော့် သိပြီးသားဖြစ်တဲ့ အတွက် ကြိုဆိုကြပါတယ်၊

'ဌာနာအုပ်ရှိသလားဗျာ'

'ရှိပါတယ် ဆရာ'

ကျွန်တော့် အသံကြောင့် ဌာနာအုပ် ဦးခင်မောင်လေးက မော့ကြည့်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



'ဪ…ဦးမင်းမောင်ပါလား၊ ဘယ်က လှည့်လာသလဲ၊ ကျွန်တော် ဘာကူညီရမလဲ'

'ကျွန်တော် လာအဖမ်းခံတာ ဌာနအုပ်မင်း'

'ဟင်…ဘာဖြစ်လို့လဲ ဦးမင်းမောင်'

'ကျွန်တော် အခုပဲ လူတစ်ယောက်ကို ကားနဲ့တိုက်သတ်ခဲ့လို့ပါ'

'ဟာ…ဒုက္ခပါပဲ၊ ဘယ်နားမှာလဲ ဦးမင်းမောင်'

'စပတ်လမ်းထိပ်မှာပါ၊ တိုက်မိပြီး ကျွန်တော် ဆင်းကြည့်တော့ အဲဒီလူဟာ ပွဲချင်းပြီးသေနေပြီဗျ၊ အနားက လူတွေ ဝိုင်းအုံလာတော့ ကျွန်တော်လဲ ဒီအရောက် ထွက်ပြေးလာတာပဲ'

'ဒါဆို အခင်းဖြစ်တဲ့နေရာကို ကျွန်တော်တို့ လိုက်သွားကြတာပေါ့၊ လာဗျာ ဦးမင်းမောင်၊ ခင်ဗျားလဲ ပြန်လိုက်ခဲ့ပေါ့'

ပုလိပ်ကားတစ်စီးနဲ့ ကျွန်တော့်ကားတစ်စီး စပတ်လမ်းထိပ်သွားကြပါတယ်။

ပုလိပ်တွေက ကျွန်တော်ပြတဲ့နေရာကိုဆင်းပြီး ကြည့်ကြပါတယ်။

ဘာအလောင်းမှ မရှိပါဘူး။ ဒါကြောင့် သူတို့အနီးပတ်ဝန်းကျင်ကို စုံစမ်းကြပါတယ်။



အားလုံးက ကားတိုက်မှု မဖြစ်ပါဘူးလို့ပဲ ဖြေကြပါတယ်။

ဦးခင်မောင်လေးက…

'ဘယ်မှာတိုက်မိတာလဲ ဦးမင်းမောင်၊ ဒီနားမှာယာဉ်တိုက်မှု လုံးဝမရှိဘူးတဲ့'

'ဒီနေရာမှာ တိုက်တာဗျာ၊ ခင်ဗျားတို့ မဖမ်းရင်ကျွန်တော် အိမ်ပြန်တော့မယ်၊ ဗိုက်ဆာလာပြီ'

ပြောပြောဆိုဆို ကျွန်တော့်ကားကို မောင်းထွက်လာလိုက်ပါတယ်။ ကိုခင်မောင်လေးတို့ ပုလိပ်အဖွဲ့ကတော့ ကျန်နေခဲ့ပါတယ်။

ဒီအဖြစ်အပျက်လောက်နဲ့ ကျွန်တော် ရူးထွက်နေသလို့ မလုံလောက်နိုင်လို့ တွေးမိတဲ့အတွက် ညဘက်မှာ ဂါတ်တဲကိုဖုန်း ထပ်ဆက်ပါတယ်။

'ဦးခင်မောင်လေးလား၊ ကျွန်တော် မင်းမောင်ပါ၊ ကျွန်တော့် အိမ်ထဲကို လူတစ်ယောက်ခိုးဝင်လာလို့ ကျွန်တော် သေနတ်နဲ့ပစ်ပြီး ဖမ်းထားပါတယ်။ အမြန်လာခဲ့ပါ'

ဖုန်းဆက်ပြီး ဆယ်မိနစ်အတွင်း ဦးခင်မောင်လေးတို့ ပုလိပ်အဖွဲ့တွေရောက်လာပါတယ်။

သူတို့ရောက်လာတဲ့အချိန်မှာ ကျွန်တော် အိပ်ဆေးသောက်ပြီး အိပ်ပဲနေလိုက်ပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောလွင်ကိုပဲ စစ်ဆေးမေးမြန်းရင်း ကျွန်တော် ရှုံးသွားတော့ပြီ ဆိုတာကို အချက်ပေါင်းများစွာကို ပြောပြပါလိမ့်မယ်။

ဒီလောက်ဆို ပုလိပ်အဖွဲ့က ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌဦးမင်းမောင် ယဉ်ယဉ်ခလေးရှုံးသွားပြီဆိုတာသိသွားကြပါပြီ။

## အခန်း (၂၈)

ကုန်သည်ကြီးများအသင်းကလည်း အရေးပေါ် အစည်းအဝေးတွေလုပ်ကြပါတယ်။

ဥက္ကဋ္ဌလုပ်တဲ့ကျွန်တော့်ရဲ့ ကျန်းမာရေးကြောင့် အသင်းကို ဖွဲ့စည်းပုံအသစ်ပြင်ဖို့ ကြိုးစားကြပါတယ် အစိုးရအဖွဲ့အသီးသီးကို တင်ပြကြပါတယ်။

ဖွဲ့စည်းပုံကို ယာယီအားဖြင့် ပြင်ဆင်ကြပါပြီ။ [illegible] ပါဘူး။

ကျွန်တော်ကလည်း အဖွဲ့အစည်းဥက္ကဋ္ဌနေရာကို [illegible]
[illegible]ကာမဟုတ်တဲ့အပြင် အားလုံး[illegible]

www.burmeseclassic.com



မြင်ခေချင်နေသာဖြစ်တဲ့အတွက် ရည်ရွယ်ချက် အောင်မြင်တယ်လို့ ဆိုရမှာပါ။

မှာတော့၊ ကျွန်တော့်ကို အရှုံးလို့ထင်ခဲ့ချင်တာကတော့ ကျွန်တော်ဟာ အနောက်နိုင်ငံတွေရဲ့ စာပေတွေကို ယေလ့လာထားတဲ့သူဖြစ်တဲ့အတွက် ရှေးသွက်နေသူ ဖြစ်မှုကျူးလွန်တာကို အပြစ်လို့ မရဘူးဆိုတာ သိထားတဲ့အတွက် ဒီလို အားလုံးက ထင်အောင် ကြိုးပမ်းပြင်ဆင်ထားတာဖြစ်ပါတယ်။

ဒီအခြေအနေအတွင်း စံသွန်းဆီကို မင်းခေါင်က ကျွန်တော့် ပုံဖမ်းပြီး နှစ်ခေါက်လောက်သွားတွေ့ပါတယ်

အမှန်က စံသွန်း မခံချင်စိတ်နဲ့ ကျွန်တော့်ကို သတ်အောင် ဆွခပေးနေခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော် ပစ်မှတ်နံပါတ်တစ်ဖြစ်တဲ့ မင်းခေါင်ကို သတ်ဖို့ ကြိုးစားပါတယ်၊

ပထမဆုံး မင်းခေါင်ကိုယ်ပွားအဖြစ် ကျွန်တော်နေရင် ခိုင်လုံရဲ့လားဆိုတာ စမ်းသပ်တဲ့အနေနဲ့ မင်းခေါင်ဟန်ဆောင်ပြီး သူ့အသိုင်းအဝိုင်းများရှိရာကို သွားကြည့်ပါတယ်၊

အဝတ်အစားနဲ့ လေယူလေသိမ်းပြောင်းထားတဲ့ကျွန်တော့်ကို ဘယ်သူကမှ မင်းမောင်လို့ မသိကြပါဘူး။



ဒါ့ကြောင့်ဆို ကိုယ်ပွား ရုပ်ပွားဖန်တီးမှု အောင်မြင်နိုင်ပါပြီ။

ကျွန်တော် မင်းခေါင်းပုံစံမျိုးနဲ့ပဲ အိမ်ကို ပြန်လာလိုက်ပါတယ်။

ခင်မာလှိုင်က...၊

'မောင်ပြန်လာပြီလား၊ မောင့်အစ်ကို ဟိုအရှုံးကြီး ခုတစ်လော စိတ်တွေ အရမ်းဖောက်နေတာ၊ အမာဖြင့် ကြောက်လိုက်တာ'

'ဟုတ်လား အမေ'

'ဟုတ်တယ် မောင်'

'အင်း...ကိစ္စကတော့ မြန်မြန်ရှင်းမှဖြစ်မှာပါ၊ ကဲ...မောင် ပြန်သွားလိုက်ဦးမယ်၊ ကိစ္စပြီးမှ အမာ့ကို အကြောင်းကြားမယ်'

'အင်း...အင်း...အင်း'

ခင်မာလှိုင်ကိုယ်တိုင် ကျွန်တော့်ကို မင်းခေါင်အဖြစ် ဆက်ဆံလိုက်တဲ့အတွ ကျွန်တော် ပျော်သွားပါတယ်။

ဒီလောက်ဆို ကျွန်တော့် ရည်ရွယ်ချက် အောင်မြင်ပါပြီ ဒါကြောင့် ချက်ချင်း ငှားရမ်းထားတဲ့အိမ်ကိုပြန်ပြီး နဂိုပုံစံ ပြောင်းလဲဝတ်လိုက်ပြီး အောက်ပါအတိုင်း စာတစ်စောင် ရေးလိုက်ပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေကြီး ကိုမင်းခေါင်...

မိတ်ဆွေကြီးရဲ့ အစ်ကိုနဲ့ ပတ်သက်သော ကိစ္စတစ်ခု ဆွေးနွေး လိုပါသဖြင့် ဗိုလ်တထောင် ကမ်းနားလမ်း နဂါးဟိုတယ် အခန်း(၄)မှာ စောင့်နေပါမယ်၊ အမြန် ချက်ချင်း ကြွရောက်ခဲ့စေလိုပါတယ်။

စံထွန်း

စာကို မင်းခေါင်ရှိနေတဲ့ ဇိမ်ခံဟော်တယ်များရှိရာအိမ်ကို ကလေး တစ်ယောက်ကို မုန့်ဖိုးပေးပြီး ပို့ခိုင်းလိုက်ပါတယ်။

စာပေးပြီးတာနဲ့ ကျွန်တော်ကိုယ်တိုင်လဲ ကမ်းနားလမ်းရှိ နဂါးဟိုတယ်ကို သွားပါတယ်၊

လက်ထဲမှာ ပါလာတဲ့အဝတ်အစားအိတ်ကို စားပွဲအောက်မှာ ချထားလိုက်ပြီး အရက်အကောင်းစားများကို မှာယူလိုက်ပါတယ်၊

အရက်ထဲကို ဆေးအချို့ခပ်ထားလိုက်ပြီး ကျွန်တော် ခန္ဓာကိုယ်ကိုလည်း အရက်သောက်ထားတယ်ထင်အောင် ဆွတ်ဖြန်းထားလိုက်ပါတယ်။

မကြာပါဘူး မင်းခေါင်ရောက်လာပါတယ်၊ မြက်ဦးထုပ်ကို မပ်ငိုက်ငိုက် ဆောင်းထားပြီး ကျွန်တော်က စံထွန်း လေသံနဲ့...



'ကိုမင်းခေါင် ရောက်လာပြီလား၊ ကျုပ်နာမည်က စံထွန်းပါ...'

'ဟုတ်ကဲ့၊ ကျွန်တော်က မင်းခေါင်ပါ၊ ကျွန်တော့်ကို ချိန်းတဲ့ကိစ္စက...'

'ပြောမှာပေါ့ဗျား၊ ခင်ဗျားတို့ ညီအစ်ကိုနှစ်ယောက်အကြောင်းအနေကို ကျုပ် သိထားပါတယ်၊ ခင်ဗျားအစ်ကိုကို ခင်ဗျား လုပ်ကြံတာ အကြိမ်ကြိမ်ရှိခဲ့ပေမယ့် မအောင်မြင်ခဲ့ဘူးဆိုတာလဲ သိပါတယ်'

'ခင်ဗျားကို ဘယ်သူပြောလဲ'

'ကျုပ် ထောင်ကလွတ်လာခါမှာ ခင်ဗျားလုပ်ကြံခိုင်းတဲ့ အောင်ဘတို့အုပ်စု ထောင်ထဲရောက်လာတယ်လေဗျာ၊ ဒီတော့ ကျုပ် သိထားတာပေါ့'

ကျွန်တော့်စကားကို မင်းခေါင် ယုံကြည်သွားပုံပါပဲ၊

အမှန်က မင်္ဂလာဒုံမှာ ဓားပြတိုက်ခဲ့တဲ့သတင်း သတင်းစာမှာ ပါလာတုန်းက နာမည်ကိုမှတ်ထားပြီး ကျွန်တော်က ပြောတာပါ၊

'အဲဒါဘာဖြစ်လဲ၊ ကျွန်တော့်အစ်ကိုကို ပြန်ပြောမှာလား ဆိုပြီး ခြိမ်းခြောက်မလို့လား၊ ကျွန်တော့်ကို အဲဒါမျိုးလုပ်လို့ရမယ် ... အကြားမှားသွားလိမ့်မယ်'

www.burmeseclassic.com



'မဟုတ်ပါဘူး ကိုမင်းခေါင်ရယ်၊ အတွေး လွဲမနေစမ်းပါနဲ့၊ ကဲ...စားရင်း သောက်ရင်း စကားဆက်ပြောကြတာပေါ့ဗျာ'

ကျွန်တော်က ဖန်ခွက် ထိုးပေးလိုက်တော့ အရက်ကြိုက်တဲ့ မင်းခေါင်ဟာ ဟန်တောင်မဆောင်နိုင်ပါဘူး။

လှမ်းယူလိုက်ပါတယ်၊

ဆေးခပ်ထားတဲ့အရက်က ပိုမူးစေမှာပါ။

မင်းခေါင်က အရက်ကိုမော့လိုက်ပြီး....

'အားပါး...တယ်ကောင်းတဲ့ အရက်ပါလား၊ ကဲ...ပြောစမ်းပါဦး ကိုစံထွန်း၊ ကျုပ်ကိုစွ ခင်ဗျားသိထားတာနဲ့ ဒီကိုချိန်းတဲ့ကိစ္စ ပတ်သက်ပုံ'

'ဖြေမှာပေါ့ဗျာ၊ အမြည်းစားပါဦး'

မင်းခေါင်က စံထွန်းကို ဂရုသိပ်မစိုက်တဲ့ဟန်နဲ့ မကြည့်တဲ့နေတဲ့အတွက် စံထွန်း ဟန်ဆောင်နေတဲ့ ကျွန်တော့်အဖို့ ပိုကောင်းနေပါတယ်၊

သူက အရက်ကို အရသာခံသောက်ပြီး အမြည်းစားလိုက် သောက်လိုက်ပဲ လုပ်နေပါတယ်၊

'တကယ်တော့ ခင်ဗျားအစ်ကို မင်းမောင်နဲ့ ကျုပ်ဟာ ရန်သူတွေပါ ကိုမင်းခေါင်၊



ခုတစ်လော သူက ကျွန်တော့်ကိုသတ်ပစ်ဖို့ ကြိုးစားနေတယ်လို့ ကြားရတယ်ဗျ၊

ခင်ဗျားကလည်း သူ့ကို သေစေချင်နေတဲ့သူဆိုတော့ ကျုပ်က သတ်ပေးမယ်၊

ခု ပိုက်ဆံပေးစရာမလိုဘူး ကိစ္စပြီးအောင်မြင်မှပဲ ပေး၊

'ကျုပ်က ဘယ်လောက်ပေးရမှာလဲ'

'သုံးထောင်လောက်ပေါ့ဗျာ၊ မများပါဘူး'

'ဟား...ဟား...ဟား သုံးထောင်က မများဘူးလား ကိုစံထွန်းရ၊ ခင်ဗျားမသတ်ရင် ကျုပ်အစ်ကိုက ခင်ဗျားကိုသတ်မှာမို့ ခင်ဗျားက သတ်မယ့်ကိစ္စကို ကျုပ်ဆီမှာ ငွေတောင်းရသေးလားဗျာ....

'ခင်ဗျားဘာသာသတ်ချင်သတ် မသတ်ချင်နေ ကျုပ်က တစ်ပြားမှ မပေးနိုင်ဘူး'

'တကယ် မပေးဘူးလား'

'မပေးပါဘူးဗျာ၊ကျုပ်အစ်ကိုလိုခြိမ်းခြောက်တိုင်း ကြောက်တဲ့လူစားမျိုး မဟုတ်ဘူးဗျာ'

'ခင်ဗျားအစ်ကိုကို မသတ်ချင်ဘူးလား'

'သတ်ချင်ပါဘူးဗျာ၊ ကျုပ်အစ်ကိုအရင်းကို ကျုပ်ကသတ်ချင်ပါ့မလား'

www.burmeseclassic.com

www.burmeseclassic.com



ခင်းခေါင်က ပြတ်ပြတ်သားသားငြင်းလိုက်ပြီး အရက်ခွက်ကို ကောက်ပြီး မော့လိုက်ပါတယ်။

'မေးလဲနေမပေါ့ဗျာ၊ ကျုပ်ကတော့ သတ်ရမှာပဲ'

'ဒါက ခြင်ဗျားသဘောပဲ၊ ကျုပ်ကတော့ တားဆီးစရာမလိုဘူးလို့ တိုက်တွန်းရုံလေး မလိုပါဘူး'

'ခင်ဗျား ကျုပ်ကို အကြိမ်ကြိမ်တိုက်တွန်းခဲ့ပါတယ်'

'ဘာတွေပြောနေတာလဲ၊ ခင်ဗျားနဲ့ ကျုပ်က ခုမှ တွေ့ဖူးတယ်လေ'

'မင်းမောင်ယောင်ဆောင်ပြီး စံထွန်းကို ခြိမ်းခြောက်လို့ သွယ်ဝိုက်သတ်နိုင်းနေတာ မင်းခေါင်လေ၊ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က ဒီအခန်းထဲမှာ စံထွန်းနဲ့လာတွေ့တာ မင်းမောင် အမည်ခံထားတဲ့ မင်းခေါင်ပဲ'

'ဟား...ဟား...ဟား ကြိုက်ပြီဗျို့၊ ခင်ဗျားသိတာတွေက များလှပါလား၊ ကျုပ်အစ်ကို လူငှားသတ်ခိုင်းတာတင် သိရုံမကသေးဘဲ၊ ကျုပ်အစ်ကို ဟန်ဆောင်တာလဲ သိတာပဲ မဆိုးပါဘူး...

'ခင်ဗျားမှာ အချည်းအချင်းရှိသားပဲ၊ ဒါပေမယ့် ဒီအချည်းအချင်းလောက်နဲ့ ကျုပ်အစ်ကို လုပ်ကြံလို့မရဘူးဗျ၊ လက်နက်ကိုင် အုပ်စုလိုက်နဲ့ လုပ်ကြံတာတောင် မရဘူးနော်'



မင်းခေါင်က စံထွန်းပုံ ဖမ်းထားတဲ့ ကျွန်တော်ကို သေအောင် ကျွသွားခဲ့ရပါတယ်။

ဒီအချိန်မှာ....

ကျွန်တော်က ခါးမြောင်တစ်ချောင်းကို စားပွဲပေါ် တင်လိုက်ပါတယ်။

ဒါကိုကြည့်ပြီး မင်းခေါင်က...

'သေနတ်သမားတွေငှားပြီး လုပ်ကြံတာတောင် မရတဲ့သူကို ခင်ဗျားခါးမြောင်လောက်တော့ ကျုပ်အစ်ကိုက မဖြုံပါဘူးဗျာ'

'ခင်ဗျားက ကျုပ်ကို အထင်သေးတာလား'

'အထင်မသေးပါဘူးဗျာ၊ ဒါပေမယ့် ကျုပ်အစ်ကို ပိုအထင်ကြီးလို့ပါ၊ တကယ်လို့များ ကျုပ်အစ်ကိုကို အောင်အောင်မြင်မြင်လုပ်ကြံနိုင်မယ်ဆိုရင် ကျုပ်က ဆုငွေတစ်သောင်းထပ်မေးဦးမယ်'

'တကယ်ပေးမှာလား၊ ကျုပ်က သုံးထောင် တောင်းတာကျတော့ မပေးဘူးဆို'

'မပေးဘူးလို့ ပြောတာ အောင်မြင်မယ်မထင်လို့ပေါ့ ဗျာ၊ တကယ်အောင်မြင်ရင် ဝ၂စ်သောင်းပေးပါမယ်'

ဒီစကားဆုံးတဲ့အခါ ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသံဖျက်ပြီးပြောနေတဲ့ကျွန်တော့်ဟာရယ်သံကိုတော့မဖျက်နိုင်ပါလား။

မင်းခေါင် အံ့အားသင့်စွာ လှမ်းကြည့်လိုက်တဲ့အခါ ကျွန်တော် မြက်ခမောက်ကိုချွတ်လိုက်ပါတယ်၊

'ဟင်....ကိုကို'

'အေး....ငါပဲ မင်းခေါင်၊ ခုတော့ မင်း ဘာပြင်းချင်သေးလဲ၊ အစ်ကိုအရင်းအပေါ်မှာ သစ္စာမဲ့တဲ့ကောင်'

'ကိုကို အပေါ် ညီလေး သစ္စာမဲ့ခဲ့တာ အမှန်ပါဘဲ၊ ဒါပေမယ့် ဒါတွေအားလုံး ကိုကို မိန်းမ ခင်ခသွင်ခိုင်းလို့ လုပ်မိတာပါ'

'အဲဒါ ငါသိပါတယ်ကွာ၊ မင်းတို့ မျောက်ဇာတ်ခင်းနေကတည်းက သိနေတာပါ၊ တမင် မသိချင်ဟန်ဆောင်နေတာပါ....'

'ဟုတ်ပါတယ် ကိုကို၊ ညီလေးမှားခဲ့ပါတယ်၊ ဒါပေမယ့်'

'တော်စမ်းကွာ၊ ယောကျ်ားမဟုတ်သလို ဟိုပြော ဒီပြော တွေ လျှောက်ပြောမနေနဲ့၊ ငါ ခွင့်လွှတ်ခဲ့တာ အကြိမ်ပေါင်း များနေပြီ၊ ဒီတစ်ခါတော့ မရတော့ဘူး၊ ကဲ....ကြည့်ရှောင်'

ကျွန်တော်က စားပွဲပေါ်က ဓားမြှောင်ကို ကောက်ယူလိုက်ပြီး ခိုက်ထိုးဟန်ပြလိုက်ပါတယ်။

ဒါကို မင်းခေါင်က ညာလက်ဖျန့်နဲ့တားဖို့ ပြင်ပါတယ်၊

အမှန်က ကျွန်တော်ထိုးတဲ့ လမ်းကြောင်း အဖြောင့်ထိုးတာမို့ သူတားတဲ့လမ်း လွဲသွားပြီး လည်ပင်းကို တိုက်ရိုက်ဝင်သွားပါတယ်။



မင်းခေါင်ဟာ အသံတောင် မပြုနိုင်ဘဲ ကုလားထိုင်ပေါ် ပြန်ထိုင်ကျသွားပါတယ်၊

လည်ပင်းကို ထုတ်ခြင်းခတ် ထွက်သွားတဲ့ ဓားမြှောင်ကို ပြန်ဆွဲထုတ်လိုက်တဲ့အခါ ခွီးခနဲ အသံထွက်ပြီး အသက်လည်း ထွက်သွားပါတယ်၊

ကျွန်တော် ဓားကို လွယ်အိတ်ထဲ ပြန်သိမ်းလိုက်ပါတယ်။

ပြီးတော့မှ အဆင်သင့်ယူလာတဲ့ ကျွန်တော့် အဝတ်အစားတွေကို မင်းခေါင်ကိုမှာ လဲလှယ်ဝတ်ဆင်ပေးလိုက်ပါတယ်၊

သူဝတ်ထားတဲ့ အဝတ်အစားတွေကို လွယ်အိတ်ထဲပြန်ထည့်လိုက်ပါတယ်။

အစီအစဉ်အတိုင်း လွယ်လွယ်ကူကူ ပြီးသွားပါတယ်၊

နောက်ဆုံးတစ်ဆင့် ကျန်ပါတယ်။

သေဆုံးသူ မင်းမောင်ဖြစ်ရေးအတွက် ဆံကြိုးချင်းလဲလှယ်ဝတ်ဆင်လိုက်ပါတယ်၊

ကျွန်တော်တို့ မိဘများကိုယ်တိုင် သည်ဆံကြိုးကြောင့် မင်းမောင်နဲ့ မင်းခေါင်ဆိုတာ ခွဲခြားလို့ရတာဖြစ်တဲ့အတွက် သေဆုံးသူဟာ မင်းမောင်ဖြစ်သွားပြီး ကျန်ရစ်ခဲ့တဲ့ ကျွန်တော်ဟာတော့ မင်းခေါင်ဖြစ်သွားပါပြီ၊

အခန်းထဲမှာ အခြားသဲလွန်စ ကျန်မကျန် စစ်ဆေးလိုက်တဲ့အခါ ဘာမျှသစ်ဟာမှမရှိကြောင်းတွေ့ရတော့မှ စိတ်ထွန်းအသင့် သက်သာနဲ့ ကျွန်တော် ပြန်ထွက်လာလိုက်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြစ်ကမ်းပါးကိုသွားပြီး မင်းခေါင် အဝတ်အစားတွေကို ကျောက်ခဲနဲ့ထုပ်ပိုးပြီး လွှယ်အိတ်ရော ခါးပါ မြစ်ထဲကိုပစ်ချလိုက်ပါတယ်။

ကိစ္စအားလုံး ပြီးတဲ့အခါမှာတော့ အသင့်ငှားထားတဲ့ အိမ်ကို ပြန်လာပြီး ကြိုတင်ချုပ်ထားတဲ့ အဝတ်အစားတွေ ယူလို့ မင်းခေါင်ဘဝကို ပြောင်းလဲလိုက်ပါတယ်။

အဲဒီ အချိန်ကစပြီး ကျွန်တော်ဟာ မင်းခေါင် ဖြစ်သွားပါပြီ။

## အခန်း (၂၉)

နောက်တစ်နေ့မနက်ရောက်မှ ကျွန်တော် အိမ်ကို သွားပြန်ပါတယ်။

အိမ်မှာတော့ မင်းခေါင်ရဲ့ အလောင်းကို ပြင်ဆင်ထားပါတယ်။

အများ ပရိသတ်ကတော့ မင်းခေါင်ရဲ့ အသုဘအဖြစ် ရောက်ရှိသဘင်းမေးကြပါတယ်။

အားလုံး ကျွန်တော် မိတ်ဆွေတွေပါပဲ။

ဒါပေမယ့် ကျွန်တော် မင်းခေါင်လော၊ မင်းခေါင်မိတ်ဆွေတွေနဲ့ မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



မသိဟန်ဆောင်ပြီး အသာနေရတာပါပဲ။

ခင်မာလှိုင်ကလဲ ဟန်ဆောင်ကောင်းစွာ ငိုယိုနေပါတယ်။

သာအာမျှော်ဧည့်သည်များကို ငိုငိုပြီး အလွမ်းဇာတ် ခင်းနေတာ ဘိုင်စကုတ်မင်းသမီး ရှုံးလောက်ပါတယ်။

ကျွန်တော် ရယ်ချင်လွန်းတာကို အတော် မျိုသိပ်ထားရပါတယ်။

ညအတော်နက်မှ ခင်မာလှိုင် အိပ်ရာဝင်ဖို့ ပြင်ရပါတယ်။

ကျွန်တော်က အခန်းဝကို လျှောက်သွားတော့....

'မောင့် လက်ချက်မဟုတ်ဘူးလား'

'ဟုတ်တယ် အမာ၊ သူများကိုငှားပြီးသတ်ခိုင်းတာတစ်ခါမှ မအောင်မြင်လို့ ကိုယ်တိုင်ရှင်းလိုက်ရတာပဲ၊ ကဲ... ဒီနေ့ကစပြီး ကိုယ့်အမာ့ကို လွတ်လွတ်လပ်လပ်ချစ်လို့ရပြီ'

'အို... အဲဒီလောက် အတင့် မရဲနဲ့ဦးလေ၊ ဧည့်သည်တွေရှိတယ် မောင်ရဲ့ ရိပ်မိကုန်ကြလိမ့်မယ်၊ ရက်လည်ပြီးမှ အေးအေးဆေးဆေးတွေ့ကြတာပေါ့နော်'

'မောင် ကြိုးစားထားတာတွေ အတွက် ဂုဏ်မပြုတော့ဘူးလား အမာရဲ့'

'ခဏလေး သည်းခံလိုက်ပါဦး မောင်ရယ်၊ ရက်လည်ပြီးမှ ခါတိုင်းတွေ့နေကြဖြစ်တဲ့ "ပဲခူးကခြံမှာ" ဆုံကြတာပေါ့နော်၊ မောင်က လိုမှာပါတယ်'

ကျွန်တော်က ကလေးဆိုးကြီးဟန်နဲ့ မူပြလိုက်တော့ ခင်မာလှိုင်က အဘောကျသလို ပြုံးပါတယ်။



'နောက်မှ မောင့်သဘောရှိ၊ ခုတော့ ခဏစောင့်လိုက်ပါဦး'

ပြောပြောဆိုဆို ခင်မာလှိုင် အခန်းထဲသို့ ဝင်သွားတဲ့အတွက် ကျွန်တော် မင်းခေါင်အတွက် ပေးထားတဲ့အခန်းကို လှည့်ပြန်လာလိုက်ပါတယ်။

သူ့ကိုသတ်တုန်းက မတုန်လှုပ်ခဲ့ပေမယ့် သူ့အိပ်ရာမှာဝင် အိပ်ဖို့အတွက် ကျွန်တော် စိတ်မသန့်ပါဘူး။

ဒါကြောင့် ဖဲဝိုင်းတွေရှိရာကို ထွက်လာခဲ့ပါတယ်။

ကျွန်တော် ဂ မင်းခေါင်ပဲ။ မင်းခေါင်ဆိုတာ ဖဲယောင်းကစား ဝါသနာပါတယ်လေ။

ဒါကြောင့် ဖဲဝိုင်းမှာ ရက်လည်တဲ့အထိ မထတော့ပါဘူး။

သည်အတွက် ကျွန်တော်ဟာ မင်းခေါင်ဆိုတာ အားလုံးကို ပိုမိုယုံကြည်စေတဲ့အပြင် ကျွန်တော် မိတ်ဆွေ မင်းခေါင်မိတ်ဆွေများ အပေါ် ဟန်ဆောင်ဆက်ဆံစရာ မလိုတော့အောင်ကိုပဲ အာရုံစိုက်နေလိုက်ပါတယ်။

ဟန်ဆောင်ရတာ တကယ်မလွယ်ပါဘူး။

အလွန်မောရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ပုလိပ်ဘက်ကလူတွေအားလုံးက ဦးမင်းမောင်ကို သတ်တဲ့လူဟာ စံထွန်းပဲလို့ဆိုပြီး အမီအရ လိုက်နေကြတဲ့အတွက် ကျွန်တော့်ကို အစစ်အဆေးတောင်မခံရပါဘူး။

ပုလိပ်တွေက မသာကီ ဖြစ်တယ်ဆိုတဲ့ သတင်းကြားထဲက စံထွန်းလဲ ထွက်ပြေးပါတယ်။

သူထွက်ပြေးတာဟာဖြစ်စဉ်ကိုပိုခိုင်လုံသွားစေတာမို့ ကျွန်တော် ဗိုပြီး သဘောကျနေပါတယ်။

ဖြစ်မှုအမှတ်(၁)ကို ရှင်းပြီးပြီမို့ အမှတ် (၂)ကို ရှေ့ဆက်ပြီးကြံစည်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အသုံအရက်အတွင်းမှာ ခင်ညိုဟာ အစအဆုံး တာဝန်ယူ လုပ်ကိုင်ပေးပါတယ်။

မျက်ရည်ကျနေတာ်လည်း ခဏခဏတွေ့နေရပါတယ်။

သူမရဲ့ အသုပ်ရှင် မင်းခမောင်ကို နှမျောသသ ယူကြုံးမရ ဖြစ်နေတာကို တွေ့မနေရပါတယ်။

အကယ်၍များ သေဆုံးသွားသူဟာ မင်းခေါင်လို့သာ သိခဲ့ရင် သူမ ခုလို ငိုကြွေးပါ့မလားလို့ ကျွန်တော်တွေးမိပါတယ်။ မပေါင်းသိုက်ရပေမယ့် မင်းခေါင်ဟာ သူမယောကျ်ားပါ။

ယခု သေဆုံးသူဟာ သူမယောကျ်ားလို့ သိရင်လည်း သူမ ဝမ်းနည်းကောင်းဝမ်းနည်းနိုင်ပါတယ်။

ဒါပေမယ့် သူမကတော့ မင်းခေါင် သေရင် ပူခဲ့ပုံမရှိဘူး။ ကျွန်တော့်ကိုတောင် မင်းခေါင်အမှတ်နဲ့ စကားလုံးဝမပြောဘဲ သူမ လုပ်စရာရှိတာကိုသာ လုပ်နေပါတယ်။

လူလစ်ရင် လစ်သလို ထိတ်တခ်ိဳး ငိုနေတဲ့ သူမကို ကြည့်ပြီး၊ သေဆုံးသူဟာ မင်းခေါင်ပါလို့တောင် သွားပြီးဖွင့်ပြောလိုက်ချင်ပါတယ်။

ဒါပေမယ့် ဖွင့်ပြောလို့မဖြစ်နိုင်ဘူးလေ။

ကျန်တဲ့ အစီအစဉ်တွေအားလုံးပျက်သွားမှာပေါ့။

ဦးမင်းမောင် ကိုယ်ပွား မင်းခေါင်အသုဘမှာ မိန်းမသား နှစ်ဦး ငိုကြွေးကြပါတယ်။

တစ်ဦးက လူရှေ့မှာ ဟန်ပြငိုတဲ့ ခင်မာလွင်၊

တစ်ဦးက လူကွယ်ရာမှာ ထိတ်တခ်ိဳးငိုတဲ့ ခင်ညို၊



သူမတို့ နှစ်ဦးရဲ့ ခံစားချက်ချင်း ဆန့်ကျင်နေမယ် ဆိုတာ ကျွန်တော်သိလိုက်ပါတယ်။

အစကသာ အာမေစီစဉ်တဲ့အတိုင်းလိုက်နာခဲ့ရင် ကျွန်တော် ဒီဘဝရောက်မယ်မထင်ပါဘူး။

ခုတော့ ကျွန်တော့်အဖြစ်ဟာ ညီအရင်းကိုသတ်ပြီး ညီရဲ့ ဟန်ဆောင်နေရတာမို့ အတော် စိတ်သင်းရဲ့ရပါတယ်။

လူလစ်တိုင်း ခင်ညိုက ခိုးငိုရသလို...၊ ခင်မာလွင်ကလည်း လူလစ်တိုင်း မင်းခေါင်အမှတ်နဲ့ ကျွန်တော့်ကို ကြာမှုပါပါ မျက်လုံးများနဲ့ ကြည့်ပြီး၊ အမူအရာအမျိုးမျိုး လုပ်ပြလေ့ရှိပါတယ်။

သူ့ အမူအရာတွေကိုတွေ့တိုင်း ကျွန်တော်ချက်ချင်း ထသတ်ချင်တဲ့ စိတ်တွေပေါ်လာတတ်တာမို့၊ အတော့်ကို စိတ် ချုပ်တည်း ထားရပါတယ်။

'နေနှင့်ဦးပေါ့ ခင်မာလွင်ရယ်၊ ဒီတစ်ခါ အလှည့်ကျတော့ မင်းလင်နောက်ကို လိုက်သွားရမှာပါ'

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

မင်းဒမောင်အမည်ခံ မင်းခေါင်ကိုယ်ပွားအသုဘကိစ္စပြီးတဲ့အခါ လစ်လပ်နေတဲ့ ပွဲရုံ လုပ်ငန်းကြီး မရပ်တန့်ရေးအတွက် ကျွန်တော် ပွဲရုံကို ဆင်းရပါတယ်။

ဒါပေမယ့် ကျွန်တော်က မင်းမောင်မဟုတ်တဲ့အတွက် မင်းခေါင် ပုံစံနဲ့ ပြောရပါတယ်။

'အဖွဲ့သားလုံးကို ကျွန်တော်ပြောချင်တာက ကျွန်တော်ဟာ မိဘများရှိတုန်းကလဲ လုပ်ငန်းကို စိတ်မဝင်စားမိခဲ့သလို၊ ကိုကို လုပ်နေတဲ့အချိန်မှာလဲ စိတ်မဝင်စားခဲ့တာအမှန်ပါပဲ....

'ခုအချိန်မှာတော့ ကျွန်တော် မှာ မလုပ်ဘူးဆိုရင် ဒီလုပ်ငန်းကြီးဟာ ရပ်ဆိုင်းလိုက်ရမှာပါ။ လုပ်ငန်းရပ်ဆိုင်းမယ်ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီလုပ်ငန်းကြီးကိုမှီခိုနေရတဲ့ဝန်ထမ်းမိသားစုတွေအတွက်အခက်အခဲမရှိနိုင်သလို ဆက်သွယ်လုပ်ကိုင်ကြရတဲ့ ကုန်သည်ပွဲစားတွေအတွက်လဲ ဈေးကွက်တစ်ခုလျော့သွားနိုင်ပါတယ်....

'ဒါကြောင့် ဒီကနေ့ကစပြီး ကျွန်တော်က ကိုကို့ ကိုယ်စားပွဲရုံလုပ်ငန်းကို ဦးစီးပေးသွားမှာပါ...

'ဝန်ထမ်းအားလုံးကလဲ ကိုကိုရှိစဉ်ကလိုပဲ ကိုယ့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြပါ....

'မန်နေဂျာကြီး ဖြစ်တဲ့ ဦးဖိုးကတော့၊ လုပ်ငန်းအဝဝစိတ်ချရပြီးသား ဖြစ်ခဲ့အတွက် အရင်ကလိုပဲ ဦးဆောင်မှု ပေးပါ ကျွန်တော် ရှည်ရှည် လျားလျား အမှာစကား ပြောရပါတယ်၊ ဒါမှလဲ ခင်းဖြစ်မှာ မဟုတ်လား....

'ဒီရက်အတွင်းမှာ ပွဲရုံလုပ်ငန်းအတွက် ဘာ အခက်အခဲရှိသေးလဲ ဦးလေးဖိုး'

'ဘာအခက်အခဲမှမရှိပါဘူး ဦးမင်းခေါင်၊ ဦးလေးအကုန်အဆင်ပြေအောင် ဆောင်ရွက်ထားပါတယ်'

'ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ဦးလေး၊ ဒီရက်အတွင်း စာရင်း အင်းတွေယူပြီး ရုံးခန်းထဲကြွခဲ့ပါဦး၊ ဦးလေးနဲ့ကျွန်တော် တိုင်ပင်စရာတွေ တိုင်ပင်ကြတာပေါ့'



ကျွန်တော်က ပြောစကားတွေ ဆုံးသွားတဲ့အခါ ရုံးခန်းထဲ ပြန်ဝင်လိုက်ပါတယ်၊

ဦးလေးဖိုးက စာရင်းအင်းတွေယူပြီး ရုံးခန်းထဲပြန်ဝင်လိုက်လာပါတယ်

စာရင်းအင်းများ စစ်ဆေးကြည့်တဲ့အခါ ဦးလေးဖိုးရဲ့ ရိုးသား ကြိုးစားမှု၊ သစ္စာရှိမှုတွေကို တွေ့ရတဲ့အတွက် ကျွန်တော် အတော် ပီတိဖြစ်ရပါတယ်။

ဒါကြောင့် အတော်လဲ ကျေးဇူးတင်မိပါတယ်၊

နေ့ လုပ်ငန်းစဉ်များအတွက် ဆွေးနွေးတိုင်ပင်ပြီး....

'ကျေးဇူးတင်ပါတယ် ဦးလေးရယ်၊ လုပ်ငန်းကို ဆက်လုပ်ပါတော့၊ ဦးလေး...ခင်ညိုကိုလဲ စာရင်းတွေယူပြီး လာခဲ့ပါလို့ တဆိတ်လောက် ကျေးဇူးပြုပေးပါ'

'အေး...အေး'

ဦးလေးဖိုး ထွက်သွားပြီး မကြာခင် ခင်ညို ဝင်လာပါတယ်။

ခင်ညိုရဲ့ စာရင်းတွေကို စစ်ဆေးကြည့်တော့လည်း အားရကျေနပ်စရာ ကောင်းလှပါတယ်၊

အသုဘရက်က ခင်ညို့ကို သနားသွားမိတဲ့ ကျွန်တော့်ရဲ့ စိတ်ထဲမှ ခင်မင်သွားမိတဲ့အတွက် လုပ်ငန်းကိစ္စ အကြောင်းများများ ပြောမိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ညိုက ကျွန်တော် ပြောနေတဲ့စကားကို အသေအချာ ငေးအော်နားထောင်နေပါတယ်။

ကျွန်တော်ကလည်း အရှိန်ကောင်းကောင်းနဲ့ ပြောနေမိပါတယ်။

နောက်မှ သတိထားမိတဲ့အခါ ခင်ညိုဟာ ကျွန်တော့်မျက်နှာကို ငေးစိုက်ကြည့်နေတာ တွေ့ရပါတယ်။

မင်းခေါင်ဖြစ်နေတဲ့ ကျွန်တော့်ကို အဲသည်လို ကြည့်နေတာ တွေ့ရတဲ့အတွက် စိတ်ထဲမှာ ဒေါသဖြစ်ချင်လာပါတယ်။

သူမဘဝကို ဖျက်ဆီးခဲ့တဲ့သူအပေါ် ကြည့်တဲ့ အကြည့်မှာ သံယောဇဉ်ပါနေသလို တွေ့ရတဲ့အတွက် ကျွန်တော်ဒေါသဖြစ်တာပါ။

မိန်းမဆိုတာ ဒီလိုတွေပဲလားလို့ တွေးမိတာမို့ ခင်မာလွှင်လို မိန်းမမျိုးပဲလို့ ထင်လိုက်မိပါတယ်။

'ငါပြောတာ နားလည်ရဲ့လား ခင်ညို၊ ဘာ ငေးနေတာလဲဟ'

ကျွန်တော် ဒေါသသံနဲ့ ပြောလိုက်ပါတယ်။

သည်တော့ ခင်ညို လန့်ဖြန့်ပြီး....

'နားလည်ပါတယ် အစ်ကိုကြီး'

သူမ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ဖြေလိုက်သံကြောင့် ကျွန်တော် တုန်လှုပ်သွားမိပါတယ်။



အစ်ကိုကြီးဆိုတာ သေသွားတဲ့ ကျွန်တော့်ကို ခေါ်တဲ့ခေါ်ဒေါ်ပါ။

မင်းခေါင် ကိုတော့ မင်းခေါင်လို့ပဲ သူမခေါ်တာ ကျွန်တော် သိထားလို့ပါ။

ကျွန်တော် မင်းခေါင်မဟုတ်မှန်း သူမ သိသွားလို့လား။

'ငါ့ကို ဘယ်လိုခေါ်လိုက်တာလဲ'

ကျွန်တော့်မေးခွန်းကို သူမ ချက်ချင်းပြန်မဖြေပါဘူး။

အတော်ကြာမှ....

'ဪ....ကိုမင်းခေါင်ကအစ်ကိုကြီးကိုယ်စား လုပ်ငန်းရှင်ထဲ ရောက်လာပြီဆိုတော့ ကိုယ့် အလုပ်ရှင်ကို အစ်ကိုကြီးလို့ ခေါ်မိတာပါ၊ အစ်ကိုကြီး ခေါ်တာမကြိုက်ရင် ဘယ်လိုခေါ်ရမလဲဟင်'

သူမ၏ အဖြေစကားကြောင့် စိုးရိမ်စိတ် ပျောက်သွားရပေမယ့် ဒေါသပြန်ဖြစ်သွားပါတယ်။

တကယ်ဆို သူမ ခါးခါးသီးသီး မုန်းတယ်ဆိုတဲ့ မင်းခေါင်ဖြစ်နေတဲ့ ကျွန်တော့်ကို သည်လောက် ရင်းရင်းနှီးနှီးမနေသင့်ပါဘူး။

မိန်းမတို့စိတ်ကို နားလည်ရ အတော်ခက်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



'အဲသလိုမှ မခေါ်နဲ့ သွားတော့ ကိုယ့်အလုပ် ကိုယ်သွားလုပ်'

စိတ်ဆိုးလာတဲ့ ကျွန်တော်ဟာ ခင်ညိုကို မောင်းထုတ်လိုက်ပါတယ်။

ခင်ညိုက အဲသည်တော့မှ မျက်နှာငယ်လေးနဲ့ ကြည့်ပြီး အခန်းအပြင် ထွက်သွားပါတယ်။

သူမ မျက်နှာငယ်သွားတာ မြင်လိုက်ရတဲ့ အတွက် စိတ်မကောင်း ဖြစ်မိပါတယ်။

ဒါပေမယ့် မိန်းမဆိုတာ သနားစရာမှ မဟုတ်တာပဲ။

မင်းလည်း ဘာမှမထူးပါဘူး။

ခင်မာလွင်နဲ့ အတူတူပါပဲ။

ခင်မာလွင်ကို သတိရတာနဲ့ ကျွန်တော် ပွဲရုံက ပြန်လာခဲ့ပါတယ်။

အိမ်မှာ အသင့်တွေ့ရပါတယ်။

'မောင် ဘယ်က ပြန်လာတာလဲ'

'ပွဲရုံကိုသွားကြည့်တာ အမာ၊ ဒီလုပ်ငန်းတွေကို ကိုယ်ပဲ ဆက်လုပ်ရမှာဆိုတော့ သွားလေ့လာထားတာ'

'ကောင်းတာပေါ့ မောင်ရယ်၊ ခုဆို အားလုံးလို မောင် ပိုင်ခဲ့ပြီပဲ'



'အားလုံးမပိုင်သေးပါဘူးကွာ'

'မောင်ကလဲ တေးကလူတွေ ရိပ်မိမှာစိုးလို့ အမာက ဆင်ခြင်နိုင်းတာပါ....

'နည်းနည်းလေးကြာလာတော့ ပွင့်ပွင့်လင်းလင်း ယူကြတာပေါ့နော်....

'ခုတော့ အမာတို့ဆန္ဒအတိုင်း လုပ်လိုက်ရင် ပတ်ဝန်းကျင်က ရိပ်မိရင် မောင့်အတွက် ဟိုကိစ္စပေါ်သွားမှာ စိုးလို့ပါ'

ခင်မာလွင်က ဂေါပြည့်ထိုးနေပေမယ့် ကျွန်တော် ဘာမှပြန်မပြောဘဲ နေနေလိုက်ပါတယ်။

'ကဲ...ဒါဖြင့် ဒီလိုလုပ်၊ မနက်ဖြန် ပွဲဦးကခြံမှာ တွေ့ကြရအောင်၊ အမာလာခဲ့မယ် မဟုတ်လား'

သူမရဲ့ ချော့မြူတားကြောင့် ကျွန်တော် သဘောကျသွားပါတယ်။

မနက်ဖြန်မှာ ကျွန်တော့်ရဲ့ ဒုတိယစီမံချက်ကို အကောင်အထည်ဖော်နိုင်မှာပါ။

ကျွန်တော့် မျက်နှာ ပြုံးသွားတာကိုမြင်မှ သူမက အသံကျယ်ကျယ်နဲ့....

'ကိုမင်းခေါင် ထမင်းစားမလို့လား၊ ဈေးစိန်ရေ ဆာင်ညိုလေးကို ထမင်းခူးပေးလိုက်ပါဟေ့....

www.burmeseclassic.com



'ကိုမင်းခေါင် လာတာနဲ့ အပေါ်စဲ၊ မနက်ဖြန် ကျွန်မ အစ်ကိုကြီး လက်ထက်က အကြွေးဒတ္တ လိုက်တောင်းရမှာမို့ ခရီးထွက်ရမယ်....

'တစ်ပတ်လောက် ကြာနိုင်တယ်၊ ကိုမင်းခေါင် ဒီပြင် သွားစရာ လာစရာမရှိရင် ပွဲရုံဖက် တစ်ခါတလေ ဝင်ကြည့်ပေးပါနော်'

'ဟုတ်ကဲ့ စိတ်ချပါ၊ ဒါပေမယ့် ကျွန်တော်လဲ အလုပ်လေးတွေရှိနေတယ်၊ ဟိုရက်က အစ်ကိုကြီးကိစ္စရှိနေလို့ နားထားရတယ်လေ'

'ဪ— ရပါတယ်၊ ကိုမင်းခေါင်အလုပ်ကို ကိုမင်းခေါင် လုပ်ပါ၊ ကျွန်မပြောတာလဲ ကြုံမှ ပြောတာပါ'

'ဟုတ်ကဲ့'

အိမ်မှာရှိနေတဲ့ အလုပ်သမားတွေ ကြားအောင်ပြောတာမို့ သူမအသံက ခပ်ကျယ်ကျယ် ပြောနေတာပါ။

တကယ်တော့ 'သူမ သွားစရာရှိတယ်ဆိုတဲ့ခရီးဟာ တမလွန်ခရီးဆိုတာ သူမ မသိပါဘူး။

အခန်း (၃၂)

ပဲခူးကို ကျွန်တော်ရောက်နေပေမယ့် ချိန်းထားတဲ့ ခြံထဲကို မသွားသေးဘဲ လက်ဖက်ရည်ဆိုင်မှာ ထိုင်ပြီး နေလိုက်ပါတယ်၊

မကြာခင်မှာ ခင်မာလွင် ဖြတ်သွားပါတယ်၊

သူမ ထွက်သွားပြီး အတော်ကြာမှ ကျွန်တော် မြင်းလှည်းတစ်စီးခေါ်ပြီး လိုက်သွားပါတယ်။

ခြံရှေ့ရောက်မှဆင်းပြီး ခြံထဲကိုဝင်ပါတယ်။

ကျွန်တော် မြင်းလှည်းပေါ်ကဆင်းချိန်မှာ ရှောင်ထွက်သွားတဲ့ခြံစောင့် လှည့်ကြည့်တာကို တွေ့လိုက်ရပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ထဲဒီအချိန်မှာ ကျွန်တော်က စံထွန်းပုံစံ ဖမ်းထားတာပါ။ မြင်းလှည်းရပ်သံကြားလို့ ထွက်ကြိုတဲ့ ခင်မာလှင်ကလည်း စံထွန်းမှတ်လို့ ကြောင်ကြည့်နေပါတယ်။

ကျွန်တော်က အနားရောက်တော့....

'အမာ အိမ်ထဲဝင်လေ၊ ဘေးလူတွေမြင်ကုန်လိမ့်မယ်'

မင်းခေါင် လေသံနဲ့ပြောလိုက်မှ သူမ မျက်နှာဝင်းသွားပါတယ်။

'အမယ်လေး ကိုစံထွန်းလို့ထင်ပြီး လန့်သွားတာပဲ'

အိမ်ထဲရောက်တော့ ကျွန်တော်က သူမကို အသာအယာ ဖလှမ်းက်လိုက်ပါတယ်။

သူမ တစ်ကိုယ်လုံး ရင်ခွင်ထဲရောက်လာပြီး ကျွန်တော့်ကို အားရပါးရ နမ်းရှုပ်ပြီးနေပါတယ်။

ဟိုတစ်ချိန်က ဒီလို အထိ အတွေ့လေးဟာ ကျွန်တော် အဟွက် နိဗ္ဗာန်ဘုံတစ်ခုဖြစ်ခဲ့ပေမယ့် ယခုအချိန်မှာတော့ မီးလို ပူလောင်လှပါတယ်၊ ဒါကြောင့် မသိသော လူချင်း ခွာလိုက်ပါတယ်၊



'မောင်က ရုပ်ပြောင်းရုပ်လွှဲ အတော်တော်တောင်းထာပဲနော်၊ အမာလေ တွေ့တွေ့ချင်း တကယ့်ကို ကိုစံထွန်း အောင်းမေ့လို့ လန့်သွားတာပဲ သိလား'

'ဒါဖြင့် မောင် ရုပ်ဖျက်တာ တကယ်တူတယ်ပေါ့'

'တူတာပေါ့မောင်ရယ်၊ ဒါကြောင့်လဲ ဟိုလူကြီးကို မောင်သတ်နိုင်တာကို ဘယ်သူမှ မသိကြဘဲ ကိုစံထွန်းလို့ပဲ တစ်ထစ်ချ ထင်နေကြတာကိုး၊ ခုရော မောင်က ဘာစိတ်ကူးနဲ့ ကိုစံထွန်းပုံစံ ရုပ်ဖျက်လာရတာလဲ'

'ခုလဲပဲ ကိုစံထွန်းသတ်တယ်လို့ပဲ ထင်ကြအောင်ပေါ့ အမာရယ်'

'ရှင်....ဘာပြောတယ်မောင်'

'ကျုပ်ရုပ်ဖျက်ထားတာ စံထွန်းနဲ့တူသလို မင်းခေါင်နဲ့ရော တူထယ် မဟုတ်လား'

'ရှင်....'

'ဪ မင်းခေါင်နဲ့လဲ တူတယ် မဟုတ်လားလို့ မေးတာပါ'

'ရှင်....ဒါဆို ရှင်ဟာ....ရှင်'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တာပေါ့ ဒေါ်ခင်မာလှိုင်ရယ်၊ ကျုပ်က မင်းမောင်အစ်ပါ၊ ရေမရောပါဘူး၊ ဘယ့်နှယ်လဲ လင်ငယ်နေ လင်ကြီးကို သတ်ချင်တဲ့ မိန်းမ၊ အကြံအစည် အောင်ပြီဆိုပြီး တော်တော် ပျော်နေမှာပေါ့'

သူမဟာ ကြောက်လန့်သွားလို့လား၊ အံ့သြမင်သက်မိသွားတာလားတော့မသိပါဘူး၊ အသံမထွက်နိုင်တော့ဘူး၊

'သုံးကျောင်းခပြောင်းတဲ့ရှင်၊ သုံးလင်ပြောင်းတဲ့မိန်းမ စိတ်မချရဘူးဆိုတဲ့ နီတိစကားကို မှန်ကန်ကြောင်းသက်သေပြလိုက်တာပေါ့ ဟုတ်လား၊ ဒီလောက်ဘောင် သစ္စာမဲ့ ဖောက်ပြန်တတ်တဲ့မှင်းကို လူ့ပြည်မှာ ဆက်ထားရင် မှားမှာပေါ့၊ ဒီတော့နင့်လင်ငယ်နောက်လိုက်သွားပေတော့'

'အမာ မှားခဲ့မိပါတယ် အစ်ကိုကြီးရယ်၊ အမာ့ကို ခွင့်လွှတ်ပါ'

'ဟား...ဟား...ဟား ခွင့်လွှတ်ရမယ် ဟုတ်လား၊ စဉ်းစဉ်းစားစားလဲ ပြောစမ်းဟာ၊ နင့်လို မိန်းမယုတ်နဲ့ ခွင့်လွှတ်တယ်ဆိုတဲ့စကား တန်လို့လား၊ ထပ်မပြောနဲ့'

'အမာ...အမာ'

သူမက တောင်းပန်ဖို့ ပြင်နေချိန်မှာပဲ ကျွန်တော့် လက်ထဲက ဓားမြှောင်ဟာ သူမလည်ပင်းကို စိုက်ဝင်သွားပါတယ်။



ဓားပြန်ဆွဲ နှုတ်လိုက်တဲ့အချိန်မှာ သူမ အသက်မရှိတော့ပါဘူး။

ကျွန်တော် အေးဆေးအေးဆေးခြံထဲက ပြန်ထွက်လာပြီး လိပ်ပြာကန်ထောင့်မှာ ဓားကို ရေကန်ထဲ ပစ်ချလိုက်ပါတယ်၊ လိပ်ပြာကန်ထိပ်မှာ ကျွန်တော်ငှားထားတဲ့ကား စောင့်နေပါတယ်၊ ကားပေါ်တက်ပြီး ရန်ကုန်ကို ပြန်လိုက်လာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

နောက်တစ်နေ့ ပွဲရုံမှာ ကျွန်တော်ရှိနေတုန်းမှာ ခင်မာလွင် အသတ်ခံရတဲ့အကြောင်း ပုလိပ်တွေက လာပြောပါတယ်၊

ကျွန်တော်က မင်းခေါင်ပုံစံနဲ့ အလောင်းကို ရန်ကုန် ပြန်မယူတော့ဘဲ ပဲခူး မှာတင်သင်္ဂြိုဟ်ဖို့ စီစဉ်လိုက်တယ်၊

ဒီလို စီစဉ်ပေးနိုင်ဖို့ ပဲခူးပုလိပ်အဖွဲ့ကိုပဲ အကူအညီတောင်း ရပါတယ်၊

နောက်ပြီး....

ပဲခူးမှာရှိနေတဲ့ ခင်မာလွင်ရဲ့ဦးလေး ဦးလှမောင်ကိုငွေပေး ပြီး ငှါးကြက်ခိုင်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



**မိတ်ဆွေကြီး ကိုမင်းခေါင်—**

**ခင်မာလွင်** အသုဘကိစ္စ အေးအေးဆေးဆေးပြီးသွားပါ တယ်။

အရင်က လက်စားချေ 'သတ်ချင်တဲ့စိတ်များနေတဲ့ ကျွန်တော်ဟာ နှစ်ယောက်လုံးကိုသတ်ပြီးမှ တုန်လှုပ်ချောက်ချားနေ မိတယ်။

စားမဝင်၊ အိပ်မပျော်နဲ့ အတော့်ကို စိတ်ဒုက္ခကြီးစွာခံ စားနေရတာမို့ ပုလိပ်ဖက်ကိုသွားပြီးအဖမ်းခံဖို့တောင် အကြိမ် ကြိမ်ကြိုးစားမိပါတယ်။

ဒါပေမယ့် ပုလိပ်အဖွဲ့က တရားခံဟာ စိတ်ထွန်းလို့ပဲ ထင်ပြီး အလဲအမဲ ရှာနေတဲ့အတွက် အဖမ်းခံမဲ့စိတ်ကူး ပျောက်သွား ပါတယ်၊

တစ်ယောက်တည်းနေရင် တုန်လှုပ် ခြောက်ခြား နေမိတာ ကြောင့် ကျွန်တော့်ရှုံးခန်းထဲကို ခင်ညို စားပွဲပြောင်းခိုင်းလိုက် ရပါတယ်။

သူမ အနားမှာရှိနေတော့ စိတ်နည်းနည်း သက်သာသလို ပါပဲ၊

သူမကလည်း အနီးကပ်နေရချိန်မှာ ကျွန်တော့်ကို အစစ အရာရာ ဂရုစိုက်ပေးတဲ့အတွက် ခံစားနေရတဲ့ စိတ်ရောဂါကြီး လျော့ပါးစေရမယ့် မင်းခေါင်ဖြစ်နေတဲ့ ကျွန်တော် ပြုစုပေး နေတာကို မငြင်းနိုင်ပါဘူး။



ယှမရဲ့ ဂရုစိုက်မှုကို သာယာသလို ဝေသလဲ ထွက်မိတဲ့ အတွက် ရှုံးချင်ဟန်ဆောင်ခဲ့တဲ့ ကျွန်တော်ဟာ တကယ်ကို ရှုံး ချင်လာပါတယ်၊

'ခင်ညို'

'ရှင်'

'ငါ...ဘယ်သူလဲ'

'အစ်ကိုကြီးကလဲ၊ ကိုယ့်ဘာသာကိုယ် ဘယ်သူမှန်း မသိ ဘူးလား'

'ငါက သိဘာပေါ့ဟာ၊ နင့်ကို မေးနေတာ'

'ကိုမင်းခေါင်ပါ'

တစ်လောကလုံးက ကျွန်တော့်ကို မင်းခေါင်အဖြစ်သိထား စေချင်တဲ့ ကျွန်တော်ဟာ သူမအဖြေကို မကျေနပ်မိပါထိး၊

'နင် အရင်က မင်းခေါင်ကို ကြည့်ရဘူးဆို'

ကျွန်တော့်ရဲ့အမေးကို သူမ ပြန်မဖြေပါဘူး၊

'ဖြေလေဟာ၊ ငါမေးနေတာကို'

ထပ်မေးပေမယ့် မဖြေပါဘူး၊

ဒါကြောင့် ကျွန်တော်က ပြောလိုက်ပါတယ်'

'ကဲ...ညီမလေး နားထောင်နော်၊ အစ်ကိုကြီးပြောပြမယ်၊ ငါ့ကိုလဲ ဘာမှ ပြန်မမေးနဲ့၊ ငါပြောတာကိုသာ သဘောတူ ကယ် မတားဘဲ ဖြေ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကို'

'ငါ နှင့်ကိုလက်ထပ်ချင်တယ်၊ နှင့် ငါ့ကို ပေါင်းချင်ပေါင်း မပေါင်းချင်နေ၊ တရားဝင်လက်ထပ်မှာ၊ ညီမလေးတစ်ယောက် လို ငါ နေပေးပါမယ်....

'ငါသေသွားတာပဲဖြစ်စေ၊ တစ်ခုခုဖြစ်တာပဲဖြစ်စေ၊ ဒီပစ္စည်း ပစ္စယတွေကို တရားဝင်လက်ထပ်ထားတဲ့ ညီမလေးပဲ ရစေချင် တယ်'

'ဟာ...မဖြစ်နိုင်ဘူး အစ်ကိုကြီး'

'ဘာမဖြစ်နိုင်စရာရှိလို့လဲ ညီမလေးရာ၊ အစ်ကိုကြီးနဲ့ လက် ထပ်ရုံလက်ထပ် မောင်နှမလို နေပေးပါမယ်၊ မကြာခင် အစ်ကို ကြီး ဘာဖြစ်မယ်ဆိုတာ မပြောနိုင်လို့ ဒီစည်းစိမ်ဥစ္စာတွေကို ညီမလေးကိုပဲ ပေးခဲ့ချင်လို့ပါ'

'အဲဒါကြောင့် ပိုပြီး မဖြစ်နိုင်တာပါ၊ ဒီလိုပစ္စည်းအတွက် လုံးဝ လက်မထပ်နိုင်ပါဘူး၊ ကျွန်မက ကိုယ့်လုပ်အားနဲ့ကြီး ပွားတာကိုပဲ လိုချင်တာပါ'

'အစ်ကိုကြီးမှာ ဖွင့်ပြောရခက်တဲ့ အကြောင်းတွေရှိနေတယ် ညီမလေး၊ ဒီတော့ လက်ထပ်ဖို့ မငြင်းပါနဲ့ကွာ'

'ခက်တော့တာပဲ အစ်ကိုကြီးရယ်၊ စည်းစိမ်ဥစ္စာတွေမပါ ဘဲနဲ့ ညီမကိုပေါင်းချင်ရင် အချိန်မရွေးလက်ထပ်ပါ၊ ပေါင်းဖို့ စကားပြောလို့အထင်သေးချင်လဲ သေးနိုင်ပါတယ်....



'ဒါပေမယ့် တစ်ခုတော့ ဝန်ခံပါရစေ၊ ခု ပြောနေတာ အစ်ကိုမင်းခေါင်ပဲဖြစ်ဖြစ်၊ အစ်ကိုကြီးမင်းမောင်ပဲဖြစ်ဖြစ် သိ အောင်ပါ....

'ကျွန်မငယ်ငယ်ကတည်းက စိတ်သဘောထား နူးညံ့ သိမ် မွေ့တဲ့ အစ်ကိုကြီးမင်းမောင်ကို တစ်ဖက်သတ် စွဲလန်း ချစ်ခဲ့ရ တာပါ၊ အစ်ကိုကြီး အိမ်ထောင်ပြုသွားတဲ့အခါမှာလဲ သူများ ယောကျ်ားကို မလိုချင်တော့ပေမယ့် ချစ်နေတာက ချစ်နေဆဲ ပါပဲ....

'ဒါပေမယ့် ကျွန်မကသာ ချစ်ရတာပါ အစ်ကိုကြီးက ကျွန်မကို လုံးဝ အသိအမှတ်မပြုခဲ့ပါဘူး'

အစ်ကိုကြီးမင်းမောင် ရက်လည်ဆွမ်းပြီးတဲ့နေ့က ပွဲရုံစာ ရင်းတွေစစ်တော့ အစ်ကိုကြီးပြောနေတဲ့ လေယူလေသိမ်းတွေ ဟာ ကျွန်မ တိတ်တခိုး ချစ်ခဲ့ရတဲ့ သူ့ရဲ့လေသံ ဖြစ်နေပါတယ်၊ သေသွားတာ အစ်ကိုကြီးမင်းမောင်၊ မှန်ခဲ့ရင်တော့ ကျန်ရစ်သူ အစ်ကိုမင်းခေါင်ဆီမှာ အစ်ကိုကြီးဝိညာဉ်က ခိုဝင်နေပါပြီ။

အားလုံးက အစ်ကိုကြီးမင်းမောင် သေပြီဆိုပေမယ့် ကျွန်မ အတွက်တော့ အစ်ကိုကြီးဟာ ကိုမင်းမောင်ပါပဲ၊

ဒါကြောင့်....

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မမှန်းရတဲ့ အစ်ကိုမင်းခေါင်ပဲဖြစ်ဖြစ်၊ အစ်ကိုကြီးမင်းခေါင်ပဲဖြစ်ဖြစ် ကျွန်မကို အချိန်မရွေးခေါ်ပေါ့ပါ။

ချစ်ရတဲ့ အစ်ကိုကြီးနဲ့ ပေါင်းခွင့်ရတယ်ဆိုပြီး ကျွန်မ ဝမ်းသာမှာပါ။

ဒါပေမယ့် စည်းစိမ်ဥစ္စာပေးတာကိုတော့ လက်မခံပါရစေနဲ့'

သူမဟာ အရှက်ကို မငဲ့ဘဲ ရဲရဲဝံ့ဝံ့ ပြတ်ပြတ် သားသားအများကြီး ပြောပါတယ်၊

သူမရဲ့ ရိုးသားမှုနဲ့လင်းတဲ့ စကားကြောင့် ကျွန်တော် ဘာကိုဝမ်းနည်းမှန်းမသိဘဲ မျက်ရည်တွေကျလာမိပါတယ်။

'တော်ပါတော့ ညီမလေးရယ်၊ ဆက်မပြောပါနဲ့တော့ ဘာဖြစ်ဖြစ် အစ်ကိုကြီးစီစဉ်တာကို လက်ခံလိုက်ပါ။ အစ်ကိုကြီး တစ်စုံတစ်ခုဖြစ်ရင် အနောက်တမနေ စီမံခန့်ခွဲနိုင်တာ အလှူအတန်းပြု အမှုအကန်း ပေးဝေနိုင်တာ ညီမလေးပဲ ရှိလို့ပါ၊ အစ်ကိုကြီးမျှော်လင့်ချက်တွေ မပျက်စီးအောင် လုပ်သင့်ခံပေးပါနော်'

ကျွန်တော် ဒီလောက် ထိခိုက်လှုယ်လိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့မိဘူး။



ဒီစကားတွေကို မျက်ရည်ကျရင်း ပြောမိတယ်၊

ဒါအပြင် သူမပခုံးလေးကို ဖက်ထားမိပါတယ်၊

သူမလည်း အလိုက်သင့် ရင်ခွင်ထဲကိုရောက်လာပြီး....

'ဒီလိုပြောတဲ့ လေယူလေသိမ်းနဲ့ မျက်လုံးတွေက ကျွန်မချစ်တဲ့ အစ်ကိုကြီးပါပဲ၊ ဘယ်သူတွေကအစ်ကိုကြီး မင်းမောင်သေပြီပြောပြော ကျွန်မအတွက်ကတော့ အစ်ကိုကြီးမင်းမောင်ရှင်နေပါသေးတယ်၊ ဒီတော့ အစ်ကိုကြီး စိတ်ချမ်းသာသလို စီစဉ်ပါတော့'

သူမရဲ့စကားကြောင့် ကျွန်တော် ဝမ်းသာအားရ ဖြစ်သွားမိပြီး သူမရဲ့ပါးပြင်ကို မွှေးကြူလိုက်မိပါတယ်၊

သူမကလည်း ပြန်ဖက်ထားလိုက်သည်၊

သူမဟာ မင်းခေါင်ရဲ့မိန်းမပါလားလို့ အတွေးဈာ ဝင်လာမိပြန်သည်၊

ဒီလိုတွေးမိလာတဲ့ ကိုယ်စိတ် ကိုယ့်လိပ်ပြာမလုံ ဖြစ်သွားပါတယ်၊

ဒါပေမယ့် အဲဒီနေ့က မန်နေဂျာကြီး ဦးလေးဖိုးက ကျွန်တော့် မိဘနေရာကနေပြီး နေ့ချင်းပြီး လက်ထပ်စာချုပ် လုပ်လိုက်ကြပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



မောင်ခင်းခေါင်နဲ့ မခင်ညိုတို့ရဲ့ တရားဝင်လက်ထပ်ပွဲလေးကို အကျဉ်းချုံ့ပြီးသွားပါတယ်။

နောက်မှ နိုင်ငံကောင်းရက်သာရွေးပြီး မင်္ဂလာဆောင်မယ်လို့ ခင်ညို့မိဘများကို ပြောထားလိုက်ပါတယ်။

ခင်ညိုနဲ့ ကျွန်တော် အကြင်လင်မယား ဖြစ်သွားတဲ့အခါ မောင်နှမလို နေပါမယ်ဆိုတဲ့ကတိ ပျက်သွားတယ်။

ခင်ညိုရဲ့ ကြီးမားတဲ့မေတ္တာစွမ်းအားကို ကျွန်တော် မကျော်ဖြတ်နိုင်ဘူး။

ခင်ညိုနဲ့တွေ့မှ အချစ်ဆိုတာ ကျွန်တော် သိလာလာရပါပြီ။

တစ်ချိန်က အချစ်လို့ထင်ခဲ့မိတာ အထိအတွေ့အပေါ် သာယာမိတဲ့ ရာဂတဏှာဆိုတာလည်း သိလိုက်ပါတယ်။

နှလုံးစိတ်ဝမ်း အေးချမ်းစရာအချစ်ဆိုတာ တွေ့ရချိန်မှာကျွန်တော်ဟာ စိတ်ဝမ်းနှလုံး လောင်ကျွမ်းနေတဲ့အချိန်ရောက်နေပါပြီ။

ကိုယ်ပြုခဲ့သမျှကို ပြန်လည်ခံစားမှုမှာကြောက်ခြင်း မဟုတ်သော်လည်း ခင်ညိုနဲ့ခွဲခွာရမှာ ကြောက်နေပြီ။

ဒါပေမယ့် ကျွန်တော်ကျူးလွန်ခဲ့တဲ့အမှုတာ ပိုရှိတဲ့အတွက်ပုလိပ်အဖွဲ့က သံသယမဝင်ဘူးလို့ သိထားရပေမယ့် စိတ်အိုင်ဗီက



အင်စပက်တော် မောင်သံခိပ်နဲ့တွေ့မှ မကောင်းမှုမှန်သမျှ ဆိတ်ကွယ်ရာမရှိဘူးဆိုတာ သဘောပေါက်လိုက်ပါပြီ။

ကျွန်တော်ပြုခဲ့တဲ့အမှားကို ခံယူဖို့အသင့်ပါပဲ။ ကျွန်တော်ကိုယ်တိုင်လည်း ဓိအပြစ်ဒဏ်ခံယူချင်နေတာပါ။

မဟုတ်ရင် စက္ကန့်နှင့်အမျှ အရိပ်မည်းကြီးခြောက်လှန့်ခံနေရတဲ့ စိတ်ရောဂါဖြစ်နေရတယ်။

ဖမ်းမမိတောင်မှ ကျွန်တော်ဟာ ဟန်ဆောင်တာ မဟုတ်ဘဲတကယ် ရူးသွပ်သွားနိုင်လို့ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ဖော်ပြခဲ့ပြီးသော အကြောင်းအရာတို့မှာ ကျွန်ုပ်တို့စစ်ဆေးခဲ့သောအမှုမှ တရားခံ မင်းမောင်၏ ဝန်ခံချက်များ ဖြစ်ပါသည်။

ကျွန်ုပ်မှာ အမှုကိုစစ်ဆေးနေရင်း ဒေါသထွက်ခြင်း၊ ဝမ်းနည်းခြင်း၊ သနားခြင်း စသောခံစားမှုများကို ဖြစ်ပေါ်ခံစားခဲ့ရသည်။

အမှုတွဲမှ ထွက်ဆိုချက်များကို လက်ရေးတိုမှတ်တမ်းမှ ပြန်လည်ရေးသားပြီးနောက် တရားခံကိုဖတ်ပြပြီး အတည်ပြုလက်မှတ်ရေးထိုးစေသည်။

ပြီးနောက်....

www.burmeseclassic.com

www.burmeseclassic.com



သုံးထုံးလုပ်နည်းအဆင့်ဆင့်အတိုင်း ရှက်ဆောင်ပြီးနောက် တွင် အင်စပက်တော် မောင်သံခိပ်အား အမှုမှန်ဖော်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးမှု၊ ဆက်စပ် တွေးခေါ်မှုများကို ဆွေးနွေးလျက် နည်းနာယူရပြန်သည်။

'အင်စပက်တော်က ဘယ်လိုကြောင့် တရားခံဟာ ကိုမင်းမောင့်လို့ သိတာလဲ၊ ပြောပြပေးပါဦး'

'ဒါက အမှုအခြေအနေရှိးစင်းလွန်းတဲ့အတွက် သံသယ စဝင်မိတာပါဦး'

'ဘယ်လိုရှိစင်းတာလဲ အင်စပက်တော်'

'ကိုခင်မောင်လေးဆ ဗိုလ်တထောင်ဂါတ်က ပုလိပ်တွေအားလုံးက မြင်ကြားသက်သေတွေ ထွက်ဆိုချက်အရ ထောင်ထွက် စံထွန်းကို တရားခံအဖြစ်သတ်မှတ်လိုက်ကြတယ်လေ'

'ဟုတ်တယ်လေ အင်စပက်တော်၊ ပဲခူးပုလိပ်ကလဲ စံထွန်းလို့မဲ 'ယူဆလိုက်တာပဲလေ'.

'ဗီဆောက်ရှိးစင်းပြီး တရားခံက ထင်ရှားနေတော့ ကျွန်တော်လဲ ယေဘုယျအားဖြင့် စံထွန်းကို တရားခံလို့ သတ်မှတ်လိုက်တာပါပဲ....

'ဒါပေမယ့် အမှန်တကယ် ဖြစ်မှုကျူးလွန်သူဟာ ဒေါ်သာ အလျောက် ကျူးလွန်တာကလွဲရင် တရားခံဘယ်သူမှပါလို့ ထ



ရှားအောင် ကျူးလွန်ပါမလားဆိုတဲ့သံသယနဲ့ အမှုကို အစကနေ ပြန်တည်ဆောက်ကြည့်တာပါ'

'ဘယ်လိုတည်ဆောက်တာလဲ အင်စပက်တာ'

'မှုခင်းဖြစ်တဲ့ နဂါးဟိုတယ်က အခန်းထဲမှာရှိတဲ့ ပစ္စည်းတွေကို သိမ်းယူပြီး ကျွန်တော် လက်ဗွေတွေ ရှာယူတယ်လေ....

'သေသူရဲ့ လက်ဗွေရယ် လူသတ်သမားရဲ့ လက်ဗွေရယ် ရလိုက်တယ်....

'သေသူရဲ့ လက်ဗွေက မှန်နေပြီး လူသတ်သမားရဲ့လက်ဗွေက စံထွန်းရဲ့လက်ဗွေ မဟုတ်တာကို တွေ့ရတယ်'

'စံထွန်း မဟုတ်တာနဲ့ဘဲ တရားခံ ဘယ်သူလို့ ပြောနိုင်တာလား'

'ဘယ်ဟုတ်မလဲ ဦးရယ်၊ သေသူကို ယာယီအားဖြင့် ဦးမင်းမောင်လို့ သတ်မှတ်ထားရပေမယ့်၊ ဦးမင်းမောင် အစစ်လို့တော့ မသေချာဘူးလို့ ခဏထားရတာပေါ့....

'စံထွန်းသတ်တာ မဟုတ်ဘူးဆိုတာ သေချာပြီးမှ အခြားဖြစ်နိုင်ခြေရှိတာ စဉ်းစားရတော့မှာပေါ့'

'ဘယ်လို စဉ်းစားမိတာလဲ'

'သေသူကို မှုဘည်ထားပြီး ပတ်သက် ဆက်နွယ်သမျှကိုထည့် စဉ်းစားရတာပေါ့....

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် အလောင်းကို စစ်ဆေးတုံးက လည်ပင်းမှာ ထွေးထားတဲ့ ဆံကြိုးကို သတိထားမိခဲ့တယ်လေ....

'ကိုမင်းမောင်တို့ ရာဇဝင်အရ အမြွှာညီအစ်ကို နှစ်ယောက် ကွဲပြားအောင် ဆံသီးနဲ့ ခွဲခြားတယ်ဆိုတာလဲ သိထားတယ်...

'နောက် ပြောင်းပြန်လိုက်ရင် ကိုမင်းမောင်ဟာ ရှုံးကြောင်းကြောင် ဖြစ်ခဲ့ကြောင်း သိရတဲ့အတွက် ဥပဒေလမ်းကြောင်းအရ ပြစ်မှုကျူးလွန်ရင် အပြစ်မရှိနိုင်အောင် ကြိုတင်စီစဉ်တာ ဖြစ်နိုင်တယ်လို့ စဉ်းစားလို့ ရပြန်တယ်....

'ဒီအချက်တွေက တရားခံဟာ ကိုမင်းမောင်လို့ ဖော်ပြနေတာပဲ'

'ဩော်...ဟုတ်ပြီ အင်စပက်တာ၊ ကျွန်တော် ဆက်စပ်မိပြီ'

'ဒါနဲ့ ကျန်နေတဲ့ မင်းခေါင် အမည်ခံထားတဲ့ ပုဂ္ဂိုလ်ဆီကို ကျွန်တော် ကျောက်ကုန်သည်ဟန်ဆောင်ပြီး သွားခဲ့တယ်...

'ပတ္တမြားလုံးချောကြီးတစ်လုံး သွားရောင်းတာ၊ သူကစိတ် မဝင်စားပေမယ့် လက်ခံပြီး စကားပြောပါတယ်...

'အရောင်းအဝယ် မဖြစ်ဘူး၊ ဒါပေမယ့် ကျွန်တော် လိုချင်တဲ့ လက်ဗွေကိုတော့ရလိုက်တယ်'

'အဲဒီလက်ဗွေကြောင့် ကိုမင်းမောင်ဆိုတာ သိတာလား'

'ဟုတ်တယ်ဦး၊ ကျွန်တော်တို့ လက်မှတ်ဌာနမှာ သူတို့ညီအစ်ကိုမှတ်တမ်း မရှိပေမယ့်၊ ကုန်သည်ကြီးများအသင်းရဲ့ စာချုပ်တစ်ခုမှာ ကိုမင်းမောင်ရဲ့ လက်ဗွေရှိထားတယ်....



'ကျွန်တော်ရလာကဲ့ လက်ဗွေက ကိုမင်းမောင်ရဲ့ လက်ဗွေ ဖြစ်ကြောင်း တွေ့ရလို့ သေသူဟာ ကိုမင်းခေါင် ဖြစ်ကြောင်း ကျွန်တော်သိတာပဲ'

'အင်စပက်တာ ရှင်းပြတော့လဲ အလွယ်လေးပါလား....'

'ဒါပေမယ့် အမှုလိုက်တဲ့ကာလတုန်းကတော့ အင်စပက်တာ မှားနေပြီလို့ ကျွန်တော် ထင်ခဲ့မိတယ်'

'ဦးကလဲ ကိုခင်မောင်လေးတို့လို ရှင်းနေတဲ့အမှုလို့ ထင်ထားတာကိုး....

'အမှန်မှာ ပြစ်မှုကျူးလွန်သူက ကျွန်တော်တို့ ပုလိပ်တွေ ရေလိုက်လွဲအောင် စနစ်တကျလုပ်ထားတာလေ....

'သူချထားတဲ့ လမ်းကြောင်းအတိုင်း လိုက်သွားမယ်ဆိုရင် တရားခံဟာ လွတ်နေဦးမှာပေါ့...

'ဒါကြောင့် ကျွန်တော်က ကိုယ့်လမ်းကြောင်းနဲ့ကိုယ်အသစ် ထွင်သွားတာပေါ့'

'ဒါကြောင့်လည်း အင်စပက်တာ နာမည် စကော့တလန်ယာဒ်အထိ ကျော်တာပဲ၊ တော်လို့လဲ ကျော်တာပေါ့'

'ဒီလောက်လဲ မဟုတ်ပါဘူး ဦးရယ်၊ လွယ်ကူတဲ့ အမှုမို့ လွယ်လွယ်ဖော်ထုတ်နိုင်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



ဂုဏ်ယူဝင့်ကြွားလိုသော မာနမရှိသည့် အင်စပက်တာ မောင်သိန်းပ်မှာ ကျွန်ုပ်၏ ချီးကျူးစကားကို ပယ်ထုတ်ပြီးထွက်ခွာသွားသဖြင့် ကျွန်ုပ်မှာ သူ့အားကြည့်ပြီး ပြုံးမိသည်။

ဤအမှုနှင့်ပတ်သက်၍ သူက ဂုဏ်မယူသော်လည်း ကျွန်ုပ်မှာ မိမိကိုယ်တိုင် ဖော်ထုတ်လာသကဲ့သို့ ဝမ်းမြောက် ဝမ်းသာနှင့် ဂုဏ်ယူစွာ ပြောနေမိကြောင်း တွေးမိပြီး ကျွန်ုပ်နှင့် အင်စပက်တာ မောင်သိန်းပ် ကွာခြားလှပုံကို မြင်လျက် ကိုယ့်အားနည်းချက်ကို ကိုယ်ပြန်မြင်ရပါတော့သည်။

ပြီးပါပြီ

သူရိန်ဆွေ

www.burmeseclassic.com